# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၀၃)


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဓမ္မပဒ (ဓမ္မပဒ - ၁၂၉)

# ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကျင်းပ




ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားကလေးငယ်များက ငြိမ်းချမ်းရေးအထိမ်းအမှတ် ချိုးဖြူငှက်များ လွှတ်ပေးကြစဉ် (သတင်းစဉ်)

**တောင်ကြီး မေ ၂၃**

ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမရှေ့၌ ယနေ့နံနက် ၉ နာရီတွင် စတင်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်သန်းငွေတို့က ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းရင်းသားကလေးငယ်များက ငြိမ်းချမ်းရေးအထိမ်းအမှတ် ချိုးဖြူငှက်များ လွှတ်ပေးကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

## ထူးခြားသည့်နေ့အပူချိန်များ

၂၃-၅-၂၀၁၇

| | |
|---|---|
| ဘော်လခဲမြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| ဟသ်္သာတမြို့ | ၃၇ ဒီဂရီစင်တီဂရိတ် |
| ပုသိမ်မြို့ | ၃၇ ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃-၅-၂၀၁၇

| | |
|---|---|
| စစ်ကိုင်းမြို့ | ၂ ဒသမ ၆၆ လက်မ |
| မောင်တောမြို့ | ၁ ဒသမ ၆၂ လက်မ |
| မြောက်ဦးမြို့ | ၁ ဒသမ ၃၈ လက်မ |
| မချမ်းဘောမြို့ | ၁ ဒသမ ၃၄ လက်မ |
| လွိုင်လင်မြို့ | ၁ဒသမ ၃၄ လက်မ |
| ကျောက်တော်မြို့ | ၁ ဒသမ ၃၀ လက်မ |
| အမရပူရမြို့ | ၁ ဒသမ ၁၆ လက်မ |
| မိုင်းဆတ်မြို့ | ၀ ဒသမ ၉၁ လက်မ |
| ပလက်ဝမြို့ | ၀ ဒသမ ၉၁ လက်မ |
| တီးတိန်မြို့ | ၀ ဒသမ ၉၁ လက်မ |

## တနင်္သာရီမြို့နယ် သဘော့လိပ်ကျေးရွာတွင် အိမ်သစ်တက်အလှူပွဲ၌ အစာအဆိပ်သင့်မှုဖြစ်ပွား

*စာမျက်နှာ - ၁၂*



## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဩစတြီးယားနိုင်ငံ တပ်မတော် စစ်သမိုင်းပြတိုက်၌ ကြည့်ရှုလေ့လာ

*စာမျက်နှာ - ၃*

## အမေရိကန် လေယာဉ်တင် သင်္ဘောကို တိုက်ရန် အသင့်ဖြစ်နေကြောင်း မြောက်ကိုရီးယား ပြောကြား

*စာမျက်နှာ - ၁၀*


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# လှုပ်ရှားသက်ဝင်နေသော ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး ကျင်းပမည့်ကိစ္စအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပြန်လည်သုံးသပ်မည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဟု သိရသည်။

NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံရေးဆိုင်ရာနှင့် စစ်ဘက်ဆိုင်ရာကိစ္စများအားလုံး အကျုံးဝင်ပါသည်။ စစ်ဘက်ဆိုင်ရာနှင့်ပတ်သက်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ရှိပြီး နိုင်ငံရေးဆိုင်ရာအနေနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ရှိသည်။ ထိုကော်မတီမှတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်းအဆင့်များသို့ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပေသည်။

ယခု ၂၄ ရက်နေ့ အစည်းအဝေးတွင် UPDJC နှင့် JMC တို့ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များ၊ လုပ်ငန်းစဉ်အတွင်း မဖြေရှင်းနိုင်ခဲ့သည့် ပြဿနာများအား NCA အကောင်အထည်ဖော်မှုလုပ်ငန်းဆိုင်ရာ အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုသွားကြမည်ဖြစ်သည်။ NCA စာချုပ်အရပြောလျှင် အခန်းပေါင်း ၇ ခန်း အပိုဒ်ပေါင်း ၃၃ ပိုဒ်ပါဝင်ပြီး အချက်အလက်များကို လေ့လာလျှင် နိုင်ငံရေးဆိုင်ရာအချက်အလက် ၃၅ ခု၊ စစ်ဘက်ဆိုင်ရာအချက်အလက် ၅၅ ခုနှင့် လူမှုစီးပွားဘဝနှင့်ပတ်သက်သော အချက်အလက် ၂၃ ချက် ပါဝင်ပါသည်။ ထို့ကြောင့် NCA စာချုပ်ကို လိုက်ပါအကောင်အထည်ဖော်ခြင်းသည် နိုင်ငံရေး၊ စစ်ရေး၊ လူမှုစီးပွားဘဝဆိုင်ရာဘက်အားလုံးအတွက် အမြင်ဖလှယ်ဆွေးနွေးသည့်သဘောဖြစ်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို ရှေ့သို့တစ်ဆင့်တိုးသွားစေနိုင်ခြင်းပင်ဖြစ်သည်။

၂၄ ရက်နေ့ အစည်းအဝေးပြီးလျှင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဒုတိယပင်လုံအစည်းအဝေးကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို မေလ ၂၆ ရက်နေ့တွင် ပြုလုပ်သွားရန်ရှိသည်ဟုလည်း သိရသည်။ ထိုအစည်းအဝေးများတွင် (၂၁) ရာစုပင်လုံသို့ တင်သွင်းရန်အတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ ရလဒ်များကိုလည်း စုစည်းသွားရန်အစီအစဉ်များ ပါဝင်နိုင်သည်။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုးအလိုက် ဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများက ခေါ်ဆိုခွင့်ရှိပြီး ဒေသအလိုက်ကို အစိုးရကလည်းကောင်း၊ အကြောင်းအရာအလိုက်ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများကလည်းကောင်း ခေါ်ယူနိုင်ခွင့်ရှိသည်။ ယခုအချိန်အထိ လူမျိုးအလိုက် (ကရင်) (ပအိုဝ်း) (ချင်း) နှင့် ဒေသအလိုက်ကို တနင်္သာရီ၊ ပဲခူးတို့တွင် ကျင်းပပြီးဖြစ်သည်။ အကြောင်းအရာအလိုက်ဆွေးနွေးပွဲများကို အရပ်ဘက်အဖွဲ့အစည်းများမှ အဆင့်ဆင့်ကျင်းပနေဆဲဖြစ်သည်။

ယခုရက်ပိုင်းအတွင်း ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ရှမ်းပြည်နယ်) ပြုလုပ်လျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ရှမ်းပြည်နယ်ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှု လုံလောက်စွာမရခဲ့ဟူသော ဝေဖန်မှုများရှိသော်လည်း အခြေခံကျသော အချက်များကို ခြုံငုံ၍ တင်ပြနိုင်ကြမည်ဟု ယူဆရပါသည်။ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့အတွက် လူမျိုးအလိုက်ဆွေးနွေးပွဲများကျင်းပရန် တင်ပြပြင်ဆင်မှုများလည်းရှိနေရာ ဒုတိယပင်လုံကျင်းပနိုင်မည့် မေလနောက်ဆုံးပတ်များအတွင်း အဆင်ပြေမှုရှိ မရှိကို စောင့်ကြည့်ရမည်ဖြစ်ပါသည်။

NCA စာချုပ်အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ခြောက်လတစ်ကြိမ်ကျင်းပရမည်ဖြစ်ရာ ယခုပြင်ဆင်မှုများအရ မေလ နောက်ဆုံးပတ်များတွင် ကျင်းပနိုင်မည်ဟု ယူဆရပါသည်။ ယခုအစိုးရ လက်ထက်တွင် ဒုတိယအကြိမ်မြောက်ကျင်းပသော (၂၁) ရာစုပင်လုံတွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့ကြသော နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝသယံဇာတစသည့် ကိစ္စများကို တင်သွင်းကြမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဆင့်တိုင်းတွင် ကောင်းမွန်သောရလဒ်များ ချမှတ်၍ တစ်ဆင့်ချင်းတည်ဆောက်သွားသော (Progressine Realization) လုပ်ငန်းစဉ်အရ ယခု (၂၁) ရာစုပင်လုံတွင်လည်း အနိမ့်ဆုံးသဘောတူညီချက်များ ချမှတ်နိုင်ရန် လိုအပ်ပါသည်။ ထိုဖြစ်စဉ်အတွက် အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားသွန်ခွန်စိုက်ကြိုးပမ်းကြမည်ဟု ယုံကြည်ပါကြောင်း တင်ပြရပါသည်။ ။

# ( ၉၆)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူရှင်တော်မြတ်ဘုရားများ ဒေသစာရီအပူဇော်ခံပွဲကျင်းပ

**ခရမ်း မေ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပုညကုသလအသင်းကြီးက ကြီးမှူးကျင်းပသည့် (၉၆) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့နယ်အတွင်း ဘေးအန္တရာယ်အပေါင်း




ကင်းဝေးစေရေး ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံပွဲကို မေ ၂၂ ရက် ညနေ ၃ နာရီက ခရမ်းမြို့ပုညကုသလအသင်း မြို့လယ်ဓမ္မာရုံရှေ့၌ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှတိုး၊ ဦးသိန်းဇော်လတ်နှင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အသီးသီးမှဘုရားပင့်အဖွဲ့များ၊ အတီးအမှုတ်အကအခုန်များ၊ စည်တော်ဝင်းခင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ ဖွင့်ပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း ပုညကုသလအသင်း ဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံခဲ့ကြကြောင်း သိရသည်။

အဆိုပါ လှည့်လည်အပူဇော်ခံပွဲကို သင်္ကြန်အတက်နေ့နှင့် မြန်မာနှစ်ဆန်း ၁ ရက်နေ့တိုင်း နှစ်စဉ်အပူဇော်ခံလှည့်လည်ခဲ့သော်လည်း ယခုနှစ်တွင် မုန်တိုင်းအရှိန်ကြောင့် နောက်ကြရခြင်းဖြစ်ကြောင်း မြို့နယ် ပုညကုသ လအသင်းကြီးထံမှ သိရသည်။

**ကိုမင်း( ခရမ်း )**

# မိုးလေဝသအခြေအနေ

**နေပြည်တော် မေ ၂၃**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ယနေ့ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ယနေ့ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

# မီးဘေးကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုဆောင်ရွက်

**ရန်ကုန် မေ ၂၃**



ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် (၁၂) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှမြင့်နှင့် ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးအေးရွှေတို့ ဦးဆောင်သော စေတနာဝန်ထမ်းများက အရှည်ပေ ၅၀ မီးသတ်ပိုက် သုံးလိပ်နှင့် နော်ဇယ်ခေါင်းပါ အသေးစား မီးငြိမ်းသတ်စက်တစ်လုံး၊ မီးသတ်ဆေးဘူး ၁၀ ဘူး၊ တန်ဖိုးငွေကျပ်သိန်း ၄၀ အကုန်အကျခံ၍ နွေရာသီ မီးဘေးကယ်ဆယ်ရေး အထောက်အကူပြု ပစ္စည်းများကို ယနေ့ နံနက်က (၁၂) ရပ်ကွက် မာလာရုံလမ်းရှိ ရေဂါလန် ၂၅၀၀ ဆံ့ ရေလှောင်ကန်အနီးတွင် စုဆောင်းပြင်ဆင်ထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၃-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၆၀/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၇၀/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၂ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၅၄၉ | ・၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၆ | ・၆၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ | ・၂၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ・၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၆ | ・၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ | ・၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## ငြိမ်းချမ်းရေးရရှိဖို့ စေတနာအမှန်နဲ့ ကြိုးစား

**ဒီနေ့အချိန်အခါဟာ အတိတ်သမိုင်းက မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီးတော့ ရေရှည်တည်တံ့မယ့်၊ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက စိတ်ရင်းမှန်နဲ့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် အချိန်အခါလည်း ဖြစ်ပါတယ်။ ဒီအချိန်အခါမျိုးမှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိဖို့ စိတ်ရင်းစေတနာအမှန်နဲ့ ကြိုးစားကြမှသာ ပဋိပက္ခနွံကနေ ရုန်းထွက်နိုင်မှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၀-၁-၂၀၁၇ ရက်နေ့တွင် ပေးပို့သော (၆၉) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

## စီးပွားရေးမူဝါဒကို အခြေခံ

**ကျွန်မတို့နိုင်ငံရေးအရ သွားနေတဲ့လမ်းဟာ စီးပွားရေးအရ သွားနေတဲ့လမ်းနဲ့ လိုက်လျောညီထွေရှိရမှာဖြစ်ပါတယ်။ စီးပွားရေးမူဝါဒကို အခြေခံတဲ့ အခြေခံအုတ်မြစ်တွေထဲမှာ အရေးအကြီးဆုံးတစ်ခုဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး မရရှိဘဲ ရှေ့ဆက်သွားလို့ မရနိုင်ပါဘူး။**

(နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဇူလိုင် ၂၉ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒများ ရှင်းလင်းပြောကြားခြင်းအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဩစတြီးယားနိုင်ငံ တပ်မတော်စစ်သမိုင်းပြတိုက်၌ ကြည့်ရှုလေ့လာ

**နေပြည်တော် ဧပြီ ၂၃**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် ဧပြီ ၂၂ရက် ဒေသစံတော်ချိန် ညနေ ၆နာရီ ၄၅ မိနစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့သို့ရောက်ရှိရာ ဗီယင်နာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးစံလွင်နှင့်ဇနီး၊ သံရုံးမိသားစုများနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဗီယင်နာမြို့ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ဩစတြီးယားတပ်မတော်စစ်သမိုင်းပြတိုက် (Austria Army Museum) အား ၁၈၅၀ ပြည့်နှစ် ဧပြီ ၁၅ ရက်က တည်ဆောက်ခဲ့ပြီး ၁၈၅၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြတိုက်တွင် ၁၉ ရာစုအလယ် ၁၈၆၇ ခုနှစ်ခန့်မှစ၍ ဩစတြီးယားအင်ပါယာ၏ စစ်သမိုင်းဆိုင်ရာအချက်အလက်များ၊ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်အပါအဝင် ဩစတြီးယား နိုင်ငံအနေဖြင့် ပါဝင်ခဲ့သည့်စစ်ပွဲများအား ခန်းမများခွဲခြား၍ ခင်းကျင်းပြသထားရှိသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ရောက်ရှိပြီး သံရုံးမိသားစုများနှင့် တွေ့ဆုံသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးမိသားစုများနှင့် ဆေးဘက်ဆိုင်ရာသင်တန်းများသို့ တက်ရောက်လျက်ရှိသည့် သင်တန်းသူများက လက်ခံကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား သံရုံးမိသားစုများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဩစတြီးယားနိုင်ငံ တပ်မတော်စစ်သမိုင်းပြတိုက်၌ ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)

## ကမာရွတ်မြို့နယ်၌ သက်ငယ်မုဒိမ်းမှု အသိပညာပေးဟောပြော



**ရန်ကုန် ဧပြီ ၂၃**

ကမာရွတ်မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် မှုခင်းအသိပညာပေးဆွေးနွေးဟောပြောပွဲကို ဧပြီ ၂၃ ရက် ညနေ ၅ နာရီက ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက်အတွင်းရှိ အောင်ချမ်းသာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်က မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သောမုဒိမ်းမှုများတွင် သက်ငယ်မုဒိမ်းမှုများနှင့် အခြားအမှုများအကြောင်း၊ ကျူးလွန်ခံရသည့် အသက်အပိုင်းအခြား၊ ကျူးလွန်ခံရသူတို့နှင့် ဆွေမျိုးတော်စပ်မှုအခြေအနေ၊ ဖြစ်ပွားသည့် အချိန်နှင့်နေရာ၊ ဖြစ်ပွားသည့် အကြောင်းအရင်း၊ အုပ်ထိန်းသူမိဘများအနေဖြင့် သတိပြုရမည့်အကြောင်းများနှင့် ရဲတပ်ဖွဲ့၏ အကြံပြုချက်များကို ရပ်ကွက်နေပြည်သူများအား အသိပညာပေးဆွေးနွေးခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ - ထင်ပေါ်ဝင်း(ကမာရွတ်)**

## ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၃**

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်တို့ကို ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ကျင်းပမည်ဖြစ်ရာ စာတမ်းဖတ်ပွဲတွင် ဘာသာပြန်စာတမ်း ၁၅ စောင် ဖတ်ကြားမည်ဖြစ်ပြီး နွေရာသီစာအုပ်ဈေးရောင်းပွဲတော်တွင် စာအုပ်ဆိုင်ခန်းပေါင်း ၁၄၀ ကျော် ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# သဘာဝဘေးတုံ့ပြန်မှုအဆင်သင့်ဖြစ်ရေး ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်သူနှင့် ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၂၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ဖျာပုံခရိုင် ဘိုကလေးမြို့နှင့် ဖျာပုံမြို့နယ် ကျုံကန်ကျေးရွာတို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် သဘာဝဘေးရင်ဆိုင်တုံ့ပြန်ရန် အဆင်သင့်ဖြစ်စေရေး ရပ်ကွက်၊ ကျေးရွာရှိပြည်သူလူထုနှင့်တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရှင်များ၏လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာ့နိုင်ငံ ၁၇၁ နိုင်ငံတွင် သဘာဝဘေးဖြစ်ပွားမှု၌ မြန်မာနိုင်ငံသည် ဖြစ်ပွားမှုအများဆုံးအလိုက် အဆင့် ၄၂ တွင်ရှိပြီး သဘာဝဘေး ရင်ဆိုင်တုံ့ပြန်ရန် အဆင်သင့်ဖြစ်မှုတွင် အဆင်သင့်မဖြစ်ခြင်း အဆင့် ၁၅ တွင် ရှိပါကြောင်း၊ ယေဘုယျအားဖြင့် ဆိုရသော် သဘာဝဘေးဖြစ်ပွားမှုများပြားပြီး ရင်ဆိုင်တုံ့ပြန်နိုင်ရန် အဆင်သင့်ဖြစ်မှု လိုအပ်နေသည်မှာ ထင်ရှားပါကြောင်း၊ ယင်းအခြေအနေများသည် နိုင်ငံတစ်နိုင်ငံ၏ လမ်းတံတားအဆောက်အအုံများကြံ့ခိုင်မှုအခြေအနေ၊ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း၊ ပို့ဆောင်မှု၊ လုံခြုံမှုမရှိခြင်းနှင့် ဆက်သွယ်ရေးစနစ်လိုအပ်မှုများ၊ လျှပ်စစ်စွမ်းအင်သုံးစွဲမှု မလုံလောက်ခြင်းစသည့် အချက်များပေါ်တွင် မူတည်သည်ကို လေ့လာတွေ့ရှိရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သဘာဝဘေးကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အဆင်သင့်ဖြစ်ရေးဆောင်ရွက်ရာတွင် အစိုးရအဖွဲ့သစ်အနေဖြင့် အဓိကကျသော လမ်းတံတားကြံ့ခိုင်ရေး၊ ပို့ဆောင်မှုများကောင်းမွန်ရေး၊ ဆက်သွယ်မှုများ တိုးတက်ရေးနှင့် လျှပ်စစ်စွမ်းအင် ပိုမိုအသုံးချနိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုအပိုင်းကို အဓိကထား ဆောင်ရွက်လျက်ရှိရာ လိုအပ်သောနေရာတိုင်းတွင် လုံခြုံစိတ်ချရသည့် အရေးပေါ်ခိုလှုံရာဘက်စုံသုံးအဆောက်အအုံများကို ဖြည့်ဆည်းတည်ဆောက်နိုင်ရေး၊ အလျင်အမြန်ထိရောက်သော တုံ့ပြန်မှုပြုနိုင်ရန် ဘေးအန္တရာယ်ပူးပေါင်းကူညီရေးတပ်ဖွဲ့ကို အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဖွဲ့စည်းပြီး တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပူးပေါင်းကာ သဘာဝဘေးတုံ့ပြန်ရန် အဆင်သင့်ဖြစ်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ထိုကဲ့သို့ အဆင်သင့်ဖြစ်ရေး အကောင်အထည်ဖော်ရာတွင် ပြည်သူ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း၊ ပြည်သူနှင့်အတူ ပြည်သူ၏ လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် ပြည်သူများ၏တင်ပြချက်များဖြစ်သော ဘိုကလေးမြို့နယ် ညောင်ပိတ်ကျေးရွာတွင် Cyclone Shelter တစ်လုံး ဆောက်လုပ်ရန် ငွေကျပ် ၁၂၉၅ ဒသမ ၈သိန်း၊ သောက်သုံးရေခက်ခဲသော ချောင်းပြဲကြီးကျေးရွာတွင် အဝီစိတွင်းတစ်တွင်း တူးဖော်ရန် ငွေကျပ် ၂၅သိန်း၊ ဖျာပုံမြို့နယ် လက်ပံအုပ်စု မယ်လေးရိုးကျေးရွာနှင့် ဘဝသစ်အုပ်စု ကံကြီးဘလေးကုန်းကျေးရွာတွင် မြေသားသောက်ရေကန်နှစ်ကန် တူးဖော်ရန် ငွေကျပ်သိန်း ၅၀၊ ဇင်းဘောင်အုပ်စု ကျုံကန်ရွာတွင် ကျောင်းသားများ သွားလာမှုလွယ်ကူစေရေး ကွန်ကရစ်လမ်းခင်းရန် ငွေကျပ် ၁၂ သိန်း၊ ဂေါ်ဒူကျေးရွာတွင် School Cum Shelter တစ်လုံးဆောက်လုပ်ရန် ငွေကျပ် ၁၂၉၅ ဒသမ ၈ သိန်း၊ လက်ပံအုပ်စု ကျုံကန်ရွာ၌ မြေသားသောက်ရေကန် တူးဖော်ရန်နှင့် ခြံစည်းရိုးကာရံရန် ငွေကျပ် ၇၂ သိန်း၊ ဒေးဒရဲမြို့နယ် နေရောင်ကာကျေးရွာ၌ မြေသားသောက်ရေကန် တူးဖော်ရန်နှင့် ခြံစည်းရိုးကာရံရန် ငွေကျပ် ၇၂ သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဖျာပုံမြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘိုးအဘွား ၃၁ ဦးအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အဝတ်အထည်များလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးရွာချင်းဆက်တံတားဖွင့်ပွဲ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေး

**ဖြူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူး၊ ဘန်းလောင်ကျေးရွာအုပ်စုနှင့် ကင်မွန်းခြုံကျေးရွာအုပ်စုတို့သို့ ဆက်သွယ်သော ကင်မွန်းခြုံကျေးရွာ၊ လှသင်းမောင်ရွာနှင့် မကျီးကုန်းလမ်းပိုင်းရှိ ဦးဖိုးပိန်တံတားနှင့် ကင်မွန်းခြုံ ထောက်ကြန့်ကွင်း၊ လက်ပံတန်းလမ်းပိုင်းရှိ ဒေါ်လှကြည်တံတားဖွင့်ပွဲကို မေ ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါတံတားထိပ်ယာယီမဏ္ဍပ်၌ ကျင်းပသည်။

တံတားဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဖြူးမြို့နယ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးသန်းညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ ဒေါ်နွယ်နီဝင်း၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ ကျေးလက်ပြည်သူများ ၂၀၀ ကျော်ခန့် တက်ရောက်ကြသည်။

အဆိုပါ တံတားနှစ်စင်းဖြစ်သည့် မကျီးကုန်းကျေးရွာနှင့် လှသင်းမောင်တံတားမှာ သံကူကွန်ကရစ် တံတားဖြစ်ကာ အရှည် ၁၄ ပေ၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၆ ပေဖြစ်၍ ထောက်ကြန့်ကွင်းရွာနှင့် လက်ပံတန်းရွာကျေးရွာချင်းဆက်တံတားဖြစ်ပြီး တံတားအမျိုးအစားများမှာ သံကူကွန်ကရစ် တံတားနှစ်စင်းဖြစ်သည်။ အလှူရှင် ရန်ကုန်မြို့နေ ဦးမောင်မွှေးနှင့် ဇနီး ဒေါ်သိမ့်သန္တာထူး မိသားစုက တံတားတစ်စင်းကို ငွေကျပ်သိန်း ၁၀၀ စီ အကုန်အကျခံဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

တံတားဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် လက်ပံတန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လက်ပံတန်းရွာ၊ လှသင်းမောင်ရွာ၊ လိပ်ဥကွင်းရွာ၊ ဘန်းလောင်ရွာများမှ ကျေးလက်ပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျေးလက်နေပြည်သူများ တင်ပြကြသော လိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**



# လေပြင်းတိုက်ခတ်၍ သစ်ပင်ပိရာမှ အသက်ဆုံးရှုံးသူ၏ မိသားစုထံ ထောက်ပံ့ငွေပေးအပ်

**ပခုက္ကူ မေ ၂၈**

ပခုက္ကူမြို့နယ်၌ မေ ၂၂ ရက် ညနေပိုင်းက တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် လယ်ယာအုပ်စု ဆင်ဖြူကုန်းကျေးရွာအနောက်ဘက် ကားလမ်းပေါ်၌ ထနောင်းပင်လဲကျသဖြင့် ဆိုင်ကယ်စီးလာသူ မောင်ရှိုင်းထက်လင်း ကမ္မမြို့နေသူသစ်ကိုင်းပိမိသဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးမှုဖြစ်ပွားရာ ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက မေ ၂၃ ရက် မွန်းတည့် ၁၂ နာရီက ကျန်ရစ်သူမိသားစုများထံ ထောက်ပံ့ငွေပေးအပ်သည်။



ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးမှူး ဦးနေဝင်း၊ ကမ္မမြို့ မြို့အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အရန်မီးသတ်တို့နှင့်အတူ လေပြင်းတိုက်ခတ်၍ သစ်ပင်ကျိုးကျသဖြင့် အသက်ဆုံးရှုံးသွားခဲ့ရသော ကမ္မမြို့ အမှတ် (၈) ရပ်ကွက်မှ မောင်ရှိုင်းထက်လင်း၏ မိဘများထံသို့ နိုင်ငံတော်မှ ထောက်ပံ့သော ငွေကျပ် ၃၀၀၀၀၀ ကို သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ မြို့ပေါ်ရပ်ကွက်များတွင် လဲကျနေသောသစ်ပင်များအား ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

# ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များအတွက် ရဲဝတ်စုံပိတ်စများနှင့် ခြင်ထောင်ဖြူများပေးအပ်

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က ထုတ်ပေးသည့် ရဲဝတ်စုံပိတ်စများနှင့် ခြင်ထောင်ဖြူများပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေတို့က တိုင်းဒေသကြီးရဲတပ်ဖွဲ့ရှိ (၂/၂၀၁၇) တည်ရှိအင်အား တာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင် ၆၀၀၈ ဦးအတွက် ရဲဝတ်စုံပိတ်စများနှင့် ၃/၂၀၁၇ တည်ရှိအင်အား တာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင် ၅၉၅၈ ဦးအတွက် ခြင်ထောင်ဖြူများကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ရဲအကူတပ်ခွဲများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများမှ တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

အလားတူ ခရိုင်ရဲတပ်ဖွဲ့မှူးများကလည်း သက်ဆိုင်ရာခရိုင်အလိုက် မြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ရဲဝတ်စုံပိတ်စနှင့် ခြင်ထောင်ဖြူများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဟောပြော

**ရန်ကုန် မေ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဟောပြောပွဲကို မေ ၂၃ ရက် ညနေ ၄ နာရီက ဆတ်ကလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက သက်ငယ်မုဒိမ်းမှုများဖြစ်ပွားမှုမရှိစေရေးအတွက် အုပ်ထိန်းသူမိဘများနှင့် ကလေးသူငယ်များ သတိပြုလိုက်နာရန်အချက်များအား အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာကြသော ကျေးရွာနေမိဘပြည်သူများနှင့် ၎င်းတို့၏ ကလေးငယ်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အိသင်းထိုက်(ပြန်/ဆက်)**

*✻ ရှေ့စာမျက်နှာမှ*

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကျင်းပမည့် မြို့တော်ခန်းမအတွင်း နေရာယူကြပြီး ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နှစ်ပေါင်းများစွာကြာမြင့်ခဲ့သော ပဋိပက္ခများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ခဲ့ပြီး အဆိုပါသဘောတူစာချုပ်အရ လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ရေးဆွဲအတည်ပြုခဲ့ပါကြောင်း၊ ယင်းနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိုအခြေခံပြီး ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ နေပြည်တော်၌ အောင်မြင်စွာကျင်းပခဲ့ပါကြောင်း၊ (၂၁)ရာစုပင်လုံညီလာခံကို အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့သည့်အတွက် ဆောင်ရွက်သူများအကြား ယုံကြည်မှုများ ပိုမိုခိုင်မာလာစေခဲ့ပါကြောင်း၊ မတူကွဲပြားသည့် သဘောထားအမြင်များ ရှိခဲ့ကြသော်လည်း (၂၁)ရာစု ပင်လုံညီလာခံကို အောင်မြင်အောင် ဘုံရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း ပြောကြားသည်။

ယနေ့ ကျင်းပသည့် နိုင်ငံရေးဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသနှင့် ခရိုင်အသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံရေးဆိုင်ရာစာတမ်း ၂၆ စောင်၊ စီးပွားရေးဆိုင်ရာစာတမ်း ၂၃ စောင်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာတမ်း ၂၁ စောင် စုစုပေါင်းစာတမ်း အစောင် ၇၀ တင်သွင်းလာခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် တင်သွင်းလာသည့်စာတမ်းများကို စုစည်းပြီး ရှမ်းပြည်နယ်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီက တက္ကသိုလ်များမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများကို စုစည်းပေါင်းစပ်၍ နိုင်ငံရေးဆိုင်ရာစာတမ်း တစ်စောင်၊ စီးပွားရေးဆိုင်ရာ စာတမ်း တစ်စောင်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာတမ်း တစ်စောင် စုစုပေါင်းစာတမ်း(မူကြမ်း) သုံးစောင် ထွက်ပေါ်လာစေရန် သတ်မှတ်မူဘောင်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိစစ်စုစည်း၍ ဆွေးနွေးပွဲ နောက်ဆုံးရက်တွင် ဖတ်ကြားသွားမည်ဖြစ်ပါကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှတစ်ဆင့် ပဋိပက္ခများချုပ်ငြိမ်းရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေး၊ နောင်အနာဂတ် မျိုးဆက်သစ်လူငယ်များ စိတ်ရောကိုယ်ပါ ငြိမ်းချမ်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာနိုင်စေရေး၊ စစ်မှန်သော ငြိမ်းချမ်းရေးဖြစ်စဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးတို့အတွက် အားလုံးယုံကြည်မှုရှိရှိဖြင့် ဆွေးနွေးညှိနှိုင်းပြီး အားလုံးမျှော်လင့်တောင့်တနေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်အဖြစ်သို့ လျင်မြန်စွာရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရှမ်းပြည်နယ်တွင် အရေးကြီးသည့်သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်သည် ပြည်ထောင်စုကြီးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပင်လုံစိတ်ဓာတ်ကို စတင်မွေးဖွားပေးခဲ့သော ဒေသလည်းဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ဘုမိနက်သန်နေရာတစ်ခုဖြစ်ကြောင်း၊ ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးခရီးလမ်းအတွက် ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်သူ/ပြည်နယ်သားများ၏ ခြေလှမ်းတစ်လှမ်းဟုဆိုလျှင် မမှားနိုင်ပါကြောင်း။




ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပစဉ်

ရှမ်းပြည်နယ်သည် ခေတ်အဆက်ဆက် လက်နက်ကိုင်ပဋိပက္ခများကို အများဆုံး ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ စုစည်းပြီးလွတ်လပ်ရေးကို တောင်ပေါ်မြေပြန့် မခွဲခြားဘဲ အတူတကွ ရယူပေးနိုင်ရန် သမိုင်းဝင်ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ကောင်းမွန်သည့် ရေခံ၊ မြေခံ၊သမိုင်းနောက်ခံအရ ရှမ်းပြည်နယ်၏ နိုင်ငံရေးနိုးကြားမှုသည် အရှိန်အဝါကြီးမားပါကြောင်း ပင်လုံစာချုပ်ချုပ်ဆိုပြီး လွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စုညီညွတ်ရေးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်ခြင်းမရှိသည့်အတွက် ယနေ့အထိ စစ်မီးမငြိမ်းသည့် အခြေအနေများဖြစ်ပေါ်လျက်ရှိနေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အမှာစကားပြောကြားပြီး 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးရန်ကျော်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းတို့က အမှာစကားများပြောကြားကြကာ တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲ၏ ပထမနေ့ စာတမ်းဖတ်ကြားခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာစိုင်းအောင်ဆန်း [ပင်လုံတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)] နှင့် အဖွဲ့ဝင်များအဖြစ် ဦးကျော်မိုး [ညွှန်ကြားရေးမှူး(ငြိမ်း) သစ်တောဦးစီးဌာန]၊ ဦးဝင်းမြင့် [အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး(ငြိမ်း)]၊ ဦးခင်သန်း [ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး(ငြိမ်း)]၊ ဒေါက်တာတင်မာကြည် [ပင်လုံတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)] တို့က ဆောင်ရွက်ကြသည်။

ထို့နောက် သဘာပတိ ဒေါက်တာစိုင်းအောင်ဆန်းက အမှာစကားပြောကြားပြီး ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးက ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ဖတ်ကြားမည့် စာတမ်းများနှင့်ပတ်သက်၍ လိုအပ်သည့် အချက်များအား ရှင်းလင်းပြောကြားကာ စာတမ်းများဖတ်ကြားကြသည်။

အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) အဖွဲ့နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပြည်နယ်လွှတ်တော်ရေးရာကော်မတီဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ကြပြီး ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲကို မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# သင်္ကြန်ကာလက တောင်သမန်အင်းအတွင်း ပျက်စီးခဲ့သော သစ်ပင်များအား ပြန်လည်စိုက်ပျိုး

**မန္တလေး မေ ၂၃**

ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားပြီး မန္တလေးမြို့ ကျက်သရေဆောင်သာမက မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် နိုင်ငံတကာမှ လေးစားတန်ဖိုးထားကြသည့် တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့၏ အလှကို ပိုမိုလှပစေရေး၊ ဂေဟစနစ်များ ရေရှည်တည်တံ့ ကောင်းမွန်စေရေးတို့အား ရည်ရွယ်လျက် မန္တလေးမြို့ အခြေစိုက် Natural Green သဘာဝစိမ်းအဖွဲ့မှ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့က တောင်သမန်အလှကို ပိုမိုပေါ်လွင်စေသည့် မယ်ဇယ်ပင် ၁၉ ပင်ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်ဖြစ်ထွန်းရေးအတွက် စဉ်ဆက်မပြတ် ပြုစုစောင့်ရှောက်လျက်ရှိသည်။

သို့ရာတွင် ပြီးခဲ့သည့် သင်္ကြန်ပွဲတော်ကာလက သက်ဆိုင်ရာ တာဝန်ရှိသူများက တောင်သမန်အင်းအတွင်း ဆိုင်ခန်းပေါင်း ၄၀၀ ခန့်ကို ယာယီဖွင့်လှစ်ခွင့်ပြုခဲ့ရာ စည်းကမ်းမဲ့သူများကြောင့် မယ်ဇယ်ပင်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။

"သင်္ကြန်ရက်အတွင်း အများသူငှာအပန်းဖြေဖို့ ဆိုင်ခန်းငှားတာကို မပြောလိုပေမယ့် ဆိုင်ခန်းချထားပေးတဲ့ တာဝန်ရှိသူတွေရဲ့ တာဝန်ယူမှုမရှိသလိုဖြစ်နေပါတယ်။ အင်းထဲမှာတော့ အမှိုက်သရိုက်တွေ၊ ပလတ်စတစ်တွေ၊ အုန်းသီးခွံတွေနဲ့ သရုပ်ပျက်လှပါတယ်။ အဆိုးဆုံးကတော့ မယ်ဇယ်ပင်အခြေမှာ လီတာ ၂၀ ရေသန့်ဘူးကြီးတွေကို အပေါက် အသေးဖောက်ပြီး ရေစိမ့်ကျအောင်လုပ်ထားတဲ့ ဘူးခွံတွေ မရှိတော့တဲ့အပြင် သစ်ပင်တစ်ပင်လုံးကို ပိတောက်ခက်တွေ၊ ချည်ထားတဲ့ ပလတ်စတစ်ကြိုးတွေ၊ ဝိုင်ယာကြိုးတွေ တန်းလန်းနဲ့ ပစ်စလက်ခတ် လုပ်ထားခဲ့တာပါပဲ။ နိုင်ငံခြားသားတွေလည်း အဆက်မပြတ် လာနေကြတာမို့ အင်းကြီးကို အပေါ်ယံဟန်ပြ စီမံကွပ်ကဲမှုတွေလုပ်နေတာ အတော်ရှက်စရာ ကောင်းနေပါတယ်" ဟု သဘာဝစိမ်းအဖွဲ့မှ မခင်မျိုးနွယ်က စိတ်မကောင်းစွာဖြင့် ပြောသည်။

အဆိုပါပျက်စီးသွားသည့် မယ်ဇယ်ပင်များကို မေ ၂၃ ရက် နံနက်ပိုင်းတွင် သဘာဝစိမ်းအဖွဲ့ဝင်များက ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ခဲ့ရာ သေလုဆဲပျက်စီးခဲ့သည့်အပင် ငါးပင်၊ မြေခံယိုင်နဲ့ ပျက်စီးခဲ့သည့် အပင်လေးပင်တို့ကို အမြစ်ဆေး၊ အညွှန့်ဆေး စသည့် အရေးပေါ်ဆေးများ ဖြည့်သွင်းခြင်း၊ ရေလောင်းပေါင်းသင် မြေစာဖို့ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး **(အောက်ပုံ)** တောင်သမန်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူလူထုမှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**မောင်ယဉ်ကျေး**





# တပ်ကုန်းမြို့တွင်းလမ်းဘေးရှိ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**တပ်ကုန်း မေ ၂၃**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရပ်ကွက်နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအပြည့်အဝသုံးစွဲနိုင်ရန် ရည်ရွယ်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာ ဦးအောင်ဇော်ဇော်မျိုး ကြီးကြပ်မှုဖြင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ မြို့တွင်းလမ်းဘေး ၀ဲ/ယာရှိ လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ကိုင်းများကို မေ ၂၃ ရက် နံနက်ပိုင်းက စတင်၍ ခုတ်ထွင်ရှင်းလင်းသည်။ **(အပေါ်ပုံ)**

ထိုသို့ ခုတ်ထွင်ရာတွင် စက်ယန္တရားအသုံးပြု၍ မြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်း၊ အောင်သီဟလမ်း၊ စည်ပင်လမ်းနှင့် ကျန်လမ်းများတွင် လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများ ဆက်လက်ခုတ်ထွင်ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

## ရခိုင်ပြည်နယ် အမ်းမြို့နယ် ဂွဆုံပြင်ကျေးလက်ကျန်းမာရေးဌာနတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုအား ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂၃**

မေ ၁၉ ရက်မှစတင်၍ ရခိုင်ပြည်နယ် အမ်းမြို့နယ် ဂွဆုံပြင်ကျေးလက်ကျန်းမာရေးဌာနအပိုင် ညောင်ချောင်း၊ ဘွေးဝ၊ နေပဆေး၊ ဝင်ဝနှင့် လုံးတုံကျေးရွာ ငါးရွာတို့တွင် လူ ၁၀၀ ကျော်ခန့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့ပြီး နေပဆေးကျေးရွာမှ အသက် (၄၇ နှစ်)အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသဖြင့် မေ ၁၉ ရက်တွင် ဒါးလက်တိုက်နယ်ဆရာဝန် ဒေါက်တာဇော်သန့်အောင် ဦးဆောင်သော ကွင်းဆင်းအဖွဲ့၊ မေ ၂၀ ရက်တွင် အမ်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်အောင်ဝင်း ဦးဆောင်သော ကွင်းဆင်းအဖွဲ့၊ မေ ၂၁ ရက်တွင် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ရောဂါတိုက်ဖျက်ရေး ဆရာဝန်များဖြစ်သည့် ဒေါက်တာစံလင်းနှင့် ဒေါက်တာစိုးဝင်းပိုင်တို့ ဦးဆောင်သော ကွင်းဆင်းအဖွဲ့တို့က ရောဂါဖြစ်ပွားရာကျေးရွာများသို့ ကွင်းဆင်းပြီး ရောဂါဖြစ်ပွားရသည့် အကြောင်းအရင်းအား စုံစမ်းစစ်ဆေးခြင်း၊ လူနာသစ်ရှာဖွေခြင်းနှင့် ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး မေ ၂၃ ရက်တွင် ဆက်သွယ်မေးမြန်းချက်အရ လူနာအားလုံး သက်သာကောင်းမွန်လျက်ရှိကြောင်း ကနဦးသတင်းရရှိသည်။ **(သတင်းစဉ်)**

## စစ်ဘေးရှောင်ပြည်သူများ နေအိမ်အဆောက်အအုံမရှိ အခက်အခဲတွေ့နေ

**မြစ်ကြီးနား မေ ၂၃**

ဝိုင်းမော်မြို့နယ် အမှတ်(၁)ရက်ကွက် ဝိုင်းမော်နယ် လော်ဝေါ်နှစ်ခြင်းအသင်းတော် ဇုန်နယ်ရုံးဝင်းအတွင်း ဖွင့်လှစ်ထားရှိသော ဝိုင်းမော်လော်ဝေါ်ဇုန်နယ် စစ်ဘေးရှောင်စခန်းနေ ပြည်သူများသည် နေအိမ်အဆောက်အအုံမရှိ၍ အခက်အခဲများ တွေ့ကြုံနေရပြီး ဆောက်လုပ်ပေးရန် မျှော်လင့်နေကြောင်း သိရသည်။

"အဓိကက ဒီစစ်ဘေးရှောင်စခန်းမှာ လိုအပ်နေတာက နေအိမ်နဲ့ အဆောက်အအုံပဲ၊ အဆောက်အအုံမရှိတဲ့အတွက်ကြောင့် ၁၀ ပေပတ်လည်လောက်ရှိတဲ့ မိုးကာတဲအတွင်းမှာ မိသားစုတစ်စုလုံး နေထိုင်နေရတယ်။ မိသားစုများရင် ပိုပြီးတော့ အခက်အခဲဖြစ်တယ်"ဟု ဝိုင်းမော်လော်ဝေါ်ဇုန်နယ် စစ်ဘေးရှောင်စခန်းကော်မတီဝင် ဦးဒေါင်ဇယ်က ပြောသည်။

"အဆောက်အအုံမရှိလို့ မိုးကာတဲနဲ့ နေရတဲ့အတွက် ထမင်းဟင်းချက်စရာနေရာအဖြစ် ဒီတဲထဲမှာ လုပ်ကိုင်နေရတဲ့အတွက်ကြောင့် ကျန်းမာရေးထိခိုက်မှုတွေ ရှိလာတယ်။ မိုးကာတဲဖြစ်တဲ့အတွက်ကြောင့် နေပူရင်လည်း အရမ်းပူတယ်၊ မိုးရွာရင်လည်း မိုးကမလုံတော့ တဲထဲမှာနေလို့မရဘူး၊ အလွန်အခက်အခဲဖြစ်တယ်"ဟု ၎င်းကပြောသည်။

အဆိုပါ စစ်ဘေးရှောင်စခန်းကို အစိုးရထိန်းချုပ်နယ်မြေအတွင်းမရှိသော ဗိုင်အောင်စစ်ဘေးရှောင်စခန်းမှ ပြောင်းရွှေ့လာရခြင်းဖြစ်ကြောင်း၊ လက်ရှိ ဝိုင်းမော်လော်ဝေါ်ဇုန်နယ် စစ်ဘေးရှောင်စခန်းတွင် အိမ်ထောင်စု ၂၆ စု၊ လူဦးရေ ၁၁၂ ဦး နေထိုင်လျက်ရှိပြီး ၁၂ နှစ်အောက်ကလေးငယ် ၄၁ ဦး ရှိကြောင်း သိရသည်။



"မိုးကာတဲက ကျဉ်းတော့ မိသားစုလိုက်နေတော့ ကလေးတွေနဲ့ အသက်ကြီးတဲ့ အဘိုး၊ အဘွားတွေ နေမကောင်းဖြစ်ကြတယ်။ အများဆုံးတော့ ကလေးငယ်တွေဟာ ဝမ်းရောဂါဖြစ်တာများတယ်။ အဓိကအကြောင်းအရင်းက အဆောက်အအုံမရှိတဲ့အတွက်ကြောင့် ဖြစ်တယ်"ဟု ၎င်းက ပြောသည်။

"ကျွန်တော်တို့စခန်းကို ဌာနဆိုင်ရာ တာဝန်ရှိတဲ့သူတွေ လာကြည့်တယ်။ လာတဲ့အခါမှာလည်း စခန်းတာဝန်ခံတွေက နေအိမ်အဆောက်အအုံရရှိဖို့အတွက် တင်ပြတယ်၊ နှစ်ခါရှိပြီ။ ယနေ့အချိန်အထိ ကူညီဆောင်ရွက်ပေးတာမရှိသေးဘူး" ဟု ဦးဒေါင်ဇယ်က ပြောသည်။

ယင်းစခန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယင်းစစ်ဘေးရှောင်စခန်းတွင် နေအိမ်အဆောက်အအုံအပါအဝင် ရေတွင်း၊ ရေကန်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အိမ်သာအဆောက်အအုံများ လိုအပ်နေကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ပလက်ဝမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် မီးသတ်အဆောက်အအုံပျက်စီး

**ပလက်ဝ မေ ၂၃**

ချင်းပြည်နယ် ပလက်ဝမြို့၌ မေ ၂၂ ရက် ညနေ ၃ နာရီက အနောက်မြောက်ဘက်မှ ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရှိ မီးသတ်အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် မီးသတ်အဖွဲ့တို့က သွားရောက်ကူညီရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်ကျော် (ပလက်ဝ)**



## နတ်တလင်းမြို့နယ် ဘွတ်တောကျေးရွာဘုန်းကြီးကျောင်း၌ အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်းဆင်းအောင်ပွဲကျင်းပ

**နတ်တလင်း မေ ၂၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ဘွတ်တောကျေးရွာအုပ်စု ဘွတ်တောကျေးရွာဘုန်းကြီးကျောင်းတွင် တတိယအကြိမ် သင်ကြားပို့ချသော ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းဆင်းအောင်ပွဲ အခမ်းအနားကို မေ ၂၃ ရက် ညနေ ၆ နာရီခွဲ က ကျင်းပသည်။

သင်တန်းဆင်းပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဓမ္မစကူးလ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ တံခွန်တိုင်အရှေ့ကျောင်းဆရာတော်နှင့် ပေါင်းတည်မြို့နယ် ပေါ်တော်မူဓမ္မာရုံကျောင်းဆရာတော်တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းပူးတွဲဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးများကို မြွက်ကြားသည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူများ၏ စွမ်းရည်ပြသခြင်း သင်တန်းပြသပေးသော ဆရာ ဆရာမများအား ပူဇော်ကန်တော့ခြင်း၊ သင်တန်းဆင်းလက်မှတ်နှင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အင်းတော်မြို့ ပဋ္ဌိပတ္တိအေးရိပ်သာ တရားစခန်းသိမ်း အောင်ပွဲကျင်းပ

**အင်းတော် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ မြို့မဘုန်းကြီးကျောင်းဝင်းအတွင်းရှိ နှစ်စဉ်ဖွင့်လှစ်သော ပဋ္ဌိပတ္တိအေးရိပ်သာ မဟာစည်တရားစခန်းသိမ်းအောင်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက်ကကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတရားစခန်းကို မေ ၁၃ ရက်က သင်္ကြန်တွင်း ၁၀ ရက် တရားစခန်းဖွင့်လှစ်ခဲ့ရာ ရဟန်းသံဃာ ၁၃ ပါး၊ သီလရှင် ကိုးပါးနှင့် လူပုဂ္ဂိုလ် ၇၈ ဦးတို့ တရားစခန်းဝင်ရောက်တရားအားထုတ်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တပ်ဖွဲ့ဝင်များအား နှစ်သိမ့်အားပေး

**ပုသိမ် မေ ၂၃**

မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှထွန်း (နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုရ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ လူမှုထူးချွန်ဆုတတိယအဆင့်)နှင့် ထိုင်းနိုင်ငံဘုရင်မင်းမြတ်ကြီး၏ ချီးမြှင့်သော ဘွဲ့တံဆိပ်တော်ရ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မေ ၂၂ ရက် ည ၉ နာရီခွဲခန့်တွင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော အမှတ် (၂)ရပ်ကွက် အနော်ရထာလမ်းနေ ကျောင်းကုန်းမြို့နယ် လူမှုကယ်ဆယ်ရေးအဖွဲ့ဝင် မောင်အောင်ကိုကိုဟိန်းအား နှစ်သိမ့်အားပေးစကား ပြောကြားသည်။

အဆိုပါအဖွဲ့ဝင်များသည် မြဝတီမြို့မှ စတင်ထွက်ခွာလာပြီး ပုသိမ်မြို့ကိုးသိန်းအားကစားခန်းမ၌ မေ ၂၄ ရက်တွင် ဒုတိယအကြိမ် နိုင်ငံတကာအဆင့်မီ သဘာဝဘေးအန္တရာယ် လူမှုကယ်ဆယ်ရေးသင်တန်းဖွင့်လှစ်ရန် ပုသိမ်မြို့သို့အသွား ကျောင်းကုန်းပြည်သူ့ဆေးရုံသို့ဝင်ရောက်၍ နှစ်သိမ့်အားပေးစကား ပြောကြားခဲ့ကြပြီး ည ၁၀ နာရီခန့်တွင် ပုသိမ်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



## ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများ ဘေးမဲ့ပေးရန် နှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော မေ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥများနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များ၌ ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥများနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများကို ဖမ်းဆီးခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/ ၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ရေချိုပုစွန်တုပ်များသည် ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံး ရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများအား မေလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေး



**ကျိုက်ထို မေ ၂၃**
ကျိုက်ထိုမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများ၌ စာကြည့်တိုက်များကို ဖွင့်လှစ်၍ ပြည်သူများကို အသိပညာဗဟုသုတများ ဖြန့်ဝေပေးလျက်ရှိရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း မျက်ခြည်မပြတ် ရပ်ကွက်၊ ကျေးရွာများရှိ စာကြည့်တိုက်များ ရှင်သန်ခိုင်မာမှုရှိစေရန် စာကြည့်တိုက်ပညာရပ်များကို ကွင်းဆင်းသင်ကြားပေး၍ မေ ၂၃ ရက် နံနက် ၉ နာရီတွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ် ဦးဆောင်ပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်နှင့် ဝန်ထမ်းများက ကျိုက်ထိုမြို့နယ် ကျွန်းတောကျေးရွာ၌ ဖွင့်လှစ်ထားသည့် ပညာတံခွန်စာကြည့်တိုက်တွင် စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က ယာယီစာကြည့်တိုက်မှူးအစား အမြဲတမ်းစာကြည့်တိုက်မှူး ထားရှိရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးသိန်း၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်ကြီး၊ ရပ်မိရပ်ဖ ဦးအောင်မြင်တို့က စာကြည့်တိုက်ဖွင့်လှစ်ထားရှိသည့်အတွက် မိမိကျေးရွာရှိ လူငယ်အများစုမှာ အချိန်ရတိုင်းစာကြည့်တိုက်တွင် ဗဟုသုတရရှိစေရန် စာအုပ်စာပေများကို လေ့လာခဲ့ကြ၍ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စာမှတ်ပြိုင်ပွဲများတွင် ဆုများရရှိလျက်ရှိကြောင်း၊ ယခုလို ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က မိမိတို့ကျေးရွာစာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် လာရောက်ညွှန်ကြားပေးသည့် အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က စာကြည့်တိုက်တွင် လာရောက်ဖတ်ရှု လေ့လာကြသည့် ပြည်သူများအတွက် သုတရသ စာအုပ်စာစောင်များကို လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်ကြီးက လက်ခံယူခဲ့ကြောင်း သိရသည်။
**ဝင်းမောင်(ကျိုက်ထို)**

# အမြန်လူစီးရထားနှင့် ထော်လာဂျီ တိုက်မှုဖြစ်ပွား

**မော်လမြိုင် မေ ၂၃**
မော်လမြိုင်ဘူတာမှ နေပြည်တော်ဘူတာသို့ စက်ခေါင်းမောင်း ဦးယဉ်မော်ဦး၊ ရထားထိန်း ဦးမြတ်မိုးကျော်တို့ လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ်(၁၈) အစုန် မော်လမြိုင်-နေပြည်တော် အမြန်လူစီးရထားသည် မေ ၂၂ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က တောင်စွန်းဘူတာအဝင် ရထားလမ်းမိုင်တိုင်အမှတ်(၁၀၉/၁၄ မှ ၁၅)တွင် တရားမဝင် လှည်းလမ်းကူးဂိတ်၌ ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာနေ ဦးကျော်စိုးဦးက ထော်လာဂျီယာဉ်ပေါ်၌ အုတ်ခဲများတင်ဆောင်လာပြီး ဖြတ်သန်း မောင်းနှင်စဉ် အမှတ်(၁၈)အစုန် မော်လမြိုင်-နေပြည်တော် အမြန်လူစီးရထားစက်ခေါင်း အမှတ် DF.1641ဖြင့် တိုက်မိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါဖြစ်ပွားသည့်နေရာသို့တောင်စွန်း(ရုံပိုင်ကြီး)နှင့် ဝန်ထမ်းများက သွားရောက် စစ်ဆေးခဲ့ရာ ရထားနှင့် ထော်လာဂျီတိုက်မှုကြောင့် ထော်လာဂျီယာဉ်မောင်းနှင့် ရထားစီးခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ထော်လာဂျီယာဉ်မောင်း ဦးကျော်စိုးဦးကို တောင်စွန်း(ရုံပိုင်ကြီး) ဦးသိန်းထွန်းက တောင်စွန်းနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားသဖြင့် တောင်စွန်းနယ်မြေရဲစခန်းက ဦးကျော်စိုးဦးကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။
**တင်ထွဋ်(မော်လမြိုင်)**




# ကလေးများကစားနိုင်ရန်အတွက် ဒန်းစင်နှင့် လွှဲစင်များ ပေးအပ်လှူဒါန်း

**မိတ္ထီလာ မေ ၂၃**
မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာ အုပ်စု ဇောင်ချမ်းကုန်းတိုးချဲ့ရပ် သန္တိသုခရောင်ခြည်ဦးစာကြည့်တိုက်တွင် ကလေးများ ဆော့ကစားနိုင်ရန်အတွက် ဒန်းစင်နှင့် လွှဲစင်များကို မေ ၂၃ ရက် နံနက် ၁၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင် တပ်ဆင်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ပေးအပ်လှူဒါန်းပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားပြီး စာကြည့်တိုက်အတွက် ဒန်းစင် တစ်စင်နှင့် လွှဲစင် နှစ်စင် ပေးအပ်လှူဒါန်းသည့် အလှူရှင် ဦးညဏ်လှိုင်(ရွှေစင်စတိုး)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းရီက သုတ/ရသစာအုပ်များ ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးစိန်မင်းက ဒန်းစင်နှင့် လွှဲစင်များ လှူဒါန်းသည့် အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။



"အရင်က မွေးနေ့မှာဆိုရင် အခြားပရဟိတနေရာတွေမှာ သွားရောက်လှူဒါန်းတယ်။ ဒီနှစ်မှာ အသက် ၇၂ နှစ်ပြည့်အဖြစ် ဇောင်ချမ်းကုန်းတိုးချဲ့ရပ် သန္တိသုခရောင်ခြည်ဦး စာကြည့်တိုက်မှာ လာရောက်စာဖတ်ကြတာ အများစုက ကလေးတွေဖြစ်တဲ့အတွက် စာဖတ်ရင်း ဆော့ကစားနိုင်ဖို့ ဒန်းစင်တစ်စင်နဲ့ လွှဲစင်နှစ်စင် ပေးအပ်လှူဒါန်းခဲ့သလို ကလေးတွေ အဆင်ပြေ စွာ စာဖတ်နိုင်ဖို့ ကလေးထိုင်ခုံ၊ စားပွဲတွေကိုလည်း ပေးအပ်လှူဒါန်းခဲ့ပါတယ်" ဟု အလှူရှင် ဦးညဏ်လှိုင်က ပြောကြားခဲ့သည်။
**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မော်လမြိုင်ကျွန်းမြို့နယ် ဇီဝိတဒါနအဖွဲ့သို့ ဒေသခံတောင်သူများက နွားများဘေးမဲ့လှူဒါန်း

**မော်လမြိုင်ကျွန်း မေ ၂၃**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဇီဝိတဒါနအဖွဲ့သို့ ကျွဲခြံကျုံလမုကျေးရွာမှ ဒေသခံတောင်သူ မိသားစုများက နွားများ ဘေးမဲ့လှူဒါန်းပွဲကို မေ ၂၂ ရက်က သမ္ဗာသမ္ဗုဒ္ဓမြို့ဦးစေတီတော် တည်ဆောက်ရေးအဖွဲ့ရုံးရှေ့ မဏ္ဍပ်၌ ကျင်းပသည်။

ယင်းဘေးမဲ့လှူဒါန်းသော နွားနှစ်ကောင်ကို မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံကျုံလမုကျေးရွာနေ ဒေသခံတောင်သူ ဦးဝင်းနိုင် မိသားစုက လာရောက်ပေးအပ်လှူဒါန်းရာ မော်လမြိုင်ကျွန်းမြို့နယ် ဇီဝိတဒါနအဖွဲ့မှ အဖွဲ့ဝင် ဦးခင်မောင်ဝင်းနှင့် ဦးမြင့်သိန်းတို့က လက်ခံယူကြသည်။

"ကျွန်တော့်ရဲ့ နွားတွေကို အရင်က လယ်ယာစိုက်ပျိုးရေးမှာ အသုံးပြုခဲ့ပါတယ်၊ အခုတော့ လယ်ယာသုံးစက်ကိရိယာ အစားထိုးဝင်ရောက်လာလို့ ကျေးဇူးရှင်နွားတွေကို လယ်ယာလုပ်ငန်းခွင်က အငြိမ်းအပိုင်အနားပေးပြီး ဘေးမဲ့ပေးလှူဒါန်းတာဖြစ်ပါတယ်" ဟု ကျွဲခြံကျုံလမုကျေးရွာနေ ဒေသခံတောင်သူ ဦးဝင်းနိုင်က ပြောသည်။

"တောင်သူတွေ လာရောက်လှူဒါန်းကြတဲ့ ဘေးမဲ့နွားတွေကို ကျွန်တော်တို့ မြို့နယ် ဇီဝိတဒါနအဖွဲ့ကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံနေပါတယ်။ ဘေးမဲ့နွားတွေကို မြို့ဦးစေတီတော်ဝင်းမှာပဲ ဘေးမဲ့ပေးစောင့်ရှောက်ထိန်းသိမ်းထားပါတယ်" ဟု မြို့နယ်ဇီဝိတဒါနအဖွဲ့မှ အဖွဲ့ဝင် ဦးခင်မောင်သိန်းနှင့် ဦးမြင့်သိန်းတို့က ပြောသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် ဇီဝိတဒါနအဖွဲ့သို့ မြို့နယ်တောင်သူများက နွားများကို ဘေးမဲ့လာရောက်လှူဒါန်းလျက်ရှိရာ ပလွန်စာကျေးရွာမှ နွားနှစ်ကောင်၊ ငွေးကုန်းသရက်ချောင်းကျေးရွာမှ နွားနှစ်ကောင်၊ နတ်မျိုးကျေးရွာမှ နွားတစ်ကောင်နှင့် ယခု ကျွဲခြံကျုံလမုကျေးရွာမှ နွားနှစ်ကောင် စုစုပေါင်း ဘေးမဲ့ပေးနွား ခုနစ်ကောင်အား လှူဒါန်းပြီးဖြစ်သည်။
**မော်ကျွန်း(မြင့်အောင်)**

■ *ကျောဖုံးမှ*

ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ၂၀၁၅ ရာသီမှစ၍ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲကို ဧရာဝတီအသင်းက ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၅ သုံးရာသီဆက်တိုက် ဗိုလ်စွဲကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၁၀ ပြိုင်ပွဲတွင် ဥဿာယူနိုက်တက် (ယခု ဟံသာဝတီ)၊ ၂၀၁၁ ပြိုင်ပွဲတွင် ရန်ကုန်၊ ၂၀၁၆ ပြိုင်ပွဲတွင် မကွေးအသင်းတို့က ဗိုလ်စွဲထားသည်။ ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင် ခုနစ်ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

❐ *ကျောဖုံးမှ*

သီးနှံဖိုးငွေအား ရာခိုင်နှုန်းတွက်ချက်၍ ပွဲရုံကို ရှင်းပေးရပြီး ကျန်ရှိငွေသာ ရရှိသောကြောင့် အဆင်မပြေမှုများ ကြုံတွေ့ခဲ့သည်။ ယခုအခါ နာနတ်သီးအရောင်းအဝယ်ပြုလုပ်သူများသည် သီးနှံထွက်ရှိရာ ကျေးရွာများသို့ လိုက်လံ၍ လက်ငင်းငွေပေးချေကာ ဈေးကောင်းပေးဝယ်နေကြသဖြင့် နာနတ်စိုက်တောင်သူများ အဆင်ပြေကြောင်း သိရသည်။

"ကျွန်တော် နှစ်တိုင်း နာနတ်ခြံစိုက်ပြီး ရောင်းတယ်။ နာနတ်က တခြားအသီးအနှံတွေနဲ့ မတူဘူး။ တစ်ပင်စိုက်တစ်လုံးသီးတယ်။ တစ်ပင်ခုတ်ရင် နောက် နှစ်ပင်ထွက်တယ်။ တစ်နှစ်ပြီး တစ်နှစ် ခြံထဲက စိုက်ထားတဲ့ အပင်အရေအတွက် လျော့မသွားဘူး။ တိုးလာတာပဲရှိတယ်။ ဒီနှစ်တော့ အသီး ခြောက်ထောင်ကျော်ရမယ်ထင်တယ်" ဟု ဝင်းပကျေးရွာ ဒညင်းကုန်းပိုင်းမှ ကိုထွန်းဦးက ပြောသည် ။

"ကိုယ်တိုင် ဆင်းဝယ်ပြီး ရန်ကုန်အပြင် မန္တလေးဘက်လည်း ပို့တယ်။ နေရာအစုံပဲ ဈေးကောင်းပေးဝယ်ပါတယ်။ ကျွန်တော်တို့အခေါ် လက်ကိုင်သီး(ခေါင်သီး) ငွေကျပ် ၁၀၀၀၊ ကုတ်သီး ငွေကျပ် ၇၀၀ ၊ အကြီး ငွေကျပ် ၆၀၀၊ အလတ် ငွေကျပ် ၄၀၀ ၊ အသေး ငွေကျပ် ၃၀၀ အောက်စ/အမှို(ယိုသီး) ငွေကျပ် ၂၀၀ အားလုံး သူ့ဈေးနဲ့သူ ပေးဝယ်ပါတယ်။ ဒတ်ဆန်းကားလေးတစ်စီးကို နာနတ်သီးအလုံး ၁၃၀၀ ခန့် တင်နိုင်တယ်။ ကားခ/အတင် အချ တစ်လုံးကို ငွေကျပ် ၁၃၀ ကုန်ပါတယ်" ဟု လာရောက်ဝယ်ယူသူ ကုန်သည်တစ်ဦးက ပြောသည်။

သုဝဏ္ဏဝတီမြို့သိမ်ဆိပ်ရပ်ကွက်ရှိ သစ်သီးအရောင်းဆိုင်များတွင် ယခင်အချိန်များက ရာသီပေါ် ဒူးရင်းသီးများ နာမည်ကျော်ခဲ့သော်လည်း ယခုအခါ ဒူးရင်းပင်များ ရှားပါးလာမှုများကြောင့်လည်းကောင်း၊ အထွက်နည်းလာသောကြောင့်လည်းကောင်း နာနတ်သီးအရောင်းအဝယ်များ ကောင်းမွန်လာနိုင်ကြောင်း ဒေသခံ နာနတ်စိုက်တောင်သူများက မျှော်လင့်နေကြောင်း သိရသည်။

## ကျုံးအတွင်း ခုန်ချသေကြောင်းကြံစည်ခဲ့သည့် သားအမိမှ အသက်မသေဘဲကျန်သော ကလေးငယ် မေ ၂၂ ရက်တွင် သေဆုံးသွား

**မန္တလေး မေ ၂၃**
မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လမ်း ၈၀၊ ၁၃ လမ်းကြားရှိ ကျုံးရေပြင်အတွင်းသို့ မေ ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်က သားအမိနှစ်ဦး ခုန်ချသေဆုံးမှုဖြစ်စဉ်တွင် အသက်မသေဘဲ ကယ်ဆယ်ရရှိခဲ့သည့် အသက် ခုနစ်လအရွယ် ကလေးငယ်မှာ မေ ၂၂ရက်တွင် ဆေးကုသမှုခံယူရင်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် အသက် ၂၀ အရွယ် မအေးစုစုထွေး(ခ)အိုင်အေးရှားသည် ၎င်း၏ သားဖြစ်သူ ရှိုင်းအာကာအောင်(ခ)မွတ်စ်တာဖာရ်(ခုနစ်လ)ကို ပွေ့ချီ၍ ကျုံးရေပြင်အတွင်းသို့ ခုန်ချသေကြောင်းကြံစည်ခဲ့ရာ မအေးစုစုထွေး(ခ) အိုင်အေးရှားအား သေဆုံးလျက်ဖြင့် ဆယ်ယူရရှိပြီး သားဖြစ်သူ ရှိုင်းအာကာအောင်(ခ)မွတ်စ်တာဖာရ်ကို အသက်ရှင်လျက်ကယ်ဆယ်ရရှိ၍ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူရင်း မေ ၂၂ရက် မွန်းတည့် ၁၂ နာရီတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမ်းမြို့၌ စတုတ္ထအကြိမ်မြောက် ရှင်အပါး ၁၀၀ ရှင်ပြုအလှူတော်ပွဲကျင်းပ

**အမ်း မေ ၂၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့မဟာဂန္ဓာရုံအေးရိပ်သာကျောင်းတိုက် မင်္ဂလာမဏ္ဍပ်ဓမ္မာရုံ၌ မေ ၂၂ ရက် ညနေ ၄ နာရီက အမ်းမြို့နယ်အတွင်းရှိ မောင်ရင်လောင်း အပါး ၁၀၀ အား ရှင်ပြုအလှူတော်မင်္ဂလာပွဲ စတင်ကျင်းပခဲ့သည်။

ရှေးဦးစွာ အလှူရှင် မျိုးချစ်မြန်မာမိသားစုမှ မောင်ရင်လောင်း အပါး ၁၀၀နှင့်အတူ ဧည့်ပရိသတ်များ ပါဝင်လိုက်ပါလျက် မြို့တွင်းသို့ စီတန်းလှည့်လည်ခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ၊ မဟာဂန္ဓာရုံ အေးရိပ်သာကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပဏ္ဍိတသာရက မောင်ရင်လောင်း အပါး ၁၀၀ အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့သည်။

ထို့နောက် မေ ၂၃ ရက် နံနက် ၁၀ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက် ဝပ်ဖငင်ဆရာတော်ကြီးနှင့် ရွှေပါရမီပညာဒါန နာယကဆရာတော်များ ကြွရောက်ချီးမြှင့်ကာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့် ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အလှူရှင်မိသားစုဝင်များ၊ ဧည့်ပရိသတ်အပေါင်းတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ရှင်ပြုအလှူတော်ကျင်းပရခြင်း ရည်ရွယ်ချက်မှာ ရှင်သာမဏေများ ပေါများလာစေရန် ထိုင်းနိုင်ငံ ဗန်ကောက် ဝပ်ဖငင်ဆရာတော်ကြီးနှင့် ရွှေပါရမီပညာဒါန နာယကဆရာတော်များ ဦးဆောင်အမှူးပြု၍ အနယ်နယ်အရပ်ရပ်တွင် စတုတ္ထအကြိမ်မြောက် ရှင်ပြုအလှူတော် သာသနာပြု ဆောင်ရွက်ခြင်းဖြစ်ကြောင်း မဟာဂန္ဓာရုံအေးရိပ်သာ ကျောင်းတိုက်ဆရာတော်က မိန့်ကြားခဲ့ကြောင်း သိရသည်။

**( မြို့နယ် ပြန် / ဆက်)**





# သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့

**ကျောက်ဆည် မေ ၂၃**

မြန်မာလူမျိုးများသည် မြန်မာနှစ်သစ်ကူးအချိန်ကာလ နှစ်ဆန်းပိုင်းတွင် ပူဇော်ထိုက်သူကို ပူဇော်သည့် မင်္ဂလာတရားတော်နှင့်အညီ အသက်အရွယ်ကြီးသည့် အဘိုးအဘွားများအား ပူဇော်ကန်တော့သည့် အခမ်းအနားကို နိုင်ငံအနှံ့တွင် ရိုးရာဓလေ့အဖြစ် ကျင်းပဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက် ညနေ ၄ နာရီခွဲက ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက် မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ သက်ကြီး အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရေနားပရိယတ္တိစာသင်တိုက် ပဓာနဆရာတော် ဘဒ္ဒန္တတေဇနိယျာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ပင့်သံဃာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးများက ပရိတ်တော်များရွတ်ပွားကြပြီး နိုင်ငံတော်ဗဟိုဝန်ဆောင် ဘဒ္ဒန္တ ခေမိန္ဒာစာရဆရာတော်မှ ဩဝါဒကထာနှင့် ရေစက်ချတရား ဟောကြားတော်မူသည်။

ထို့နောက် အဘိုး၊ အဘွား ၇၅ ဦးတို့အား ကန်တော့ကြပြီး တစ်ဦးချင်းစီအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့ရာ အဘိုးအဘွားများကိုယ်စား အဘိုးဦးကျော်မောင်က အလှူရှင်များအား ဆုတောင်းမေတ္တာပို့သပြီး အခမ်းအနား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သက်မောင်**

# တာချီလိတ်၌ စည်းကမ်းပျက်မောင်းနှင်သော ယာဉ်များအား တရားစွဲအရေးယူမည်

**တာချီလိတ် မေ ၂၃**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်၌ စည်းကမ်းပျက်မောင်းနှင်သော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား မော်တော်ယာဉ်ဥပဒေဖြင့် တရားစွဲအရေးယူသွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ သိရသည်။

မေ ၂၃ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့ရှိ လူစည်ကားရာ ဝမ်ကောင်းဈေးနှင့် ဆန်ဆိုင်းဈေးတို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ အများပြည်သူများ ပိုမိုသိရှိနားလည်လာစေရန် အသိပညာပေးဟောပြောပွဲတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၁၁၇)ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(တာချီလိတ်)မှ ရဲအုပ် ဇော်ဇော်ညွန့် ဦးဆောင်သော တပ်ဖွဲ့ဝင်များက တာချီလိတ်မြို့မဈေး၊ ပုံကျဈေးနှင့် ဆန်ဆိုင်းဈေးတို့တွင် လှည့်လည်၍ ဈေးသူ ဈေးသားများနှင့် ဈေးဝယ်ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ်ဆင်ရန်၊ ဆိုင်ကယ်အား နှစ်ဦးထက် ပိုတင်ဆောင်မောင်းနှင်ခြင်းမပြုရန်၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား အရှိန်ပြင်းစွာ မောင်းနှင်ခြင်းမပြုရန်၊ ဆိုင်ကယ်များအား ယှဉ်ပြိုင်လုယက် ကျော်တက်မမောင်းနှင်ရန်၊ လမ်းဆုံလမ်းခွများတွင် အရှိန်လျှော့မောင်းနှင်ရန်၊ သံစုံဟွန်းနှင့် ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်းမပြုရန်တို့အား မှုခင်းဖြစ်စဉ်များဖြင့် အသိပညာပေးဟောပြောခဲ့ပြီး စည်းကမ်းပျက်မောင်းနှင်သော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား မော်တော်ယာဉ် ဥပဒေဖြင့် တရားစွဲအရေးယူသွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် အမှတ်(၁၁၇)ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(တာချီလိတ်)မှ ရဲအုပ် ဇော်ဇော်ညွန့်နှင့် တပ်ဖွဲ့ဝင်များက ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်ပြည်သူ စုစုပေါင်း ၁၂၂ ဦး ခန့်တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများနှင့် မော်တော်ယာဉ် ဥပဒေသစ်အကြောင်း လေ့လာမှတ်သားနိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

(မိုး / ဇလ)

# ကန့်ဘလူ၌ သိမ်းဆည်းခံလယ်ယာမြေများ လုပ်ပိုင်ခွင့်ရရှိရေး ဆန္ဒဖော်ထုတ်

ကန့်ဘလူ မေ ၂၃

**ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ဘူးကုန်းကျေးရွာနှင့် မြေမွန်ကျေးရွာရှိ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်လုပ်ပိုင်ခွင့်ရရှိရေး မေ ၂၃ ရက်နံနက် ၉ နာရီ မိနစ် ၂၀ က ဘူးကုန်းကျေးရွာ၊ မြေမွန်ကျေးရွာတို့မှ တောင်သူ ၆၀ ခန့်က တာဝန်ရှိသူများထံ ခွင့်ပြုချက်ရယူ၍ ကန့်ဘလူမြို့ပေါ်တွင် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။**

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် ကန့်ဘလူမြို့ခုတင်(၁၀၀) ဆေးရုံတောင်ဘက် တပင်ရွှေထီးလမ်းမှစတင်၍ ယုဇနလမ်း၊ စည်ပင်သာယာလမ်း၊ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ခရိုင်စိုက်ပျိုးရေးရုံးရှေ့အထိ လမ်းတစ်လျှောက်ကြွေးကြော်၍ ဆန္ဒဖော်ထုတ်ကြသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ခြင်းနှင့် ပတ်သက်၍ အဖွဲ့ခေါင်းဆောင် ဘူးကုန်းကျေးရွာမှ ဒေါ်တင်ဌေးက “ဘူးကုန်း၊ မြေမွန်ကျေးရွာရှိ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်လုပ်ပိုင်ခွင့်ချထားပေးဖို့နဲ့ ဒေသခံမဟုတ်သည့် အလုပ်သမားများကို သီးစားချထားသောကြောင့် ကျွန်မတို့ တောင်သူတွေမှာ အလွန်အခက်အခဲတွေ့ပါတယ်။ သိမ်းယူစဉ်အခါက မြေသိမ်းဥပဒေနှင့်အညီမသိမ်းခဲ့ပါဘူး၊ ဒါကြောင့် ဘိုးဘွားမိဘပိုင်ယာမြေများ လုပ်ပိုင်ခွင့်ရရှိရန် ဆန္ဒဖော်ထုတ်ခြင်းဖြစ်ပါတယ်”ဟု ပြောသည်။

ပြီးခဲ့သည့် မတ် ၁၅ ရက်က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများက ဇဗီကြီး၊ လေးတွင်းစည်၊ မယ်ဇတော၊ ချောင်းသာနှင့် ချောင်းမကြီးကျေးရွာများမှ တောင်သူ ၂၂၈ ဦးအတွက် လယ်မြေ ၄၅၁ ဒသမ ၈၂ ဧကနှင့် ယာမြေ ၃၃၄၀ ဒသမ ၆၄ ဧက စုစုပေါင်း ၃၇၉၂ ဒသမ ၄၆ ဧကကို ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း ယခုမြေမွန်မျိုးသန့်ခြံ(ယခင်မြေမွန်စိုက်ကွင်း)စိုက်ကွင်းတွင်ပါဝင်နေသော ဘူးကုန်း၊ မြေမွန်ကျေးရွာတောင်သူများက လုပ်ပိုင်ခွင့်ပြန်လည်ရရှိရေးအတွက် ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ဂန့်ဂေါ၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၂၅၁ လုံး အမိုးလန်ပျက်စီး

**မကွေး ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း ဧပြီ ၂၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၂၅၁ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း ဂန့်ဂေါမြို့နယ် ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက် ညနေ ၃ နာရီ ၄၅ မိနစ်မှ ၄ နာရီ ၁၅ မိနစ်အထိ လေပြင်းတိုက်ခတ်ခဲ့သောကြောင့် ဂန့်ဂေါမြို့ အမှတ်(၃)ရပ်ကွက်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ လူနေအိမ် လေးလုံး၊ ကျောမြို့အမှတ်(၁)ရပ်ကွက်တွင် လူနေအိမ် ခြောက်လုံး၊ ဂန့်ဂေါမြို့နယ် ပြစ်မကျေးရွာတွင် လူနေအိမ် လေးလုံး၊ ဇာဟောကျေးရွာတွင် လူနေအိမ် ၁၃ လုံး၊ အနောက်ဂန့်ဂေါကျေးရွာတွင် လူနေအိမ်သုံးလုံး၊ အုတ်လှကျေးရွာတွင် လူနေအိမ်နှစ်လုံး၊ ရှုံးရှီးကျေးရွာတွင် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ လူနေအိမ် ၁၃ လုံး၊ ပိတောက်ကုန်းကျေးရွာတွင် လူနေအိမ် ခုနစ်လုံး၊ လုံခြုံကျေးရွာတွင် လူနေအိမ်နှစ်လုံး၊ ယင်းမာကျေးရွာတွင် လူနေအိမ် ၈၂ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ စပယ်ကျေးရွာတွင် လူနေအိမ် ၂၉ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ စင်ပုံကျေးရွာတွင် လူနေအိမ် ၇၈ လုံး၊ ပနန်းကျေးရွာတွင် လူနေအိမ် သုံးလုံး၊ အိမ်သစ်ကျေးရွာတွင် လူနေအိမ်တစ်လုံး၊ ရွှေဘိုကျေးရွာတွင် ပညာရေးဝန်ထမ်းအိမ်ရာ တစ်လုံး၊ မြင်သားကျေးရွာတွင် လူနေအိမ် လေးလုံး၊ ပညာရေး ဝန်ထမ်းအိမ်ရာတစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ဂန့်ဂေါမြို့နယ် အတွင်း စုစုပေါင်း ရပ်ကွက် နှစ်ကွက်၊ ကျေးရွာ ၁၄ ရွာတို့မှ လူနေအိမ် ၂၅၁ လုံး၊ စာသင်ကျောင်း နှစ်ကျောင်း၊ ဘုန်းကြီး ကျောင်း နှစ်ကျောင်း၊ ဝန်ထမ်းအိမ်ရာနှစ်လုံးတို့ အမိုးလန်ပျက်စီး ခဲ့ခြင်းဖြစ်ကာ ဆုံးရှုံးမှုတန်ဖိုးအနေဖြင့်(စိစစ်ဆဲ)ဖြစ်ကြောင်း သိရှိရပြီး အဆိုပါဖြစ်ပွားရာနေရာများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ မြို့နယ်ရဲမှူး ရဲမှူးဝင်းထွဋ်တို့ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**





# ပခုက္ကူမြို့၌ လေပြင်းတိုက်ခတ် သစ်ပင်များလဲကျ

**ပခုက္ကူ ဧပြီ ၂၃**

ပခုက္ကူမြို့တွင် ဧပြီ ၂၂ရက် ညနေ ၅ နာရီ မိနစ် ၅၀ က လေပြင်းတိုက်ခတ်မိုးရွာသွန်းသဖြင့် ပခုက္ကူမြို့အမှတ်(၉)ရပ်ကွက် တန်ဆောင်တိုင်လမ်းရှိ ကေရာဇ်ပင်တစ်ပင်နှင့် တမာပင်တစ်ပင်လဲကျခြင်း အမှတ်(၁၁)ရပ်ကွက် မြို့မလမ်းနှင့် ရွှေလမ်းဆုံအရှေ့ဘက် ပိတောက်ပင် လမ်းပေါ်သို့လဲကျခဲ့ရာ လူ၊ပစ္စည်းနှင့် တိရစ္ဆာန်ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အမှတ်(၁၃)ရပ်ကွက် ပြည်တော်သာလမ်းရှိ ဦးအောင်ကြည်ဝင်း၏နေအိမ်ဝင်းရှိ ထန်းပင်လဲကျသဖြင့် မီးဖိုပျက်စီးခဲ့ပြီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀ ခန့် ဆုံးရှုံးခဲ့သည်။ အလားတူ အမှတ်(၁၁)ရပ်ကွက် ရွှေလမ်း ၃ လမ်းရှိ ကုက္ကိုပင်လဲကျသဖြင့် အနီးရှိ နေအိမ်အဖီ သွပ်မိုးထိခိုက်မိသဖြင့် တန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့်ဆုံးရှုံးပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ ပခုက္ကူမြို့နယ် လယ်ယာအုပ်စု ဆင်ဖြူကုန်းကျေးရွာအနောက်ဘက် ကားလမ်းပေါ် ထနောင်းပင်လဲကျသဖြင့် ဆိုင်ကယ်စီးလာသူ မောင်ရှိုင်းထက်လင်း ကမ္ဘမြို့နေသူ သစ်ကိုင်းပိမိသဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။ **(သတင်းဖော်ပြပြီး)**

အဆိုပါ လေပြင်းတိုက်ခတ်မိုးရွာမှုကြောင့် သစ်ပင်လဲကျပြိုပျက်မှုများအား မြို့နယ်စည်ပင်၊ မြို့နယ်မီးသတ်၊ မြို့နယ်လျှပ်စစ်တို့နှင့်အတူ သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ပူးပေါင်းရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ် အလယ်ဘုတ်ကျေးရွာ လှိုင်မြစ်ကမ်း မြေထိန်းနံရံမြေကျွံကျ

**တိုက်ကြီး ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အလယ်ဘုတ်ကျေးရွာ လှိုင်မြစ်ကမ်း မြေထိန်းနံရံ မြေကျွံကျနေကြောင်း ဧပြီ ၂၂ ရက်က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင့်ဆွေက မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနထံသို့ သတင်းပို့ခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်တွင် သင်္ကြန်အကျနေ့နှင့် သင်္ကြန်အတက်နေ့များတွင် မိုးများရွာခြင်းကြောင့် အလယ်ဘုတ်ကျေးရွာ လှိုင်မြစ်ကမ်းမြေထိန်းနံရံ ပေ ၆၃၀ အရှည်မှ ပေ ၆၀ ခန့် မြေများအောက်သို့ ကျွံကျသွားသဖြင့် အုတ်နံရံများကျိုးပဲ့သွားကြောင်း သိရသည်။

အဆိုပါ မြေထိန်းနံရံသည် အဖျောက်၊ တော်လတီ၊ မင်းလှ၀၊ ရေပေါ်သောင် ရန်ကုန်အရှေ့ဘက် လှိုင်မြစ်ကမ်းမြေထိန်းနံရံဖြစ်ပြီး အလယ်ဘုတ်ကျေးရွာ လှိုင်မြစ်ရေတိုက်စားခြင်းမှ ကာကွယ်ထားခြင်းဖြစ်ပြီး ရေကြောင်းထိန်းသိမ်းရေးဌာနမှ မြန်မာရေးဗားအင်ဂျင်နီယာ ကုမ္ပဏီက ၂၀၁၆ ခုနှစ် ဇွန်လက တာဝန်ယူ တည်ဆောက်ထားကြောင်း သိရသည်။ မြေထိန်းနံရံသည် လှိုင်မြစ်ကမ်းနှင့် ၁၅ ပေခန့်ရှိပြီး အချိန်မီပြုပြင်ခြင်းမရှိပါက တဖြည်းဖြည်း အားလုံးပြိုကျနိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ မြေထိန်းနံရံ ပြုပြင်နိုင်ရန်အတွက် တာဝန်ရှိသူများက သက်ဆိုင်ရာသို့ တင်ပြထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**





# မုဒုံမြို့နယ်၌ လူကုန်ကူးမှုဖြစ်ပွားခဲ့

**မုဒုံ ဧပြီ ၂၃**

မွန်ပြည်နယ် မုဒုံမြို့နယ် ကင်းချောင်းကျေးရွာတွင်နေထိုင်သော မမေခိုင်ဦးသည် လူကုန်ကူးခြင်းခံရသဖြင့် ပြန်လည်ရောက်ရှိလာသည့် ဧပြီ ၂၃ ရက် နံနက် ၉ နာရီတွင် မုဒုံမြို့နယ် ကင်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မိဘများထံ အပ်နှံခဲ့ကြောင်း သိရသည်။

မမေခိုင်ဦး ၃၀ နှစ်သည် လွန်ခဲ့သော ၁၃ နှစ်ခန့်က ရေးမြို့နယ် အဘွားကို ပြုစုရန် မီးရထားဖြင့် သွားရောက်ခဲ့သည်။ ရေးမြို့မှ မီးရထားဖြင့် အပြန်တွင် ပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။ မမေခိုင်ဦးသည် တရုတ်နိုင်ငံ He Nan ပြည်နယ်၊ Zhi Fang ခရိုင်၊ Ruzhou ကျေးရွာ၊ Wuxun ရွာမြောက်ပိုင်း၊ Bei Hou လမ်း၊ အိမ်အမှတ်(၁၈၈)၊ Wux-um, Ruzhou, pingdingshan, Henanm china နေသူ TU RU GOU (တရုတ်နိုင်ငံသား)ထံတွင် အိမ်အကူဇနီးမယားအဖြစ် ရောင်းချခြင်း ခံခဲ့ရသည်။

မမေခိုင်ဦးသည် တရုတ်နိုင်ငံတွင် နေထိုင်ခဲ့စဉ်အတွင်း ဆင်းရဲဒုက္ခအမျိုးမျိုး ရောက်ခဲ့သည့်အတွက် Wechat အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်မှုရရှိကာ တာဝန်သိပြည်သူများက မုဒုံမြို့နယ် ရဲတပ်ဖွဲ့နှင့် လူကုန်ကူးတားဆီးကာကွယ်ရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ပြီး တရုတ်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံ မွန်ပြည်နယ် မုဒုံမြို့နယ် ကင်းချောင်းကျေးရွာရှိ မိဘများထံ အပ်နှံနိုင်ရေးအတွက် မုဒုံမြို့နယ်ရဲမှူး မြအောင်၊ ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနမှ ဒေါ်ဝင်းဝင်းမာ၊ လူကုန်ကူးတားဆီးကာကွယ်ရေးရုံးမှ ဒုရဲမှူး ဆန်းဦးနှင့် တာဝန်ရှိသူများက လာရောက်အပ်နှံပေးခဲ့ကြသည်။

အဆိုပါ လူကုန်ကူးတားဆီးကာကွယ်ရေး ဥပဒေအရ အမှုဖွင့်လှစ်ထားရှိပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မုဒုံ-မောင်မောင်**

# အမေရိကန် လေယာဉ်တင်သင်္ဘောကိုတိုက်ရန် အသင့်ဖြစ်နေကြောင်း မြောက်ကိုရီးယားပြောကြား


ဧပြီ ၁၅ ရက်က USS Carl Vinson လေယာဉ်တင်သင်္ဘော ဆန်ဒါရေလက်ကြားအား ဖြတ်ကျော်နေသည်ကို တွေ့ရစဉ်

**ပြုံယမ်း ဧပြီ ၂၃**

ဂျပန်ရေတပ်မှ သင်္ဘောနှစ်စင်းသည် အနောက်ပစိဖိတ်အတွင်း၌ အမေရိကန် တိုက်ခိုက်ရေးအုပ်စုများနှင့်အတူ စစ်ရေးလေ့ကျင့်ရန် ပူးပေါင်းခဲ့ရာ မြောက်ကိုရီးယားက နိုင်ငံ၏ စစ်ရေးအရ စွမ်းဆောင်နိုင်မှုကို ဖော်ထုတ်သည့်အနေဖြင့် အမေရိကန်လေယာဉ်တင်သင်္ဘောကို နှစ်မြှုပ်ဖျက်ဆီးပစ်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယား အစီအစဉ်နှင့် ဒုံးကျည်စမ်းသပ်မှုများ ရှေ့တိုးဆောင်ရွက်လာမှုနှင့် အမေရိကန်နှင့် ၎င်း၏ အာရှမဟာမိတ်နိုင်ငံများအား တိုက်ခိုက်မည်ဟု မြောက်ကိုရီးယားက ခြိမ်းခြောက်လာမှုအပေါ် တင်းမာလာသည့် တုံ့ပြန်မှုတစ်ရပ်အနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ကိုရီးယားကျွန်းဆွယ်ရေပိုင်နက်အတွင်းသို့ USS Carl Vinson တိုက်ခိုက်ရေးအုပ်စုအား စေလွှတ်ရန် အမိန့်ပေးခဲ့သည်။

အမေရိကန် တိုက်ခိုက်ရေးအုပ်စုသည် ကိုရီးယားကျွန်းဆွယ်ရေိယာအတွင်းသို့ ချဉ်းကပ်ဝင်ရောက်လာပြီဖြစ်သော်လည်း တိုက်ခိုက်ရေးအုပ်စုရောက်ရှိနေသည့် နေရာအတိအကျကို အမေရိကန်က ဖော်ပြခြင်းမရှိပေ။ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က လေယာဉ်တင်သင်္ဘောသည် ရက်အနည်းငယ်အတွင်း ကိုရီးယားကျွန်းဆွယ်သို့ ရောက်ရှိလိမ့်မည်ဖြစ်သည်ဟုသာ ဖော်ပြခဲ့ပြီး အသေးစိတ်ပြောကြားခဲ့ခြင်းမရှိပေ။

မြောက်ကိုရီးယားအနေဖြင့်လည်း အလျှော့မပေး တင်းမာဆဲဖြစ်သည်။ မြောက်ကိုရီးယားအာဏာရ အလုပ်သမားပါတီကထုတ်ဝေသည့် ရိုဒေါင်ဆင်မန်သတင်းစာက မြောက်ကိုရီးယားတော်လှန်ရေး အင်အားစုများသည် အမေရိကန်နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောကို တစ်ကြိမ်တိုက်ရုံဖြင့် နစ်မြုပ်သွားအောင် ပြုလုပ်ပစ်ရန် အသင့်ပြင်ဆင်ထားပြီဖြစ်ကြောင်း ဖော်ပြရေးသားခဲ့သည်။

ယင်းသတင်းစာတွင် အမေရိကန်လေယာဉ်တင်သင်္ဘောအား ရိုင်းစိုင်းကြမ်းတမ်းသည့် တိရစ္ဆာန်တစ်ကောင်အဖြစ် ခိုင်းနှိုင်းခဲ့ပြီး ယင်းသင်္ဘောအား တိုက်ခိုက်မှုသည် မြောက်ကိုရီးယား၏ စစ်အင်အားကိုပြသမည့် ဥပမာတစ်ခုဖြစ်လာလိမ့်မည်ဟူ၍ ပြောဆိုရေးသားခဲ့သည်။

မြောက်ကိုရီးယားဘက်မှ ထိုသို့တုံ့ပြန်ခြိမ်းခြောက်ပြောဆိုမှုကို ရိုဒေါင်ဆင်မန်သတင်းစာ၏ စာမျက်နှာသုံးတွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်း လေတပ်ဝက်မွေးမြူရေးခြံသို့ သွားရောက်လည်ပတ်

**ပြုံယမ်း ဧပြီ ၂၃**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်းသည် လေတပ်မတော်က ပိုင်ဆိုင်သည့် ဝက်မွေးမြူရေးခြံသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း မြောက်ကိုရီးယား နိုင်ငံပိုင်သတင်းမီဒီယာက ဖော်ပြသည်။

ကင်ဂျုံအမ်း၏ ထိုသို့သွားရောက်လည်ပတ်မှုက စစ်ရေးနယ်ပယ်တွင် တိုးတက်မှုရရှိရေးအတွက် ထဲထဲဝင်ဝင်ဆောင်ရွက်ရန် ၎င်း၏အားထုတ်ကြိုးပမ်းမှုကို ထင်သာမြင်သာရှိစေရန် ရည်ရွယ်ကာ သွားရောက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရကြောင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းက ဆောက်လုပ်ပြီးစီးခဲ့သည့် ဝက်မွေးမြူရေးခြံ၌ရောက်ရှိနေသည့် ကင်ဂျုံအမ်း၏ ပုံရိပ်များကို ကိုရီးယားဗဟိုရုပ်မြင်သံကြားဌာနက တနင်္ဂနွေနေ့တွင် ထုတ်လွှင့်ပြသခဲ့သည်။




ပိုင်းလေ့များ၏ အစာအာဟာရအတွက် အထောက်အကူပြုမည့် မွေးမြူရေးအခြေစိုက်စခန်းတစ်ခု မြောက်ကိုရီးယားတွင် ယခုရှိနေပြီဖြစ်ကြောင်း ကင်က အလည်အပတ်သွားရောက်မှုအတွင်း ပြောကြားခဲ့သည်။

မွေးမြူရေးခြံအနေဖြင့် လေယာဉ်မှူးများအတွက် ဝက်သားနှင့် ဆက်စပ်စားသောက်ကုန်များကို ထုတ်လုပ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ဖော်ပြခဲ့သည်။

**(ရိုက်တာ)**

# ပြန်ပေးဆွဲထားသည့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်တစ်ဦးကို အဘူဆေယက်ဖ်စစ်သွေးကြွများခေါင်းဖြတ်သတ်

**မနီလာ ဧပြီ ၂၃**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အဘူဆေယက်ဖ်စစ်သွေးကြွအဖွဲ့က ပြန်ပေးဆွဲထားသည့် ဖိလစ်ပိုင်တပ်မတော်အဖွဲ့ဝင်တစ်ဦးအား ခေါင်းဖြတ်သတ်ခဲ့သည်ကို တွေ့ရှိခဲ့ကြောင်း ဖိလစ်ပိုင်တပ်မတော်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့ ဝင်များက ပဋိပက္ခများဖြစ်ပွားလျက်ရှိရာ တစ်နေရာရှိ အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအုပ်စုများနှင့် ပတ်သက်ဆက်နွှယ်နေသည့် အဖွဲ့ဝင်သုံးဦးထက်မနည်းကို သတ်ဖြတ်သုတ်သင်ခဲ့ပြီးသည့်နောက် နာရီများစွာအကြာတွင် စစ်သွေးကြွများက ထိုသို့သတ်ဖြတ်ထားမှုကို တွေ့မြင်ခဲ့ရခြင်းဖြစ်ကြောင်း စစ်ဘက်က ပြောသည်။

စူးလူးရှိပတ်တီကူမြို့အတွင်း၌ တပ်ကြပ်ကြီး အယ်နီစီရာဂျီ၏ဦးခေါင်းကို ၎င်း၏ ခန္ဓာကိုယ်မှ မီတာ ၅၀ အကွာတွင် တွေ့ရှိရခြင်းဖြစ်ကြောင်း စူးလူးရှိ စစ်ဘက်ဆိုင်ရာ အကြီးအကဲတစ်ဦးက ပြောကြားခဲ့သည်။ စူးလူး၌ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး ကြိုးပမ်းမှုအတွင်း ပါဝင်ခဲ့သည့်အတွက် စီရာဂျီအား ညှဉ်းပန်းနှိပ်စက်ကာ သတ်ဖြတ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။

စီရာဂျီသည် တိုက်ပွဲဝင်သူသက်သက် မဟုတ်ဘဲ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအားထုတ်သူလည်းဖြစ်ကြောင်း သိရသည်။

တနင်္ဂနွေနေ့အစောပိုင်းက အစိုးရတပ်ဖွဲ့ဝင်အင်အားစုများသည် အဘူဆေယက်ဖ် စစ်သွေးကြွများ ပုန်းအောင်းလျက်ရှိသည့် ဘိုဟိုကျွန်းပေါ်၌ စစ်သွေးကြွအဖွဲ့ဝင်သုံးဦးထက်မနည်းကို သုတ်သင်ခဲ့သည်။ **(ရိုက်တာ)**

# နှစ်နိုင်ငံချစ်ကြည်ရေးအတွက် အီဂျစ်သမ္မတ ဆော်ဒီသို့သွားရောက်

**ရီယာ့ဒ် ဧပြီ ၂၃**

အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတက်အယ်လ်စီစီသည် တနင်္ဂနွေနေ့တွင် ဆော်ဒီနိုင်ငံ ရီယာ့ဒ်သို့အလည်အပတ်ခရီးရောက်ရှိခဲ့ကြောင်း အယ်လ်အာရာဘီယာ ဒေသတွင်းသတင်းမီဒီယာက ဖော်ပြခဲ့သည်။

ခရီးစဉ်သွားရောက်မှုကို ဆော်ဒီဘုရင် ဆယ်လ်မန်ဘင် အဗ္ဗဒူလ်လာဇစ်အယ်ဆော့က လေဆိပ်၌ လက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။ ခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရေးဆွေးနွေးရန်သာမက ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ အထူးသဖြင့် အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရေးကိစ္စရပ်များ ဆွေးနွေးရန်အတွက် အီဂျစ်ဆော်ဒီ ထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်ရန် မျှော်လင့်ထားကြောင်း သိရသည်။

နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲတွင် အရှေ့အလယ်ပိုင်းဒေသအပါအဝင် ဒေသတွင်းစိန်ခေါ်မှုများ ပါဝင်ပတ်သက်နေသည့် အမေရိကန်၏ မူဝါဒသစ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရှိုကရီက အလေးအနက် ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**



# အိန္ဒိယနိုင်ငံ၌ ကားအရောင်းပြခန်းအတွင်း မီးလောင်ကျွမ်းမှု နှစ်ဦးသေဆုံး

**နယူးဒေလီ ဧပြီ ၂၃**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရတ်ရှ်ထရာဒေသရှိ ကားအရောင်းပြခန်းတစ်ခုအတွင်း၌ တနင်္ဂနွေနေ့က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုသည် နာဇီမွန်ဘိုင်းရှိ ခါဂါ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မာရူတီစူဇူကီ ကားအရောင်းပြခန်း၌ ထိတ်လန့်ဖွယ်ရာမီးလောင်ကျွမ်းမှု ရုတ်တရက်ဖြစ်ပွားခဲ့ပြီးနောက်တွင် လူနှစ်ဦးမှာ မီးလောင်ဒဏ်ရာများကြောင့် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

မီးလောင်ကျွမ်းသွားသော သေဆုံးသူအလောင်းများကို မီးသတ်ကယ်ဆယ်ရေးသမားများက ရှာဖွေထုတ်ယူခဲ့ကြသည်။ သေဆုံးသွားသူနှစ်ဦးသည် ကားအရောင်းပြခန်းမှ စက်ပြင်ဆရာနှင့် အရောင်းပြခန်းလုံခြုံရေးအစောင့်တို့ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်ကျွမ်းခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ အာဏာပိုင်များသည် သတင်းရလျှင်ရချင်း အခင်းဖြစ်ပွားရာသို့ မီးသတ်ယာဉ်များကိုစေလွှတ်ခဲ့ပြီး မီးကူးစက်လောင်ကျွမ်းမှုမဖြစ်ပွားစေရန် ဆောင်ရွက်ခဲ့သည်။ ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့ကလည်း နယူးဒေလီရှိ အီလက်ထရွန်နစ်ပစ္စည်းစက်ရုံ၌ အလားတူမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီး မီးလောင်ဒဏ်ရာရရှိသူများရှိခဲ့သည်။

**(ဆင်ဟွာ)**

# မန္တလေးတိုင်းဒေသကြီးရှိ တိုင်း၊ ခရိုင်အလိုက်စစ်ဆေးသည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲ အတန်းကူးပြောင်းစာရင်းထုတ်ပြန်

**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် သူငယ်တန်းမှ နဝမတန်းအထိ စာမေးပွဲဖြေဆိုအောင်မြင်သူများ၏ အမည်စာရင်းများကို မေ ၂၃ရက် နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့ရာ ခရိုင်အလိုက်စစ်ဆေးသည့် စတုတ္ထတန်းနှင့် တိုင်းဒေသကြီးအလိုက် စစ်ဆေးခဲ့သည့် အဋ္ဌမတန်း စာမေးပွဲ အတန်းကူးပြောင်းစာရင်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ စာရင်းများအရ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် စတုတ္ထတန်းဖြေဆိုသူ ၁၀၃၇၈၃ ဦးရှိသည့်အနက် အောင်မြင်သူ ၉၆၀၂၇ဦးရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၅၃ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ယခုနှစ်တွင် ဖြေဆိုသူ ၁၁၆၄၄၁ ဦးအနက် အောင်မြင်သူ ၁၁၆၄၄၀ ရှိခဲ့ပြီး ရာခိုင်နှုန်းမှာ ၉၉ ဒသမ ၉၉၉ ရှိခဲ့သည်။

ထို့အပြင် ယမန်နှစ် အဋ္ဌမတန်းဖြေဆိုသူ ၇၆၃၁၅ ဦးအနက် အောင်မြင်သူ ၆၂၃၂၂ဦးရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၈၁ ဒသမ ၆၆ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုနှစ်တွင် ဖြေဆိုသူ ၈၁၅၈၇ ဦးရှိပြီး အောင်မြင်သူ ၈၁၅၅၆ ဦးနှင့် ရာခိုင်နှုန်းမှာ ၉၉ဒသမ ၉၆ ရှိခဲ့ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံး၏ ထုတ်ပြန်ချက်များအရ သိရသည်။

"ဒီနှစ်က ဖြေဆိုသူဦးရေ ပိုမိုများပြားသလို အောင်မြင်သူလည်း များပါတယ်။ မနှစ်က ကုစားစနစ်ရှိတဲ့အတွက် ကျရင် ပြန်ဖြေခွင့်ရပေမယ့် ဒီနှစ်မှာတော့ ကုစားစနစ်မရှိပါဘူး။ တကယ်ကြိုးစားပြီး အရည်အချင်းရှိမှသာလျှင် A, B, C အဆင့်နဲ့ အောင်မြင်မှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပြောသည်။

အတန်းကူးပြောင်း စာရင်း လာရောက် ကြည့်ရှုသည့် မိဘတစ်ဦးကလည်း "ဒီနှစ် ကုစားမရှိဘူးလို့ ကြားထားတဲ့အတွက် ကလေးအတွက် စိတ်ပူမိတယ်။ ဒါပေမယ့် လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်သွားတဲ့အတွက် စိတ်အေးရပါတယ်။ ကလေးတွေ အားလုံးနီးပါးလည်း အောင်မြင်ကြတဲ့အတွက် မိဘတွေကိုယ်စား ပျော်ရွှင်မိပါတယ်" ဟု ၎င်းကပြောသည်။

ယနေ့ထုတ်ပြန်သော အတန်းကူးပြောင်းစာရင်းများအရ ရာခိုင်နှုန်းမြင့်မားသည့်အပြင် A ဖြင့် အောင်မြင်သူများပြားသည့်အတွက် အောင်စာရင်း လာရောက်ကြည့်ရှုသူ ကျောင်းသား၊ ကျောင်းသူများသာမက မိဘများပါ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



အတန်းကူးပြောင်းစာရင်းကြည့်ရှုသူ ကျောင်းသား ကျောင်းသူများနှင့် မိဘများကိုတွေ့ရစဉ်

# သူငယ်တန်းမှ နဝမတန်းအထိ အတန်းကူးပြောင်းစာရင်းများ သာစည်မြို့နယ်တွင် ထုတ်ပြန်



**သာစည် မေ ၂၃**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် သူငယ်တန်းမှ နဝမတန်းအထိ အခြေခံကျောင်းများမှကျောင်းစစ် အတန်းကူးပြောင်းမှုစာရင်းများနှင့် တိုင်းဒေသကြီးနှင့် ခရိုင်စစ်စတုတ္ထတန်း၊ အဋ္ဌမတန်း အတန်းကူးပြောင်းစာရင်းများကို မေ ၂၃ ရက် နံနက် ၆ နာရီမှ စတင်ပြီး မြို့နယ်အတွင်းရှိ ကျောင်းများ၌ ထုတ်ပြန်ကြေညာထားရာ ကျောင်းသား ကျောင်းသူများနှင့် မိဘများ လာရောက် ကြည့်ရှုကြသည်။ **(ဓာတ်ပုံ)**

သာစည်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ကိုးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ရှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း ၊ အလယ်တန်းကျောင်းခွဲ ၂၇ ကျောင်း၊ မူလတန်းကျောင်း ၁၃၁ ကျောင်း၊ မူလွန်ကျောင်း ၃၀ နှင့်မူလတန်းကျောင်းခွဲသုံးကျောင်း စုစုပေါင်း ၂၀၉ကျောင်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မောင်ကို(သာစည်)**

# လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြော

**တွံတေး မေ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ် ကံရွာကျေးရွာအုပ်စု ကံရွာကျေးရွာရှိ တောင်သူလယ်သမားများသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) အပြည့်အဝထုတ်ပေးနိုင်ရေးနှင့် တည်ဆဲ ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအား လိုက်နာကျင့်သုံးနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို မေ ၂၃ ရက် နံနက် ၁၀ နာရီက ကံရွာကျေးရွာ ဓမ္မရောင်ခြည်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။**(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေထွန်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေကျော်က တောင်သူလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) အပြည့်အဝ ထုတ်ပေးနိုင်ရေးနှင့် တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဒေသခံတောင်သူများ လိုက်နာကျင့်သုံးနိုင်ရေးနှင့် မြေယာဥပဒေများအားရှင်းလင်းဟောပြောပြီး တက်ရောက်လာသူ တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့သည်။

နယ်မြေခံရဲစခန်းမှူး ရဲအုပ်မျိုးချစ်ဆွေက မှုခင်းကျဆင်းရေးနှင့် ပတ်သက်၍ ရှင်းလင်းခဲ့ပြီးအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**



# ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ရန် မြေနေရာသစ်များ အခမဲ့ပေးအပ်



**ဖန်းမော် မေ ၂၃**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ရေနီကျေးရွာအုပ်စု ရေနီကျေးရွာသည် ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ရေနီကျေးရွာမှ ညောင်ပင်သာကျေးရွာသို့ ပြောင်းရွှေ့မည့် အိမ်ထောင်စု ၁၆၉ စု၊ လူဦးရေ အမျိုးသား ၄၅၅ ဦးနှင့် အမျိုးသမီး ၄၄၅ ဦး စုစုပေါင်း ၉၀၀ ၊ မြေ ဧက ၅၅ ဒသမ ၆၀ ရှိ ရေနီကျေးရွာသစ်မြေနေရာ၌ တစ်ကွက်လျှင် ပေ(၆၀×၈၀)ဖြင့် မြေကွက် ၁၆၉ ကွက်ကို ပြောင်းရွှေ့ရေးအတွက် မဲနှိုက်စနစ်ဖြင့် အခမဲ့ မြေနေရာချထားပေးအပ်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၁၁ နာရီက ရေနီကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ဗန်းမော်မြို့နယ် ရေနီကျေးရွာပြောင်းရွှေ့နိုင်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစံသိန်းက ရေနီကျေးရွာမှ ညောင်ပင်သာကျေးရွာသို့ ပြောင်းရွှေ့မည့် အိမ်ထောင်စုများအတွက် ခွဲဝေပေးမည့် မြေကွက်များနှင့်ပတ်သက်၍လည်းကောင်း၊ ကော်မတီဝင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမြင့်ကျော်က ပြောင်းရွှေ့မည့်အိမ်ခြေ၊ အိမ်ထောင်စုလူဦးရေနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသည့် ကျေးရွာပြောင်းရွှေ့မည့် အိမ်ထောင်စုဝင်များကို ဗန်းမော်မြို့နယ် ရေနီကျေးရွာပြောင်းရွှေ့နိုင်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖ ၂၅ ဦးတို့က မဲစနစ်ဖြင့် စနစ်တကျ အခမဲ့ခွဲဝေပေးခဲ့ပြီး ရေနီကျေးရွာသူ ကျေးရွာသားများ၏ ကိုယ်စား ရေနီကျေးရွာမှ ဦးမြသွင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန် / ဆက်)**

# လာမည့်မေလဆန်းအထိ ထစ်ချုန်းမိုးများရွာနိုင်ပြီး မုန်တိုင်းဖြစ်ပေါ်မှုနည်းပါးမည်

**မန္တလေး မေ ၂၃** - ယခု မေ ၂၃ ရက်အထိ တိုင်းထွာချက်များအရ လာမည့်မေလဆန်းအထိ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်မှု မတွေ့ရှိရသည့်အတွက် ဒေသအလိုက် ထစ်ချုန်းမိုးများရွာနိုင်ပြီး မုန်တိုင်းဖြစ်ပေါ်မှုနည်းပါးမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ) မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။ "လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံအထက်ပိုင်းနဲ့ မြောက်ပိုင်းဒေသတွေမှာ လေထုမငြိမ်သက်မှုတွေကြောင့် ဒေသအလိုက် မွန်းလွဲပိုင်းနဲ့ ညနေပိုင်းတွေမှာ ထစ်ချုန်းမိုးတွေရွာနေတယ်။ မိုးသက်လေပြင်းတွေ တိုက်ခတ်တာပဲရှိတယ်။ အဓိကအနေနဲ့တော့ မြောက်ပိုင်းဒေသတွေမှာ မိုးပျံ့နှံ့စွာရွာသွန်းမယ့် အခြေအနေပိုများပါတယ်။ ဇွန်လကုန်အထိတော့ မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေ အားနည်းနေတယ်"ဟု ၎င်းကပြောသည်။

အဓိကအားဖြင့် အနောက်တောင် မုတ်သုံလေသည် ရာသီမုန်လေဖြစ်ပေါ် စေရန်အတွက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အပူချိန်ပိုမိုမြင့်မားရန်လိုအပ်ပြီး ယင်းအပူရှိန်မှ ဖြစ်ပေါ်လာသော လေဖိအား ပြောင်းလဲခြင်းမှတစ်ဆင့် ၂၀၁၇ ခုနှစ် အတွက် အနောက်တောင် မုတ်သုံလေသည် မေလဒုတိယအပတ်တွင် ဝင်ရောက်လာမည့် အလားအလာရှိသည်ဟု ခန့်မှန်းထားပြီး လာမည့် မေ ၂၆ ရက်နောက်ပိုင်းမှစ၍ နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာနိုင်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# တနင်္သာရီမြို့နယ် သဘောလိပ်ကျေးရွာတွင် အိမ်သစ်တက်အလှူပွဲ၌ အစာအဆိပ်သင့်မှုဖြစ်ပွား



အစာအဆိပ်သင့်လူနာများအား နယ်မြေခံ တပ်မတော်ဆေးတပ်ဖွဲ့က ဆေးဝါးကုသပေးနေစဉ်

**မြိတ် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု သဘောလိပ်ကျေးရွာ ဝဏ္ဏသီရိ ဘုန်းတော်ကြီးကျောင်း၌ မေ ၂၂ ရက် နံနက် ၅ နာရီခွဲခန့်က သဘောလိပ်ကျေးရွာနေ ဒေါ်သောင်းရီ၏ အိမ်သစ်တက် အလှူတွင်ကျွေးမွေးခဲ့ရာမှ စုစုပေါင်း ၂၇ ဦး အစာအဆိပ်သင့် မှုဖြစ်ပွားခဲ့ရာ ဆေးကုသရေးအဖွဲ့များ အချိန်မီလာရောက် ကုသပေးမှုကြောင့် အခြေအနေပြန်လည် ကောင်းမွန်လျက်ရှိ ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ သဘောလိပ်ကျေးရွာ ဝဏ္ဏသီရိဘုန်းတော် ကြီးကျောင်း၌ ဒေါ်သောင်းရီ(၅၀နှစ်)က အိမ်သစ်တက်အရဟ် ဆွမ်းအလှူပွဲတွင် လှူဒါန်းကျွေးမွေးခဲ့သည့် ကင်းမွန်ဟင်း၊ ပုစွန်အချဉ်၊ ကြက်သား/အာလူး၊ ပဲသီးသနပ်၊ ငရုပ်ကောင်း ဟင်းချိုတို့ကို ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသနှင့် ရှင်သာမဏေ ခုနစ်ပါးတို့အား အရဟ်ဆွမ်းကပ်ပြီး သဘောလိပ် ကျေးရွာနေ အမျိုးသား အမျိုးသမီး စုစုပေါင်း ၃၀တို့ကို ညှော်ခံ ကျွေးမွေးခဲ့ရာ ဆရာတော် ဦးတေဇောဘာသနှင့် ရှင်သာမဏေ ခုနစ်ပါး၊ သဘောလိပ်ကျေးရွာနေ အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၉ ဦးတို့က နံနက် ၁၀ နာရီ ခန့်တွင် ဝမ်းသွားပြီး အော့အန်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းအစာအဆိပ်သင့်မှုကြောင့် ကျောင်းထိုင်ဆရာတော် နှင့် ရှင်သာမဏေအပါအဝင် သဘောလိပ်ကျေးရွာနေ အမျိုးသား အမျိုးသမီး စုစုပေါင်း ၂၇ ဦး အစာအဆိပ်သင့်မှု များဖြစ်ပွားခဲ့ရာ တနင်္သာရီမြို့နယ် ကုသရေးဦးစီးဌာနမှ ဒေါက်တာလင်းထိုက်ဦးစီးသော ဆရာ ဆရာမ ၁၂ ဦးနှင့် ခြေမြန် တပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူး ချမ်းလှိုင်ဦးစီးသော ဆေးတပ်ဖွဲ့ ဝင် ၁၁ ဦးအဖွဲ့တို့ပူးပေါင်း၍ ဝဏ္ဏသီရိဘုန်းတော်ကြီးကျောင်း ၌ ဆေးကုသမှုဆောင်ရွက်ခဲ့ရာ ရှင်သာမဏေရှင်ဆန္ဒ (၁၁နှစ်) နှင့် ဒေါ်မန္တဲ့(၆၀နှစ်)တို့ နှစ်ဦးမှာ အနည်းငယ် မူးဝေအော့အန် လျက်ရှိပြီး ကျန်လူနာများမှာ ကျန်းမာရေးအခြေအနေ ကောင်းမွန်သွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့်မှုဖြစ်ပွားရာသို့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေ(ခ) ဖိုးလပြည့်၊ ခေတ္တ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်အောင် ဦးစီး တပ်ဖွဲ့ဝင်များ နှင့် ဒုတိယမြို့နယ်ဦးစီးမှူး ဦးလွမ်းမိုး အောင်တို့အဖွဲ့မှ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**မြင့်ဦး(မြိတ်)**

## မော်ဟန်ကျေးရွာနေ အမျိုးသမီးတစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မိုးညှင်း မေ ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ဘူတာစုရပ်ကွက်နေ အမျိုးသမီး တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားနှင့် မူးယစ်ဆေးဝါးဘိန်းဖြူ များဖမ်းဆီးရမိခဲ့သဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည် ။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ ဒုရဲအုပ်ဇော်လွင်နှင့် တပ်ဖွဲ့ဝင်များ ၊ မော်ဟန်ရဲကင်းစခန်းမှ ဒုတပ်ကြပ်သစ္စာဝင်းတို့ ပူးပေါင်းအဖွဲ့သည် မော်ဟန်ကျေးရွာ ဘူတာစုရပ်ကွက်နေ ဒေါ်သန်းသန်းဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ကြရာ ဘိန်းဖြူမှုန့် အလေးချိန် ၀ ဒသမ ၃ ဂရမ်စီပါ ၁၁ ဘူး စုစုပေါင်း ဘိန်းဖြူအလေးချိန် ၃ ဒသမ ၃ ဂရမ်နှင့် (၈၈/၁)စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ တစ်ထုပ်တို့ကို ရှာဖွေတွေ့ရှိခဲ့ သဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ ဒေါ်သန်းသန်းဝင်း(၄၆နှစ်) မိုးညှင်းမြို့နယ်နေထိုင်သူကို မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၆၇)

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်း ချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက် ခဲ့ပြီး မေ ၂၂ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၀၁ စီး၊ သွင်းကုန် ၃၉၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၇၉စီး၊ ကုန်စည်များ သယ်ယူပို့ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများ ကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက် လျက်ရှိရာ မေ ၂၂ ရက် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၀၅ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေ ဖြင့် မေ ၂၀ ရက်က ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် Toyota Hilux Surf အမျိုးအစား ယာဉ်ကို ၁၆ မိုင် ကျောက်ချော စစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသဖြင့် Toyota Hilux Surf အမျိုးအစား ယာဉ်တစ်စီး၊ ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၂၀ ခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ်၊ တောတွင်းသစ်ပင်၊ အကုန်စုပ်၊ တို့တွေရှုသွင်း၊ လေသန့်ရှင်းမချွန်းရမှာ၊ တောကသာ

လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

နေပြည်တော် — **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊
ဖုန်း-၀၆၇-၄၁၂၁၁၈

နေပြည်တော် — **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)**
ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။
ဖုန်း-၀၆၇-၃၆၁၀၄၈၊ ၀၆၇-၃၆၁၂၉

ရန်ကုန် — **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**
အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈

ရန်ကုန် — **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)**
အမှတ်(၇၇) ၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀

ရန်ကုန် — **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်**
အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊
အလယ်ဘလောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂

ရန်ကုန် — **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)**
အမှတ်(၅၈) ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉

မန္တလေး — **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**
လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊
မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀

တောင်ကြီး — **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)**
ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။
ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇

မကွေး — **ကိုယ်ပွားသတင်းစာတိုက်(မကွေး)**
နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။
ဖုန်း-၀၆၃-၂၃၇၁၂။

ကျိုင်းတုံ — **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)**
မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊
ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂

ကလေး — **ကိုယ်ပွားသတင်းစာတိုက်(ကလေး)**
အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊
ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃

မြစ်ကြီးနား — **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)**
အမှတ်(၄၁) ဧရာရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။
ဖုန်း ၀၇၄-၂၂၄၆၂

စစ်တွေ — **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)**
ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊
မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈

လားရှိုး — **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)**
ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း(၁၂)ရပ်ကွက်၊
မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇

မြိတ် — **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)**
မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။
ဖုန်း-၀၅၉-၄၂၁၈၃

မော်လမြိုင် — **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**
ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။
ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆

မုံရွာ — **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)**
နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။
ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃

# အရှိန်မထိန်းနိုင်သောယာဉ်က လမ်းဘေးသစ်ပင်အားတိုက်မိ၍ ၁၁ ဦးဒဏ်ရာရ

**နေပြည်တော် ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလုံရပ်ကွက် မုံရွာ-ရေဦးကားလမ်း မိုင်တိုင်အမှတ်(၂/၉၃)ကြား၌ ဧပြီ ၂၂ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယာဉ်ထိန်းရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါလမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ ပြည်ကြီးတံခွန်မြို့နယ် စိုက်ကွင်းရပ်နေ ချမ်းပြည့်အောင်(၂၃ နှစ်) မောင်းနှင်လာသည့် 7L/--- -ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် သစ်ပင်အားတိုက်မိခဲ့ရာ ယာဉ်မောင်း ချမ်းပြည့်အောင်၊ ယာဉ်ပေါ်၌ လိုက်ပါလာသော မွန်ပြည်နယ် ကျိုက်ထိုမြို့နေ ဒေါ်ဝင်းဌေး(၄၇ နှစ်)ပါ ၁၀ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ချမ်းပြည့်အောင်အား မုံရွာမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။



**ကိုရဲ**

# ရန်ကုန်သို့ တရားမဝင်လာရောက်သူများအား အခကြေးငွေယူ၍ ပို့ဆောင်သူ ခြောက်ဦးကို အရေးယူ

**ငဖဲ ဧပြီ ၂၃**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ရန်ကုန်မြို့သို့ တရားမဝင်လာရောက်သူ ငါးဦးအား အခကြေးငွေရယူပြီး ခေါ်ဆောင်ခဲ့သည့် လူခြောက်ဦးအား မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ဧပြီ ၂၂ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက် နံနက် ၄ နာရီခွဲက သတင်းအရ ငဖဲမြို့နယ် ဂုတ်ကြီး ရဲကင်းစခန်းမှူး ရဲအုပ်ကျော်မျိုး ဦးစီးသည့်ရဲတပ်ဖွဲ့ဝင်များသည် ငဖဲမြို့နယ် မြေလတ်ကျေးရွာအနီး မင်းဘူး-အမ်းကားလမ်း (နတ်ရေကန်ရှောင်ကွင်းလမ်း)မိုင်တိုင်အမှတ် ၇/၆ ၌ စောင့်ဆိုင်းစဉ် အမ်းဘက်မှ မင်းဘူးဘက်သို့ အရှိန်ပြင်းမောင်းနှင်လာသည့် ပရိုဘောက်ယာဉ်အား ပိတ်ဆို့တားဆီးစစ်ဆေးခဲ့ရာမှ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

အဆိုပါယာဉ်ပေါ်၌ စိန်သန်း(၃၅နှစ်)ယာဉ်မောင်း ညောင်လေးပင်မြို့နယ် ပဲခူးတိုင်းဒေသကြီး၊ အောင်မင်းထွဋ်(၂၉နှစ်)တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်လင်း(၂၉နှစ်) အမ်းမြို့နယ် ရခိုင်ပြည်နယ်နေသူတို့သုံးဦးနှင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်နေ ယာဆင်(၂၆နှစ်)၊ မာမွတ်ဂျူနိုက်(၁၄နှစ်)၊ ကာလာ(၂၅နှစ်)၊ မာမွတ်ရှော်ရီ (၃၃နှစ်)၊ မအုံမော့ဂျော်မီ(၂၂နှစ်) စသည့် အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ စိန်သန်း၊ အောင်မင်းထွဋ်နှင့် ဗိုလ်လင်းတို့၏ထွက်ဆိုချက်အရ ရခိုင်ပြည်နယ် အမ်းမြို့နယ်နေ ဇော်ဝင်း(၂၈နှစ်) အောင်ကိုလတ်( ၃၂နှစ်)၊ အောင်အောင်(၂၇ နှစ်)တို့ သုံးဦးက ဆိုင်ကယ်များဖြင့် လမ်းပြများအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ယင်းနေ့ နံနက် ၅ နာရီက ဇော်ဝင်း၊ အောင်ကိုလတ်နှင့် အောင်အောင်တို့သုံးဦးအား မင်းဘူး-အမ်းကားလမ်း တုံးကြီးကျေးရွာအနီး၌ ဆိုင်ကယ်များနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စိန်သန်းပါခြောက်ဦးအား ဆက်လက်စစ်ဆေးခဲ့ရာတွင် တရားမဝင်လာရောက်သူငါးဦးအား ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ရန်ကုန်မြို့သို့ ပို့ဆောင်ပေးရန် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းတောင်းခံ၍ သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ယင်းစစ်ဆေးပေါ်ပေါက်ချက်အရ အခကြေးငွေယူ၍ သယ်ဆောင်သူ စိန်သန်းပါ ခြောက်ဦးအား အရေးယူနိုင်ရေးအတွက် ငဖဲမြို့နယ် မြို့မရဲစခန်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ပခုက္ကူတံတားအနီး၌ ပုဂံမင်းသား ခရီးသည်တင်ယာဉ် အင်ဂျင်စက်အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**ညောင်ဦး ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ညောင်ဦး-မြင်းခြံသွားလမ်း ပခုက္ကူတံတားအနီး၌ ဧပြီ ၂၂ ရက်က ယာဉ်မောင်း ကျော်သူရ မောင်းနှင်လာသော ပုဂံမင်းသား ခရီးသည်တင်ယာဉ်မှာ အင်ဂျင်စက် အပူလွန်ကဲရာမှ တစ်ဆင့် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ပခုက္ကူခရိုင် မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ယာဉ်နှစ်စီးတို့က ဒေသခံများနှင့် ပူးပေါင်း၍ အချိန်မီ မီးငြှိမ်းသတ်ခဲ့ကြောင်းနှင့် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာခဲ့ကြသည့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။



အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း ကျော်သူရအား လက်ပံခြေပေါ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရွှေအတုပေါင်နှံသူအား အရေးယူထား

**နေပြည်တော် ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ပေါင်နားရပ်ကွက်နေ ဇီဝိတ အမှတ်(၈)အမိန့်ရ အပေါင်ဆိုင်ပိုင်ရှင် ဦးသောင်းယုကြည် (၄၆နှစ်)သည် ဧပြီ ၂၂ ရက် မွန်းလွဲ ၂ နာရီက အပေါင်ဆိုင်၌ ရှိနေစဉ် စလင်းမြို့နယ် မကျီးကုန်းရွာနေ မသင်းသင်းခိုင် (၃၈နှစ်)က လက်စွပ်တစ်ကွင်းအား လာရောက်ပေါင်နှံသဖြင့် စစ်ဆေးရာ ရွှေအတုဖြစ်နေသောကြောင့် အရေးယူပေးရန် တိုင်တန်းသဖြင့် ၎င်းအား စလင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပုသိမ်ကြီးမြို့နှင့် မဘိမ်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၃**

မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၂ ရက်က ပုသိမ်ကြီးမြို့နယ် ဇီးကုန်းကွက်သစ် ၄၉ လမ်းမပေါ်ရှိ ငွေလှိုင်လက်ဖက်ရည်ဆိုင်တွင် တွေ့ရှိသူ စိုင်းမျိုးထွန်းနှင့် နေလင်းအောင်တို့နှစ်ဦးအား ရှာဖွေရာ အိုက်စ် အလေးချိန် ၀ ဒသမ ၉၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ တို့ကို လည်းကောင်း၊ အလားတူ ဧပြီ ၂၁ ရက်က မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့ ရပ်ကွက် (၁) အောက်ခင်းတောနေ မြင့်သိန်းထွန်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ကျော်မင်းထွန်းအား တွေ့ရှိရပြီး ကျော်မင်းထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၅၃ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# သာပေါင်းမြို့နယ်၌ တောဆင်ရိုင်းနှစ်ကောင်နင်းခြေမှုကြောင့် တောင်သူတစ်ဦးသေဆုံး

**ပုသိမ် ဧပြီ ၂၃**

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် တောင်ကလေးကျေးရွာအုပ်စု ဆင်ကူးကုန်းကျေးရွာ အနောက်ဘက် ငါးဖာလုံခန့်အကွာတောလမ်းအတွင်း၌ ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီခွဲခန့်က တောင်သူတစ်ဦး တောဆင်ရိုင်းနှစ်ကောင်၏ နင်းခြေသတ်ဖြတ်ခံရမှုကြောင့် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါသတင်းအရ သာပေါင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမြင့်လွင်ပါ ရဲတပ်ဖွဲ့ဝင် ၂၃ ဦး၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးဇော်သန်းချစ် ဦးစီးသည့် တပ်မတော်သား ငါးဦး၊ သာပေါင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းပါအဖွဲ့ဝင်လေးဦး၊ တောင်ကလေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းထွန်းနှင့် ဒေသခံငါးဦးတို့ ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးကြည့်ရှုရာ သေဆုံးသူမှာ ဆင်ကူးကုန်းကျေးရွာနေ ဦးသန်းဝင်း (၅၉ နှစ်) ဖြစ်ပြီး ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီခွဲက ၎င်း၏သားများဖြစ်ကြသော မောင်ဂါမင်းနှင့် မောင်ဆန်းညွန့်ဝင်းတို့နှင့်အတူ ၎င်း တို့ လယ်ထဲသို့ တောလမ်းအတိုင်းသွားကြရာ တောဆင်ရိုင်းနှစ်ကောင် တွေ့သဖြင့် ခြောက်လှန့်မောင်းနှင်စဉ် တောဆင်ရိုင်းနှစ်ကောင်က ၎င်းတို့အား လိုက်လံနင်းခြေသဖြင့် ထွက်ပြေးကြသော်လည်း ဖခင် ဦးသန်းဝင်းမှာ ရှောင်ပြေး၍မလွတ်ဘဲ ဆင်နှစ်ကောင်၏နင်းခြေမှုကိုခံရပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် သာပေါင်းမြို့နယ်ဆေးရုံသို့ပို့ဆောင်၍ သာပေါင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှစ်ပတ်လည်နှင့် မွေးနေ့အလှူ လှူဒါန်းခြင်း




**ဦးအုန်းမောင်-ဒေါ်ကြည်ကြည်အေးတို့၏ မင်္ဂလာနှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှင့်ကိုကျော်ဇံ-မစန်းယုယုအုန်းတို့၏သား မောင်ဝင်းကျော်ဇံ၏ (၈)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ ၂၃-၄-၂၀၁၇ ရက်တွင် ထာဝရပဒေသာပင် ကျပ် (၁၂)သိန်းကို လှူဒါန်းရာ ရိပ်သာကြီး၏ အမှုဆောင်တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်တင့်က လက်ခံစဉ်။**


**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့**

**အိတ်ဖွင့်တင်ဒါ (OpeanTender) ခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ထောက်ပံ့ရန်လိုအပ်သော ကျောင်းသုံးဗလာစာအုပ် (နှစ်ကြောင်းမျဉ်း ရိုးရိုး)(၂၂၃၆၇၃)ဒါဇင်အား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၃၉၁၇၀၊ ၀၂-၃၃၈၆၁၊ ၀၂-၃၃၇၈၄၊ ၀၂-၃၉၂၈၈တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) **ရောင်းချမည့်ရက်** ၂၅-၄-၂၀၁၇ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** ၉-၅-၂၀၁၇ရက်
(ဂ) **ရောင်းချမည့်နေရာ** မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး(၃၀×၆၈)လမ်းထောင့်၊ မန္တလေးမြို့

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**


## သင့်သွေးဖြင့် အသက်ကယ်ပါ


## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်မင်္ဂလာ ၂ လမ်း၊ အမှတ် ၉၂နေ ဦးတင်ညွန့်-ဒေါ်ပြုံးပြုံးကြည်တို့၏သမီး မစုနန္ဒာလှိုင်(ခ)မအိသူ ၁၂/အစန(နိုင်)၁၈၆၁၈၉ သည် မိဘဆိုဆုံးမမှုကို နာခံမှုမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမှုသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**
**ဦးတင်ညွန့်-ဒေါ်ပြုံးပြုံးကြည်**

# ကမ္ဘာ့အပျော်တမ်း စစ်တုရင်ချန်ပီယံ ဝင်းထွန်းအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၂၃
ယခု ဧပြီလဆန်းပိုင်းက အီတလီနိုင်ငံအက်စ်ပိုလီဒိုရှေးဟောင်း မြို့၌ကျင်းပခဲ့သော ကမ္ဘာ့အပျော်တမ်းစစ်တုရင်ပြိုင်ပွဲတွင် အမိမြန်မာနိုင်ငံ၏ ဂုဏ်ကိုဆောင်ကာ ကမ္ဘာ့အပျော်တမ်း စစ်တုရင်ချန်ပီယံဆုကြီး ဆွတ်ခူးနိုင်ခဲ့သည့် စစ်တုရင်ကစားသမား ဝင်းထွန်းအား ဂုဏ်ပြုပွဲအခမ်းအနားတစ်ရပ်ကို ယနေ့ နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ HI Rock Chess Club ၌ ကျင်းပခဲ့သည်။

"ဒီပြိုင်ပွဲမှာ နိုင်ငံပေါင်း ၂၇ နိုင်ငံက အကောင်းဆုံး၊ အတော်ဆုံး စစ်တုရင်အားကစားသမား ၆၄ ဦး ပါဝင်ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် တစ်ပွဲချင်းစီအနိုင်ကစားနိုင်ဖို့ ချဉ်းကပ်ကြိုးစားခဲ့ရပါတယ်။ စုစုပေါင်းကိုးပွဲကစားရာမှာ ခုနစ်ပွဲနိုင်၊တစ်ပွဲ သရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ်အများဆုံးရပြီး ကမ္ဘာ့အပျော်တမ်းစစ်တုရင် ချန်ပီယံဖြစ်လာခဲ့တာဖြစ်ပါတယ်"ဟု ကမ္ဘာ့အပျော်တမ်း စစ်တုရင်ချန်ပီယံ ဝင်းထွန်းက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကစားသမားပေါင်း ၆၄ ဦးဝင်ရောက်ယှဉ်ပြိုင်ရာ စစ်တုရင်ကစားသမားတစ်ဦးချင်းစီ ကိုးပွဲစီယှဉ်ပြိုင်ရကြောင်း၊တစ်ပွဲနိုင်လျှင် တစ်မှတ်၊သရေကျလျှင် အမှတ်တစ်ဝက် ဝ ဒသမ ၅ နှင့် ရှုံးလျှင် သုညဖြစ်ပြီး ပြိုင်ပွဲ ကိုးပွဲစီယှဉ်ပြိုင်အပြီး ရရှိထားသော အမှတ်များပေါင်းကာ အမှတ်အများဆုံးရရှိသူအား ချန်ပီယံအဖြစ် ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ အပျော်တမ်းစစ်တုရင် ကစားသမား ဝင်းထွန်းသည် ခုနစ်ပွဲနိုင်၊တစ်ပွဲသရေ၊တစ်ပွဲရှုံးဖြင့် စုစုပေါင်း ရမှတ် ခုနစ်မှတ်ခွဲရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဧပြီ ၁ ရက်မှ ၈ ရက်အထိ ကျင်းပသည့် အဆိုပါ ကမ္ဘာ့ အပျော်တမ်း စစ်တုရင်ပြိုင်ပွဲတွင် တစ်နိုင်ငံလျှင် ကိုယ်စားပြု စစ်တုရင် အားကစားသမား နှစ်ဦးယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ဝင်းထွန်းနှင့် စည်သူတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အပျော်တမ်းစစ်တုရင်ချန်ပီယံ ဝင်းထွန်းသည် မေ ၁ရက်က ထုတ်ပြန်သော ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်၏ လက်ရည် စံနှုန်းသတ်မှတ်ချက် ၂၂၃၀ ရှိကြောင်း၊ ၎င်းသည် လက်ရည်စံနှုန်း ၂၀၀၃ ကမ္ဘာ့အပျော်တမ်း စစ်တုရင်ပြိုင်ပွဲတွင်လည်း ပထမဆု ဆွတ်ခူးနိုင်ခဲ့သည်။**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-သက္က**


ကမ္ဘာ့အပျော်တမ်းစစ်တုရင်ချန်ပီယံ ဝင်းထွန်းအား ချန်ပီယံဆုဖလားနှင့်အတူတွေ့ရစဉ်

## မိုးဆက်လက် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၃
ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။
(မိုး/ဇလ)

# ရန်ကင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၂၃
ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် (၁၅) ရပ်ကွက် အဝေရာလမ်း၌ မေ ၂၃ ရက် နံနက် ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော level 2 ယာဉ်အုပ်စုများ ငြိမ်းသတ်ခဲ့ရာ နံနက် ၂နာရီ ၂၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၃ နာရီ ၅ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် တစ်ထပ်အိမ်တစ်လုံး၊ ဂိုဒေါင်တစ်ခုနှင့် ကားတစ်စီး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုအကြောင်းရင်းအား ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၃ ရက် ည ၇ နာရီ ၁၀ မိနစ်က ထန်းတပင်မြို့နယ်၊ တူးချောင်းကျေးရွာအနီး ကိုင်းတောမီးလောင်မှုဖြစ်ပွားသဖြင့် လှိုင်သာယာမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီးနှင့် ရေသယ်ယာဉ်တစ်စီး၊ ထန်းတပင်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး စုစုပေါင်း မီးငြိမ်းသတ်ယာဉ် သုံးစီး ထွက်ခွာငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၄၃ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။
(မြန်မာ့အလင်း)

## မီးဖိုမီး အသုံးပြုလျှင်

(၁) လူစောင့်ထားပါ။
(၂) လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံး ပါနှင့်။
(၃) မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပါ။
(၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံ အကာအရံများ ထားပါ။
(၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

## မြန်မာ့ရုပ်မြင်သံကြား

၂၄-၄-၂၀၁၇ (တနင်္လာနေ့)

**နံနက်ပိုင်း**
၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၀ - MRTV Traveloge
၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၄၀ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Japan"
၁၀း၃၀ - စိုက်ပျိုးရေးရာ အဖြေရှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများ
၁၂း၃၀ - **ရေဆန်စီးတဲ့မြစ်**
၁၃း၃၀ - **ဒေါ်မေရှင်အမှတ်တရ**
၁၃း၄၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့် ဓားဘုရင်** (အပိုင်း-၂၃+၂၄)

**ညပိုင်း**
၁၆း၁၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
- ဒုတိယနှစ် (ဒဿနိက ဗေဒအထူးပြု) (ဒဿနိက ဗေဒ)
၁၆း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၇း၀၅ - အိမ်သုံးပစ္စည်းစက်ရုံ (မင်းဆု)
၁၈း၄၀ - ဥပဒေရေးရာအဖြာဖြာ **ငါ့သား စာဖတ်နေတယ်** ကိုချမ်း၊ ကိုချစ်ဦး၊ ဝေဖြိုးဟိန်း၊ ဟိန်းထွဋ်ဝင်း၊ ဝဏ္ဏအောင်၊ မသန္တာ၊ မေနန္ဒာစိုး (ဒါရိုက်တာ-ဝေဠု(ဝသန်))
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **နှလုံးသားနှင့် ချက်ပြမယ်** (အပိုင်း-၉)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **ရာဇဝင်ထဲကသမိုင်း** အနုပညာ (မြန်နန်းစံကျော် ရွှေနန်းတော်ကြီး) (အပိုင်း-၂) စေတဝန်ဆောင်၊ ပြဲတိုက်ဆောင်
၂၁း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့် ဓားဘုရင်** (အပိုင်း-၂၈)


## မြန်မာကျော် ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အရင်းအနှီးလိုအပ်သော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများကို နွေးထွေးမှုဖြင့် ဖိတ်ခေါ်အပ်ပါသည်။
(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးစိတ်ဝင်စား၍ လုပ်ငန်းအတွေ့အကြုံရှိသူ။
(ခ) ကိုယ်ကျင့် သိက္ခာနှင့်ပြည့်စုံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊အများအတွက် ကိုယ်ကျိုးစွန့်ရဲသည့်စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်နိုင်သူ။
(ဂ) မိမိ၏ လုပ်ငန်းအောင်မြင်လည်ပတ်နေမှုနှင့် ဘဏ္ဍာရေးအခြေအနေအား တင်ပြနိုင်သူ။
(ဃ) ယှဉ်ပြိုင်အရွေးချယ်ခံလုပ်ငန်းရှင် ကိုယ်စားလှယ်လောင်းအား ၎င်းဒေသရှိ လုပ်ငန်း ရှင်ကြီးနှစ်ဦးမှ အာမခံမိတ်ဆက်ပေးနိုင်ရမည်။
(င) နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ငွေစာရင်းနှင့်ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်တစ်ခုခု ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက ဦးစားပေးရွေးချယ်ပါမည်။
(စ) စိစစ်ရွေးချယ်ခံရသူအား လူထုအတွက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် စီးပွားရေးအထောက်အပံ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအဆင့်ရှိ စီမံခန့်ခွဲမှုနည်းပညာရပ်များကိုပါကူညီထောက်ပံ့ပေးပါမည်။
(ဆ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်ခရိုင်တစ်ခုချင်းစီမှ တစ်ဦးနှုန်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်
အမှတ်(၉၈)၊ ဗဟိုလမ်း(အောက်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဦးခင်မောင်ကြည် (ရုံးအဖွဲ့မှူး)၊ ၀၉၇၇၈၈၃၈၈၆၄၊ ၀၉၉၇၁၁၆၁၈၃၅၊
ဒေါ်တင်ဇာလင်း(ဌာနမှူး)၊ ၀၉၄၀၁၅၈၀၄၀၃၊ ၀၉၇၉၅၃၃၂၂၄၉
ဒေါ်ငွေးငွေးဝင်း (ဌာနမှူး)၊ ၀၉၉၇၉၆၂၀၆၃၉၊ ၀၉၂၅၃၀၃၈၇၂၂
ဒေါ်ဝေမွန်သိန်း (ဌာနမှူး)၊ ၀၉၂၅၀၇၇၄၉၀၈၊ ၀၉၄၂၅၂၇၆၉၀၈

2017-2018
အောင်ကောင်းစုံ ရာထူးဝန် ဝင်ခွင့်
မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ဥပဒေ
ထွက်ပြီ
ဦးထွန်းသန်း ပါမောက္ခ(ငြိမ်း)
ဦးမောင်မောင်သန့် (မဟာဝိဇ္ဇာ-နိုင်ငံတကာဆက်ဆံရေး)
ဦးကျော်ဆန်းလင်း The King's English
မဟာဘွဲ့ရတစ်ဦး
၂၀၁၇ ခုနှစ်တွင် စစ်မေးခဲ့သော မေးခွန်းဟောင်းနှင့်စံပြအဖြေများ ပါဝင်ပါသည်။
ဆဋ္ဌမအကြိမ်မြောက် ထပ်မံဖြည့်စွက်သည်
ကောရီစံစာပေ
အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။
C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး-၀၉၇၃၀၅၁၁၁၄၊၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄

RUBY ကားစီးလိုးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊ ၂၄၊၁၈၊၁၄၊ ၁၀၊၃)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

## အမည်ပြောင်း
ရန်ကုန်မြို့နေ ဦးခင်မောင်ဘုန်း၏သမီး မအိမ့်မိုးဆု ၁၂/စခန (နိုင်) ၀၆၈၅၇၂ အား မမိုးသံစဉ်ချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မမိုးသံစဉ်ချို**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ မင်းမဟော်လမ်း၊ အမှတ် ၁၁၅၊ လေးလွှာ(ယာ)၊ အခန်းအကျယ်အဝန်း (၁၁ ½ပေ×၄၅ပေ) အခန်းအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်မြင့် ၁၂/မဂတ(ဧည့်)၀၀၀၀၁၈ က ပိုင်ဆိုင်၍ ဒေါ်ခင်ခင်မော် ၁၂/ရပသ(နိုင်)၀၃၅၅၃၀ က အဆိုပါအခန်းအား အပိုင်ဝယ်ယူရန်အတွက် ရောင်းချငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။
ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့်ရှိသူမည်သူ အဆိုခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**အခန်းဝယ်ယူသူ**
**ဒေါ်ခင်ခင်မော်**
**၁၂/ရပသ(နိုင်)၀၃၅၅၃၀**
**အမှတ်၈၊ သုံးမြွှောင့်လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၄၆၁၉၉၄၇၀၉-၄၂၁၀၈၃၃၃**

## ငှားမည်
ပေ (၆၀ × ၂၀)
စားသောက်ဆိုင်
FL-17 လိုင်စင်
နေရာကောင်းသည်။
တောင်ဥက္ကလာပ
ဖုန်း-၀၉-၇၈၃၉၄၀၈၆၄

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာနေ ဦးသန်းလှိုင်-ဒေါ်ဝင်းဝင်းလွင်တို့၏သား မောင်စည်သူလွင် ၅/ပလန(နိုင်)၀၆၁၉၆၃သည် မိဘများကို စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို မိဘများအနေဖြင့် တာဝန်ယူမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးသန်းလှိုင်-ဒေါ်ဝင်းဝင်းလွင်**
**မင်းတိုင်ပင်ကျေးရွာ**

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အထက(၄)၊နဝမတန်း(ဂ)မှ ခွန်အေးမောင်၏ဖခင် အမည်မှန်မှာ ဦးလော် ၁၃/ပလန(နိုင်) ၀၂၈၀၈၄ ဖြစ်ပါသည်။

# ကျွန်တော်နဲ့ နိုင်ငံရေးဘောဂဗေဒ



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟာ စီးပွားရေးပညာကို လေ့လာသူတစ်ဦး ဖြစ်ပါတယ်။ စီးပွားရေးပညာလို့ ပြောတဲ့နေရာမှာ ရှုထောင့်အမျိုးမျိုးနဲ့ သုံးသပ်နိုင်တာမို့ မိမိရဲ့ ရှုမြင်သုံးသပ်မှုကို အခြေခံပြီး ဆန်းစစ်နိုင်မှာဖြစ်တယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံရေးဘောဂသုံးသပ်မှုဟာ အထိရောက်ဆုံးဖြစ်တယ်လို့ မြင်မိတယ်။ အမှန်တော့ ခေတ်သစ်စီးပွားရေးပညာကို ဖော်ထုတ်ခဲ့တဲ့ အဲဒမ်စမစ်ဟာ နိုင်ငံရေးဘောဂပညာရှင် ဖြစ်တယ်။ အခြေခံသဘောကတော့ စီးပွားရေးကို နားလည်အောင် နိုင်ငံရေးအမြင်ရှိဖို့ လိုအပ်သလို နိုင်ငံရေးကို သုံးသပ်ရာမှာ စီးပွားရေးချဉ်းကပ်မှု လိုအပ်တာကို ဖော်ထုတ်ခြင်း ဖြစ်တယ်။ စီးပွားရေးနဲ့ နိုင်ငံရေးကို ခွဲခြားပြီး စဉ်းစားလို့မဖြစ်ဘဲ တွဲဖက်ပြီး ခြုံငုံသုံးသပ်ရမှာသာ ဖြစ်တယ်။

ကျွန်တော်ဝမ်းနည်းမိတဲ့ ကိစ္စက တက္ကသိုလ်စတက်တဲ့ အချိန်မှာ နိုင်ငံရေးဘောဂဗေဒပညာကို သင်ခွင့်မရခဲ့ပါဘူး။ ခေတ်ရဲ့ အနေအထားတွေကြောင့် နိုင်ငံရေး နဲ့ စီးပွားရေး ပညာတွေကို တွဲဖက်ပြီး သင်ကြားခွင့်မရခဲ့ပါဘူး။ ဒီတုန်းက သင်ယူခဲ့တဲ့ နိုင်ငံရေးသိပ္ပံဟာလည်း အယူအဆတစ်ခု၊ ဝါဒတစ်ခုကို ရိုက်သွင်းခဲ့တာသာဖြစ်တယ်။ နိုင်ငံရေးပညာကို နက်နက်နဲနဲ သင်ကြားခွင့်မရခဲ့ပါဘူး။ နိုင်ငံခြား ပညာတော်သင်အဖြစ် သွားခွင့်ရတဲ့အချိန်မှာ လေ့လာခွင့်ရခဲ့တာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ်ရတဲ့အခွင့်အရေးကို ရအောင်ယူပြီး လေ့လာခဲ့တယ်။ နောက်ပိုင်းကုလသမဂ္ဂမှာ တာဝန်ယူတော့လည်း စီးပွားရေးပေါ်လစီတွေ ဖော်ထုတ်မှု ဆန်းစစ်မှုတို့ တာဝန်ယူတဲ့ အချိန်ပိုပြီး အရေးပါလာတာ တွေ့ရတယ်။ အဖွဲ့ဝင်နိုင်ငံတွေမှာ လူမှုရေးပေါ်လစီတွေ ထုတ်ဖော်ရာမှာ စီးပွားရေး၊ နိုင်ငံရေးအခြေအနေတွေကို သုံးသပ်ဖို့ လိုတာကို သိလာခဲ့ပြန်တယ်။ နိုင်ငံလေးနိုင်ငံမှာ ကျွန်တော်တာဝန်ယူပြီး ဆောင်ရွက်ခဲ့တဲ့ သုတေသနတစ်ခုလုပ်ရင်း နိုင်ငံရေးဘောဂဗေဒရဲ့ အရေးပါမှုကိုပိုပြီး သဘောပေါက်ခဲ့ပြန်တယ်။

နိုင်ငံတစ်နိုင်ငံ ဘာကြောင့် တိုးတက်ဖွံ့ဖြိုးသလဲ။ တိုးတက်ဖွံ့ဖြိုးမှုကို အားပေး အားမြှောက်ပြုတဲ့ အခြေခံတွေက ဘာလဲ။ ဒီမေးခွန်းတွေကို အဖြေရှာဖို့ အာရှနိုင်ငံ နှစ်နိုင်ငံနဲ့ အာဖရိက နိုင်ငံနှစ်နိုင်ငံမှာ သုတေသနလုပ်ငန်းကို ဆောင်ရွက်ခဲ့တယ်။ သုတေသနအလုပ် ဆိုတာက အမှန်တော့ မေးခွန်းတွေမေးခြင်း ဖြစ်တယ်။ သိလိုတဲ့ မေးခွန်းတွေမေးပြီး ဒုတိယအဆင့်အနေနဲ့ ဒီမေးခွန်းတွေနဲ့ ပတ်သက်လို့ ဖြစ်နိုင်ခြေရှိတဲ့ အဖြေတွေကို ဖော်ထုတ်ခြင်း ဖြစ်တယ်။ ဒါကို စာစကားအရ အဆိုပြုချက်တွေ ဖော်ထုတ်မှုလို့ ပြောကြတယ်။ နောက်ဆုံးအဆင့်ကတော့ ဒီအဆိုပြုချက် ဖြစ်နိုင်ခြေရှိတဲ့ အဖြေတွေ ယုတ္တိရှိမရှိ မှန် မမှန်ကို သက်သေအထောက်အထားတွေ စာရင်းအချက် အလက်တွေ ပြုစုပြီး ဆန်းစစ်ခြင်းဖြစ်တယ်။ စောစောက နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုဟာ ဘာကြောင့်ဖြစ်ရသလဲဆိုတဲ့ မေးခွန်းမေးပြီး အဆိုပြုချက်အနေနဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေး လုပ်ငန်းတွေမှာ အစိုးရရဲ့ဘတ်ဂျက်ကို အနည်းဆုံး ၂၀ ရာခိုင်နှုန်း အသုံးချဖို့လိုကြောင်း ဖော်ထုတ်ခဲ့တယ်။ အခုလို မေးခွန်းမေး အဆိုပြုချက်ဖော်ထုတ်ပြီး ဖော်ထုတ်တဲ့ အဆိုပြုချက်ကို အတည်ပြုဖို့ စာရင်းအချက်အလက်တွေကို နိုင်ငံလေးနိုင်ငံမှာ ကောက်ယူခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ဘတ်ဂျက်နဲ့ပတ်သက်ပြီး အဆုံးအဖြတ်ပေးတဲ့နေရာမှာ စောစောက တင်ပြခဲ့သလို ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးကဏ္ဍတွေမှာ ၂၀ ရာခိုင်နှုန်း သုံးစွဲဖို့ ငွေမရှိတာ မဟုတ်ဘဲ နိုင်ငံရေးခံယူချက်မရှိခဲ့ကြောင်း တွေ့ရပါတယ်။

စီးပွားရေးပညာဟာ အမှန်တော့ အင်မတန်မှ အခြေခံကျတဲ့ ဘာသာရပ်ဖြစ်တယ်။ စီးပွားရေးပြဿနာကို အဖြေရှာတဲ့ ပညာရပ်ပါ။ စီးပွားရေးပြဿနာလို့ပြောရင် အဆုံးအဖြတ်ပေးခြင်းပဲ ဖြစ်တယ်။ အလွယ်ဆုံးဥပမာတစ်ခုကို ပေးခြင်းဖြစ်ပါတယ်။ စားသောက်ဆိုင်တစ်ဆိုင်ဝင်ပြီး အစားအသောက်မှာတယ်ဆိုပါစို့။ မိမိမှာ ငွေလိုသလောက်ရှိနေရင် ကြိုက်တဲ့အစာကို မှာလို့ရပေမယ့် ငွေကြေးပမာဏ မလုံလောက်ရင် ဟိုဟာ စားမလား၊ ဒီဟာစားမလားဆိုတာကို စဉ်းစားပြီး အဆုံးအဖြတ် လုပ်ရတယ်။ ဒါကြောင့် အဆုံးအဖြတ်ကို အကန့်အသတ် ဘောင်အတွင်း လုပ်ရရင် မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့ စီးပွားရေးပညာကို အသုံးချရတာ ဖြစ်တယ်။

အခုလိုပဲ နိုင်ငံတော်အစိုးရမှာ လိုသလောက် ဘဏ္ဍာငွေတွေရှိရင် တံတားလည်း ဆောက်နိုင်တယ်။ လမ်းလည်း ဖောက် နိုင်တယ်။ ကျန်းမာရေးစောင့်ရှောက်မှုလည်း ပေးနိုင်တယ်။ ပညာရေးကဏ္ဍကို မြှင့်တင်နိုင်တယ်။ ဒါတွေအားလုံးကိုလုပ်ဖို့ ဘဏ္ဍာငွေက အကန့်အသတ်ဖြစ်နေတာမို့ မလုပ်နိုင်ဘူး။ ဒါကြောင့် ဦးစားပေးပြီး ရွေးချယ်ရတယ်။ ဘာကို ဦးစားပေးပြီး ရွေးချယ်မလဲဆိုတာက နိုင်ငံရေးဘောဂဗေဒ ပြဿနာပဲဖြစ် တယ်။ အခုလိုဆုံးဖြတ်တဲ့အခါ တစ်ချိန်တုန်းက စီးပွားရေးပညာအရ ဦးနှောက်ကိုသုံးပြီး ချင့်ချိန်တယ်၊ တွက်ချက်တယ်။ စနစ်တကျ အကြောင်းအကျိုး အပြည့် စဉ်းစားပြီးမှ အကောင်းဆုံးရွေးချယ်မှုကို ပြုလုပ်တယ်လို့ လာခဲ့တယ်။ ဒါကြောင့် စီမံကိန်းစီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တယ်။

မြန်မာနိုင်ငံအပါအဝင် လွတ်လပ်ရေးရပြီးစ နိုင်ငံတိုင်းလိုလို အခုလိုပဲ ရွေးချယ်ခဲ့ကြတယ်။ ဖားတစ်ပိုင်း ငါးတစ်ပိုင်း စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ကြတယ်။ ဒုတိယ ကမ္ဘာစစ်ပြီးချိန် အရှေ့နဲ့အနောက် စစ်အေးကျင်းပချိန်မှာ လွတ်လပ်ရေးရပြီးစ နိုင်ငံတွေမှာ အခုလိုပဲကျင့်သုံးခဲ့ကြတယ်။ ဒါကြောင့်လည်း မကြာမီက ကွယ်လွန်သွားတဲ့ ပါမောက္ခဆရာကြီး ဒေါက်တာဦးလှမြင့်ဟာ စီးပွားရေးအကြံပေးတာဝန်ယူခဲ့စဉ် နိုင်ငံ့ခေါင်းဆောင်နဲ့သဘောထားကွဲလွဲပြီး လမ်းခွဲခဲ့တယ်။ ဆရာကြီးကတော့ လွတ်လပ်တဲ့၊ ပွင့်လင်းတဲ့ စီးပွားရေးစနစ်လိုဖော်ထုတ် တိုက်တွန်းခဲ့သူ ဖြစ်တယ်။ တစ်ခုသတိပြုရမယ့် ကိစ္စက လွတ်လပ်ရေးရပြီး ၁၀ နှစ်တာကာလအတွင်း နိုင်ငံစီးပွားရေးနဲ့ လူမှုရေးအခြေအနေတွေ သိသိသာသာ တိုးတက်ခဲ့တယ်။ ၁၉၆၂ ခုနှစ်မှစပြီး တော်လှန်ရေးကောင်စီအစိုးရနဲ့ မဆလ အစိုးရတို့ဟာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးလာခဲ့တယ်။ ရှိသမျှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းပိုက်ခဲ့တယ်။ အခြားဆိုရှယ်လစ် စီးပွားရေးစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေထက် ပိုမိုပြင်းထန်တဲ့စနစ်ကို ဖော်ထုတ်ခဲ့တယ်။ အလယ်အလတ်လမ်းကြောင်းကို ကျင့်သုံးတဲ့နိုင်ငံမှာ အခုလို အစွန်းတရားလက်ခံခဲ့တာဟာ အံ့သြစရာကိစ္စ တစ်ခုပါပဲ။ ရှင်သန်အရှိန်ရခါစ ပုဂ္ဂလိကကဏ္ဍဟာ ပျောက်ဆုံးခဲ့တယ်။ စီးပွားရေးကျပ်တည်းမှုတွေကို မှောင်ခိုစီးပွားရေးစနစ်နဲ့ အဖြေထုတ်ခဲ့ကြတယ်။ အရာရာကို ကန့်သတ်ထားတာတွေကြောင့် အစစအရာရာ ရှားပါးခဲ့တယ်။ လိုချင်တဲ့ကုန်ပစ္စည်းတွေကို တရားမဝင်တဲ့ လမ်းကြောင်းနဲ့ ဖြေရှင်းခဲ့တယ်။ စီမံအုပ်ချုပ်မှု ညံ့ဖျင်းခဲ့မှုကြောင့် ၁၉၈၇ ခုနှစ်မှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့ဖွံ့ဖြိုးမှု အဆင့်အတန်းအနိမ့်ဆုံး စာရင်းဝင်ဖြစ်ခဲ့တယ်။



သုံးသပ်ခဲ့တယ်။ အခုခေတ်မှာတော့ အခုလိုမဟုတ်တော့ဘဲ အဆုံးအဖြတ်ပေးတဲ့နေရာမှာဦးနှောက်သာမကဘဲ နှလုံးသားနဲ့ ဆုံးဖြတ်ကြတယ်။ တစ်နည်းပြောရရင် ခံစားချက်တွေကို တစ်ပါတည်း ထည့်သွင်းတယ်လို့ လက်ခံလာတယ်။ ကျွန်တော်က တပည့်တွေကို အမြဲသတိပေးခဲ့တာ။ မိမိရဲ့လေ့လာဆည်းပူးမှုကို မရပ်ဘဲ ခေတ်နဲ့ အညီ လိုက်မီအောင် ကြိုးစားဖို့ ပြောတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်က စီးပွားရေး ပညာနဲ့ ယနေ့ စီးပွားရေးပညာဟာ မတူတော့ပါဘူး။ တိုးတက်ပြောင်းလဲ နေပါတယ်။ ဒါကြောင့် အမြဲမပြတ် ပညာကို လေ့လာပါ၊ ဆည်းပူးပါလို့ တိုက်တွန်းခဲ့ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အရေးပါဆုံးက ပုဂ္ဂလိကကဏ္ဍ ဖြစ်တယ်။ ပုဂ္ဂလိကကဏ္ဍ တိုးတက်မှ နိုင်ငံရဲ့ စီးပွားရေးတိုးတက်နိုင်မှာ ဖြစ်တယ်။ ပုဂ္ဂလိက ကဏ္ဍကို လွတ်လပ်ရေးရပြီးချိန်ကစပြီး ယခုအချိန်အထိ နိုင်ငံရေးဘောဂဗေဒပညာရပ်နဲ့ သုံးသပ်နိုင်ပါတယ်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ မြန်မာနိုင်ငံမှာ နိုင်ငံတော်နဲ့ ပုဂ္ဂလိက ကဏ္ဍနှစ်ခုပူးပေါင်းပြီး (mixed economy) လို့ ခေါ်တဲ့ အရောစီးပွားရေးစနစ်ကို အသုံးချခဲ့တယ်။ နိုင်ငံတော်အစိုးရက စီးပွားရေးအလုပ်တွေမှာ ပါဝင်ပတ်သက် ခဲ့တယ်။ စီမံကိန်းစီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ အခုလို ဖြစ်တာကိုလည်း နိုင်ငံရေးဘောဂဗေဒရှုထောင့်က သုံးသပ်နိုင်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုတွေကို ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံရေးအရလုပ်ရုံမက စီးပွားရေးအရလည်း ကြိုးစားခဲ့တယ်။ ကိုလိုနီစနစ်မှာ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံ ထားတာမို့ ဒီစနစ်ကို တွန်းလှန်တဲ့နေရာမှာ နိုင်ငံရေးအရ သာမက စီးပွားရေးအရလည်း ပြောင်းလဲဖို့လိုတယ်လို့ လက်ခံ

၁၉၈၈ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အတွင်းစစ်အစိုးရဟာ ဈေးကွက်စီးပွားရေးစနစ်ကို စတင်အကောင်အထည် ဖော်ခဲ့တယ်။ ဒါပေမယ့် စစ်မှန်တဲ့ ဈေးကွက်စီးပွားရေးစနစ် မဟုတ်ဘဲ အဆက်အသွယ်အပေါင်းအသင်းကို အခြေပြုတဲ့ စီးပွားရေးစနစ်ကိုကျင့်သုံးခဲ့တယ်။ ဒါကြောင့်လည်း နာမည်ကြီး ခရိုနီစီးပွားရေးစနစ်ကို ဖော်ထုတ်ခဲ့တာ။ နိုင်ငံတကာဖိအားပေးမှုတွေ နိုင်ငံရေး၊ စီးပွားရေး ပိတ်ဆို့မှုတွေ ခံခဲ့ရတယ်။ ဒါကြောင့်လည်း မေးခွန်းတွေမမေးဘဲ စီးပွားရေးအကျိုး တစ်ခုတည်းကို ကြည့်တဲ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုခဲ့တယ်။ လူ့အခွင့်အရေး ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုတွေကို လျစ်လျူရှုခဲ့တယ်။ ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှုကို မကျင့်သုံးဘဲ တစ်ကိုယ်ကောင်းဆန်တဲ့ လုပ်ရပ်တွေ လွှမ်းမိုးခဲ့တယ်။ ရှိသမျှ သဘာဝသယံဇာတပစ္စည်းတွေကို စည်းကမ်းမဲ့ဖော်ထုတ်ခဲ့ဝေခဲ့ကြတယ်။ နိုင်ငံချမ်းသာပြီး လူတွေက ဆင်းရဲသွားခဲ့တယ်။ အခုလို ဖြစ်တဲ့အခြေခံ အကြောင်းအချက်ကတော့ နိုင်ငံရေးဘောဂဗေဒသာ ဖြစ်တယ်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှာ အသွင်ကူးပြောင်းဖို့ ကြိုးစားခဲ့ပေမယ့် အောင်အောင်မြင်မြင် မဆောင်ရွက်နိုင်ခဲ့ဘူး။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရလဒ်ကြောင့် တစ်နှစ်တာ နိုင်ငံရေးတာဝန်ယူထားတဲ့ အစိုးရသစ်အတွက် တာဝန်ကျေပွန်တဲ့ ပုဂ္ဂလိကကဏ္ဍတစ်ခုကို ဖော်ထုတ်နိုင်ဖို့ အခွင့်ကောင်းတစ်ရပ်ဖြစ်တယ်။ ပြည်သူနဲ့အတူလက်တွဲပြီး လူမှုရေးကို အခြေပြုတဲ့ ဈေးကွက်စီးပွားရေးစနစ် (Social Market Economy) တစ်ရပ်ကို ဖော်ထုတ်ဖို့ လိုအပ်မှာဖြစ်တယ်။ စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို နိုင်ငံတော်အစိုးရက ဦးဆောင်ဦးရွက်ပြုပေမယ့် ပုဂ္ဂလိကကဏ္ဍမှ ရှေ့တန်းက အကောင်အထည်ဖော်ရမှာသာ ဖြစ်တယ်။

အစိုးရဟာ စီးပွားရေးကို လွတ်လွတ်လပ်လပ် လုပ်နိုင်မယ့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရမယ်။ ဥပဒေတွေနဲ့ အကာအကွယ်ပေးရမယ်။ တရားဥပဒေစိုးမိုးရေးကို အာမခံရမယ်။ ကိုယ်တိုင်ကိုယ်ကျစီးပွားရေး ဝင်လုပ်တာကို အတတ်နိုင်ဆုံးရှောင်ရှားပြီး စီးပွားရေးလုပ်တတ်တဲ့၊ လုပ်နိုင်တဲ့ပုဂ္ဂလိကကဏ္ဍကို လွတ်လပ်စွာ လုပ်ခွင့်ပြုရမယ်။ နိုင်ငံ့စီးပွားရေးနဲ့ ပတ်သက်လာရင် စီမံကိန်း (plan)နဲ့ အစီအစဉ် (planning) ခွဲခြားဖို့ လိုအပ်တယ်။ ကျွန်တော်တို့ နိုင်ငံဟာ စီမံကိန်းတွေကိုသိပ်ကြိုက်တယ်။ လွတ်လပ်ရေးရပြီးချိန်မှာ ပြည်တော်သာ စီမံကိန်းကို ဖော်ထုတ်ခဲ့သလို၊ မဆလခေတ်မှာလည်း ငါးနှစ်စီမံကိန်းတွေကို ရေးဆွဲခဲ့ကြတယ်။ စစ်အစိုးရလက်ထက်မှာလည်း စီမံကိန်းတွေကို အားကိုးခဲ့ကြတယ်။ ခေတ်အဆက်ဆက် အကျင့်ပါနေလို့ ထင်ပါရဲ့။ စီမံကိန်းတွေကို ကျကျနန ဆွဲခဲ့ပေမယ့် အကောင်အထည်ဖော်မှုမှာ အားနည်းခဲ့တယ်။ စက္ကူပေါ်မှာ ကောင်းလှတဲ့စီမံကိန်းတွေဟာ လက်တွေ့နဲ့ မနီးစပ်ခဲ့ဘူး။ အမှန်တကယ်လိုအပ်တာက အစီအစဉ်ဖြစ်တယ်။ မိမိရဲ့ ရည်မှန်းချက်၊ ရည်ရွယ်ချက်တွေကို ကြည်လင်ပြတ်သားလှတဲ့ ရူပါရုံဖော်ထုတ်ပြီး အစီအစဉ်တွေကို ဖော်ထုတ်ရမယ်။ နောက်အနှစ် ၁၅နှစ်အတွင်း နိုင်ငံကိုဘယ်လိုဖြစ်စေသလဲ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး လက်ခံထားတဲ့ စဉ်ဆက်မပြတ်ရည်မှန်းချက် ၁၇ ချက်ဟာ မြန်မာနိုင်ငံအတွက် ဦးတည်ချက်ဖြစ်တယ်။

တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာ အမျိုးသားစီမံကိန်း (National Plans) ဆိုတာမရှိဘူး။ အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေ၊ လူပုဂ္ဂိုလ်တွေဟာ လွတ်လပ်စွာ အစီအစဉ်တွေ ချမှတ်ကြပြီး နိုင်ငံတိုးတက်အောင် ကြိုးစားကြတယ်။

ပုဂ္ဂလိကကဏ္ဍတိုးတက်ဖို့အတွက် အခြေခံတစ်ခုကတော့ တရားသော ယှဉ်ပြိုင်မှုဖြစ်တယ်။ ဒါကြောင့် အစိုးရရဲ့တာဝန်ဟာ မြေညီကွင်းကိုဖော်ထုတ်ဖို့ဖြစ်တယ်။ ယှဉ်ပြိုင်မှုလို့ဆိုတဲ့နေရာမှာ ပြည်တွင်းလုပ်ငန်းတွေအတွက် သာမက နိုင်ငံခြားကုမ္ပဏီတွေကို ကြိုဆိုပြီး ယှဉ်ပြိုင်မှုကို အားပေးရမှာသာ ဖြစ်တယ်။ နိုင်ငံရေးအမြတ်ကို စီးပွားရေး အမြတ်ရအောင်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ရဲရဲဝံ့ဝံ့ကြိုဆိုရမှာဖြစ်တယ်။ စီးပွားရေးနယ်ပယ်တိုင်းမှာ ယှဉ်ပြိုင်မှုကို အားပေးပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုလက်ခံရမှာသာဖြစ်တယ်။ ဒါကတော့ ကျွန်တော့်ရဲ့ နိုင်ငံရေးဘောဂဗေဒအမြင် ဖြစ်တယ်။ တချို့ကတော့ စီးပွားရေးကို ပိတ်ထားချင်တယ်။ ယှဉ်ပြိုင်မှုကို ကြောက်တယ်။ အသာစီးရထားတဲ့သူတွေက မိမိအခြေအနေကို မထိခိုက်စေချင်ဘူး။ ဒါပေမယ့် ကျွန်တော်တို့အာရုံထားရမှာက ပြည်သူ့မျက်နှာ၊ စားသုံးသူတွေရဲ့ မျက်နှာသာဖြစ်တယ်။

ရဲရင့်ပြတ်သားတဲ့ စီးပွားရေး၊ လူမှုရေး၊ မူဝါဒတွေ ချမှတ်ပြီး စစ်မှန်တဲ့လူမှုဈေးကွက်စီးပွားရေးစနစ် တစ်ရပ်ကို ဖော်ထုတ်သင့်တယ်။ ဘာပဲဖြစ်ဖြစ် အချိန်တိုတိုအတွင်း လိုအပ်တဲ့စီးပွားရေးနယ်ပယ်မှာ အောင်မြင်မှုတွေ တိုးတက်မှုတွေရရှိအောင် နိုင်ငံတော်အစိုးရက ပုဂ္ဂလိက ကဏ္ဍနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ရမှာသာ ဖြစ်ပါတယ်။

---

## တောင်နဝင်းဆည်ရေ စနစ်တကျသုံးစွဲရေး အကြံပြုဆွေးနွေး

**ပေါက်ခေါင်း မေ ၂၃**

ပေါက်ခေါင်းမြို့နယ် ကြို့ပင်ဝိုင်းအုပ်စု ကုန်းကြီးကျေးရွာ၌ မေ ၂၀ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် JICA မှ တာဝန်ရှိသူများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ခံဦးစီးအရာရှိ နှစ်ဦးတို့သည် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများအား ရင်းနှီးစွာတွေ့ဆုံခဲ့၍ ဆည်ရေစနစ်တကျသုံးစွဲရေး ဆွေးနွေးခဲ့သည်။ တောင်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ခုနှစ်က ဆောင်ရွက်ပြီးစီးခဲ့ပြီး နွေစပါးရေပေးဝေလျက်ရှိသော တောင်နဝင်းတူးမြောင်းမကြီး (RD-50000') မှ (RD-65000') အတွင်းရှိ DY-5,DY-6,DY-7,DY-8 နှင့် DY-8-1 များ၏ ရေပေးဝေနိုင်မှုအခြေအနေ၊ တောင်သူများအတွက် ပိုမိုအကျိုးရှိနိုင်သည့် နည်းလမ်းများ၊ လိုအပ်ချက်များကို ဆွေးနွေးခြင်း၊ မှတ်တမ်း တင်ခြင်း၊ စီမံကိန်းဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထပ်မံဖြည့်စွက်ဆောင်ရွက်ရန်အတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြခြင်း၊ ယခင်အားနည်းချက်များကို ထပ်မံမဖြစ်စေရန်နှင့် ဆည်ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက်အကြံပြုဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြင့်နိုင်(ပြည်)

# ပွင့်ဖြူမြို့နယ်၌ မာရသာမုန်တိုင်းကြောင့် ကိုင်းမြေများအဆင်ပြေ၊ လယ်မြေအချို့ရှိ နှမ်းခင်းများပျက်စီး

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-မေမိုးသဲ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း၌ ဧပြီ ၁၆ ရက်က တိုက်ခတ်ခဲ့သော မာရသာမုန်တိုင်းကြောင့် မြေအစိုဓာတ်ရရှိ၍ တောင်သူများ ကိုင်းမြေလုပ်ငန်းခွင်များသို့ စောစီးစွာဝင်ရောက်လုပ်ကိုင်နိုင်ခဲ့သော်လည်း စိုက်ပျိုးထားသော နှမ်းခင်းများမှာ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

"အရင်နှစ်တုန်းကတော့ ဒီအချိန်ဆို ရေတင်ပြီး နှမ်းကြဲရတာ။ ခုတော့ သင်္ကြန်တုန်းက ရွာလိုက်တဲ့မိုးကြောင့် အစိုဓာတ်ရပြီး ရေတင်စရာမလိုတော့ဘဲ နှမ်းကြဲလို့ရသွားတယ်။ တပေါင်းလကတည်းကရေတင်စိုက်ထားတဲ့နှမ်းတွေလည်းရှိတယ်။ ဒါပေမယ့် နှမ်းခင်းတွေက သိပ်မကောင်းဘူး။ ခုမိုးနဲ့စိုက်တဲ့နှမ်းခင်းတွေကတော့ ဘယ်လိုလာမယ်မသိသေးဘူး။ အရင်နှစ်က ရာသီဥတုကောင်းတော့ နှမ်းတွေရကြတယ်။ သင်္ကြန်တုန်းက ရွာလိုက်တဲ့မိုးကြောင့် ကိုင်းမြေသမားတွေအတွက် အဆင်ပြေပေမယ့် လယ်သမားတွေ အတွက်တော့ မကောင်းခဲ့ဘူး။ လယ်ထဲမှာ တပေါင်းလထဲက မြောင်းရေနဲ့ စိုက်ထားတဲ့ နှမ်းခင်းတွေ အကုန်မိုးမိပြီးသေကုန်တယ်။ တချို့အပင်ကြီးတွေလောက်ပဲ ကျန်တာ။ ဒါတောင် နောက်ကောင်းမယ်၊ မကောင်းဘူးဆိုတာ မသိရသေးဘူး။ ပျက်စီးတဲ့ဧကကတော့ ဘုရားအနောက်ဘက်ကွင်းက အကုန်နီးပါးဆိုတော့ ဧက ၂၀၀ ကျော်လောက်ရှိတယ်။ ဒီဘက်က လယ်မြေတွေက မိုးစပါးပြီးရင် တချို့ကနှမ်းတို့၊ ကုလားပဲတို့ စိုက်ကြတယ်။ သီးလှည့်စိုက်ပျိုးရတော့ မြေဆီလွှာကိုထိန်းသိမ်းပြီးသားဖြစ်သလို စိုက်ပျိုး တဲ့သီးနှံအလိုက်လည်း အထွက်နှုန်းကောင်းပြီး ဒေသခံတောင်သူတွေလည်း ချောင်လည်တာပေါ့။ ကွင်းတွေမှာ အကုန်တော့ စိုက်လို့မရဘူး။ နွေစပါးအတွက် ရေပြန်မလွှတ်ခင် ရေနိုင်တဲ့ အကွက်တွေ၊ ကုန်းမြင့်တဲ့အကွက်တွေလောက်ပဲ နှမ်းတို့၊ ပဲတို့ ကြဲလို့ရတာ။ စိုက်ပျိုးရေး အခြေအနေနဲ့က ရာသီဥတုပေါ်မှာ မူတည်နေတော့ ရာသီဥတုကောင်းရင် သီးနှံတွေလည်းကောင်းပါတယ်။ ကျွန်တော်တို့ တောင်သူတွေအဖို့တော့ဥတုကောင်းဖို့ပဲ ဆုတောင်းနေရတာ။ အရင်းအနှီးမရှိတဲ့သူတွေဆို ပိုဆိုးတယ်။ ချေးငှားပြီး စိုက်ပျိုးရတယ်။ သီးနှံလည်းထွက်ရော အရင်အကြွေးကို ဆပ်လိုက်ရတာနဲ့လုံးလည်ကိုရိုက်သွားတာပဲ။ ဒီကြားထဲ ရာသီဥတုကဖောက်လိုက်လို့သီးနှံအထွက်နည်းရင် မတွေးဝံ့စရာပဲပေါ့"



ပွင့်ဖြူမြို့နယ်၌ တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်နေစဉ်

ဟု ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ကျေးရွာမှ တောင်သူတစ်ဦးကပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဝဲဒေါင့်ရွာ၊ ဖလံတော၊ နှောကျင်း၊ ပေတော၊ ကျွန်းပင်စင်၊ ရွာသစ်၊ အနောက်ကိုင်း၊ ရွာသာ၊ ပင်းတုန်းလေး၊ ပင်းတုန်းကြီးစသည့် ကျေးရွာများရှိ ကိုင်းမြေများ၌ ရေတင်စိုက်ပျိုးထားသော နှမ်းခင်းများမှာ သင်္ကြန်အတွင်း ရွာသွန်းခဲ့သောမိုးကြောင့် ရေနစ်မြုပ်မှုများရှိခဲ့ပြီး ရေမတင်ရသေးသည့် တောင်သူများအတွက် အစိုဓာတ်ရ၍ လယ်ယာလုပ်ငန်းခွင် ဝင်နေကြပြီဖြစ်ကြောင်း သိရသည်။

ရှေးအခါက ရာသီဥတုမှန်၍ စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းသဖြင့် တောင်သူများ မိုးစပါးကို အားထားစိုက်လေ့ရှိကြသည်။

ယခုအခါ စားသုံးမှုနှင့် စိုက်ပျိုးမှုအချိုးညီအောင် စပါးပြီးစပါးစိုက်ပျိုးလာခဲ့ကြသည်။ ရာသီဥတုလည်း ဖောက်ပြန်လာ၍ တောင်သူများသီးနှံစိုက်ပျိုးမှု မှန်းချက်နှင့် နှမ်းထွက်မမျှသဖြင့် တွက်ခြေမကိုက်ဖြစ်နေရသည်။ ယခုသင်္ကြန်အတွင်း ရွာသွန်းခဲ့သောမိုးကြောင့် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာအုပ်စုအတွင်းရှိ လယ်မြေများတွင် စိုက်ပျိုးထားသော လယ်သမားအချို့၏ နှမ်းခင်းဧက ၂၀၀ ကျော်ခန့်မှာ ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

သို့သော် ကိုင်းမြေများတွင်လုပ်ကိုင်သော တောင်သူများအတွက် မြေအစိုဓာတ်ရ၍ နှမ်းများရေတင်မကြဲရသည့်အတွက် အဆင်ပြေကြောင်း သိရသည်။ ဧပြီ ၁၆ ရက်က တိုက်ခတ်ခဲ့သော မာရသာမုန်တိုင်းသည် တောင်သူများအတွက် ဆိုးကျိုးနှင့် ကောင်းကျိုး ဒွန်တွဲလျက်ရှိသည်။

# ဖရဲ၊ သခွား စံချိန်စံညွှန်းသတ်မှတ်ရေးဆိုင်ရာ အကြိုညှိနှိုင်းဆွေးနွေးပွဲ ဝမ်တိန်၌ ကျင်းပမည်

**ဖြိုးလွင်အောင် (AMIA)**

ဖရဲ၊ သခွား စံချိန်စံညွှန်း သတ်မှတ်ရေးဆိုင်ရာ အကြိုညှိနှိုင်းဆွေးနွေးပွဲကို လာမည့် မေလ ၈ ရက်မှ ၉ ရက်အထိ တရုတ်နိုင်ငံ ဝမ်တိန်မြို့၌ ပြုလုပ်သွားမည်ဟု မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက ပြောသည်။

အာဆီယံတွင် ဖရဲ၊ သခွား စံချိန်စံညွှန်း သတ်မှတ်ချက်များရှိသည့်အတွက် မြန်မာနိုင်ငံတွင်လည်း တိတိကျကျ စံချိန်၊ စံညွှန်းများ သတ်မှတ်ကာ နိုင်ငံတကာဈေးကွက် များကို ထိုးဖောက်နိုင်ရန် ဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း အသင်းအတွင်းရေးမှူး ဦးကျော်သူက ပြောပြသည်။

"ကျွန်တော်တို့ဆီက တောင်သူတွေ၊ ကုန်သည်တွေနဲ့ မြန်မာ့ ဖရဲ၊ သခွားကို အဓိက ဝယ်ယူနေတဲ့ တရုတ်က ကုန်သည်တွေနဲ့ ဆွေးနွေးမှာပါ" ဟု ၎င်းက ဆက်လက် ပြောသည်။

အဆိုပါ ဆွေးနွေးပွဲကို မြန်မာနိုင်ငံမှ ဖရဲ၊ သခွားတောင်သူများ၊ မူဆယ် ကုန်စည်ဒိုင်မှ ကုန်သည်များနှင့် တရုတ်နိုင်ငံမှ ကုန်သည်များ တက်ရောက် ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးပွဲမှ ရရှိလာသည့် ရလဒ်များကို နှစ်နိုင်ငံအစိုးရ အချင်းချင်းညှိနှိုင်းနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနများသို့ တင်ပြသွားကာ ဖရဲ၊ သခွား စံချိန်စံညွှန်း မူကြမ်းထွက်ရှိလာသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# ဧပြီ ၁၈ ရက်မှ ၂၁ ရက်အထိ ပြောင်းလဲခဲ့သောကုန်စည်ဈေးနှုန်းများ

**ဝတ်ရည်မွန်(AMIA)၊ ဓာတ်ပုံ-ကိုတင့်**

ဒီတစ်ပတ်မှာတော့ ပေါ်ဆန်းမွှေး (ပုသိမ်၊ မြောင်းမြ၊ နယ်စုံ၊ ဒေးဒရဲ၊ ဖျာပုံ) တို့က ဈေးတက်လာပြီးတော့ ဆန် ကြမ်းဖြစ်တဲ့ ညို့မထ၊ ငစိန်ဆန်တို့က ဈေးကျဆင်းသွားပါတယ်။ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့က တစ်ပတ်အတွင်း ဈေးအနည်းငယ်အတက်အကျအပြောင်းအလဲရှိခဲ့ပါတယ်။ ကြက်သွန်ဖြူ (ကြူကုတ်) ကတော့ ဈေးဆက်တိုက်တက်နေပါတယ်။



ဆန်ပွဲရုံတစ်ရုံတွင် ဆန်များရောင်းချနေသည်ကို တွေ့ရစဉ်

**ပေါ်ဆန်းမွှေး(ပုသိမ်၊မြောင်းမြ၊နယ်စုံ၊ဒေးဒရဲ၊ဖျာပုံ) ဈေးတက်၊ အရောင်းအဝယ်သွက်**

ဧပြီလ တတိယပတ်မှာတော့ ပေါ်ဆန်းမွှေး (ပုသိမ်၊ မြောင်းမြ၊ နယ်စုံ၊ ဒေးဒရဲ၊ ဖျာပုံ) တို့က တစ်အိတ်ကို ငွေကျပ် ၁၅၀၀ အထိ ဈေးနှုန်းမြင့်တက်လာခဲ့ပါတယ်။ တစ်လနီးပါးအထိ ဈေးငြိမ်၊ အဝယ်ငြိမ်နေခဲ့ပြီး နှစ်သစ်ကူးသင်္ကြန်ကာလပြီးမှ အရောင်းသွက်ကာ ဈေးပြန်တက်လာခဲ့တာပါ။ လတ်တလော ပေါက်ဈေးကတော့ တစ်အိတ်ကို ငွေကျပ် ၂၈၀၀၀ ကနေ ငွေကျပ် ၄၇၀၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။

**ပေါ်ဆန်းမွှေးသစ်ရှယ်**

ပေါ်ဆန်းမွှေးသစ်ရှယ်ကလည်း တစ်အိတ်ကို ငွေကျပ် ၂၀၀၀ ဈေးတက်လာပါတယ်။ ဒီတစ်ပတ်မှာတော့ငွေကျပ် ၃၀၀၀၀ ကနေ ငွေကျပ် ၃၂၀၀၀ အထိပေါက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ညို့မထ၊ ငစိန်ဆန်ကြမ်း ဈေးကျ**

ဆန်ချောတွေ ဈေးတက်နေပေမယ့် ဆန်ကြမ်းအမျိုးအစားဖြစ်တဲ့ ညို့မထနဲ့ ငစိန်ဆန်တို့ကတော့ တစ်အိတ်ကို ငွေကျပ် ၅၀၀ လောက်ဈေးကျဆင်းသွားပါတယ်။ ဒီတစ်ပတ် ပေါက်ဈေးက တစ်အိတ်ကိုငွေကျပ် ၁၅၅၀၀ ကနေ ငွေကျပ် ၁၈၅၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့ ဈေးအနည်းငယ်ကျ**

မတ်လနောက်ဆုံးပတ်နဲ့ ဧပြီလဆန်းပိုင်းတို့မှာ အတက်အကျ အပြောင်းအလဲများခဲ့တဲ့ မတ်ပဲက သင်္ကြန်နှစ်သစ်ကူး ကာလပိတ်ရက်ပြီးတဲ့ အချိန်မှာတော့ တဖြည်းဖြည်းဈေးကျဆင်းနေတာ တွေ့ရပါတယ်။ တစ်ပတ်အတွင်းမှာ ငွေကျပ် ၃၀၀၀၀ ကျော်လောက် ဈေးကျဆင်းသွားပြီးတော့ လတ်တလောပေါက်ဈေးကငွေကျပ် ၁၀၄၃၀၀၀ ဈေးရှိပါတယ်။

ပဲစင်းငုံကလည်း မတ်ပဲနည်းတူပါပဲ။ မတ်လတစ်လလုံး ဈေးအပြောင်းအလဲများခဲ့ပေမယ့် ဧပြီလမှာတော့ ဈေးက တဖြည်းဖြည်းနဲ့ ကျဆင်းနေပါတယ်။ လတ်တလော ပေါက်ဈေးကတော့ ငွေကျပ် ၇၂၀၀၀၀ ရှိပါတယ်။



**ကြက်သွန်ဖြူ (ကြူကုတ်) ဈေးဆက်တိုက်တက်**

ကြက်သွန်ဖြူကတော့ ဈေးဆက်တိုက်တက်နေပါတယ်။ ဧပြီလဆန်းပိုင်းကတည်းက ဈေးတက်နေတာဖြစ်ပြီး မတ်လနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ တစ်ပိဿာကို ငွေကျပ် ၁၀၀၀ နီးပါး တက်လာပါတယ်။ လတ်တလောပေါက်ဈေးကတော့ ကြက်သွန်ဖြူ (ကြူကုတ်) က တစ်ပိဿာကိုငွေကျပ် ၅၉၀၀ ပေါက်ဈေးရှိပါတယ်။

**အာလူး အသစ်ဝင်ရောက်**

အာလူးကတော့ ရှမ်းသိန်ကုန်းဆိုတဲ့ အမျိုးအစားက သင်္ကြန်နှစ်ကူးကာလပြီးတဲ့အချိန်မှာ ဝင်ရောက်လာပါတယ်။ ငွေကျပ် ၂၇၀ ကနေ ငွေကျပ် ၇၃၀ အထိ ပေါက်ဈေးရှိနေပါတယ်။

**နှမ်းဖြူ**

နှစ်သစ်ကူး ရုံးပိတ်ရက်အပြီး ကုန်စည်ဒိုင်စဖွင့်ချိန်မှာတော့ နှမ်းဖြူက ၄၅ ပိဿာကို ငွေကျပ် ၁၀၃၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**နှမ်းနက်(စမုံ) နဲ့နှမ်းညို ဈေးအနည်းငယ်တက်**

နှမ်းနက်(စမုံ) ကလည်း ၄၅ ပိဿာကို ငွေကျပ် ၁၂၆၀၀၀ ကနေငွေကျပ် ၁၃၃၀၀၀ ပေါက်ဈေးရှိနေပြီး နှမ်းညိုကတော့ ငွေကျပ် ၈၀၀၀၀ ကနေ ငွေကျပ်၈၅၀၀၀ ပေါက်ဈေးရှိနေပါတယ်။ နှမ်းညိုကတော့ တစ်အိတ်ကို ငွေကျပ် ၅၀၀၀ ဈေးတက်လာပြီးတော့ နှမ်းနက် (စမုံ) ကတော့ ငွေကျပ် ၃၀၀၀ လောက် ဈေးတက်လာပါတယ်။

# ရေဆင်းစပ်မျိုး (၁၀) ပြောင်းမျိုး တောင်သူအများစု စိုက်ပျိုးမှုများလာ

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မေမိုးသဲ**



တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှ စမ်းသပ်စိုက်ပျိုးထားသော ရေဆင်းစပ်မျိုး(၁၀) စိုက်ခင်း

စိုက်ပျိုးရေးတောင်သူများ မျိုးကောင်း မျိုးသန့်များကို အသုံးပြုနိုင်ရန်အတွက် အထွက်နှုန်းကောင်းသော ပြောင်းမျိုးများဖြစ်သည့် ရေဆင်းစပ်မျိုး (၆)၊ ရေဆင်းစပ်မျိုး (၁၀)နှင့် ရေဆင်းစပ်မျိုး(၁၁) များကို ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှ စမ်းသပ်စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ အဆိုပါမျိုးများကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

"တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံက တောင်သူတွေ နှစ်စဉ်နှစ်တိုင်း အဓိက မျိုးထုတ်ပေးတာကတော့ ရေဆင်း စပ်မျိုးပြောင်းနဲ့ ရေဆင်းစပ်မျိုးနေကြာပဲဖြစ်ပါတယ်။ နေကြာနဲ့ ပတ်သက်လို့ ရေဆင်းစပ်မျိုးနေကြာတစ်မျိုးထဲကို မျိုးထုတ်လုပ်ပေးပါတယ်။ ပြောင်းနဲ့ပတ်သက်လို့ ရေဆင်းစပ်မျိုး(၆)၊ (၁၀) နဲ့ (၁၁) ကို ထုတ်ပေးပါတယ်။ အဓိကမှာယူတာကတော့ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတွေကို အဓိကဖြန့်နေရပါတယ်။ အခုဆို နေပြည်တော်ကလည်း မှာယူစိုက်ပျိုးလာပါတယ်။ တောင်သူတွေ အများဆုံးမှာယူတဲ့မျိုးကတော့ ရေဆင်းစပ်မျိုး(၁၀) ပြောင်းမျိုးကို မှာယူတာများပါတယ်။ ရေဆင်းစပ်မျိုး (၁၀)က တောင်ပေါ်၊ မြေပြန့် ဒေသ မရွေး စိုက်လို့ရတဲ့မျိုးဖြစ်ပါတယ်။ ရွက်ခြောက်ဒဏ်လည်းခံနိုင်တယ်။ အဲဒီမျိုးရဲ့ ထူးခြားချက်က တစ်ဧက အထွက်နှုန်း တင်း ၁၂၀ ကနေ ၁၂၅ တင်းအထိ ထွက်ပါတယ်။ ကျွန်တော်တို့ စမ်းသပ်စိုက်ကေတွေထဲမှာ စမ်းသပ်စိုက်ပျိုးတဲ့အခါမှာလည်း ပြောင်းအစိုတင်း ၁၉၀ အထိ ထွက်ရှိခဲ့ပြီး နောက်ပွဲရုံတင်သွင်းဖို့ အခြောက်ခံပြီးတဲ့အခါမှာ တင်း ၁၃၀ အထိထွက်ရှိခဲ့ဖူးပါတယ်။

ဌာနကစီမံချက်အနေနဲ့ နေကြာကို စပ်မျိုးကေ ၅၀ နဲ့ ပြောင်းကို ၆၂ ကေ စိုက်ပျိုးလျက်ရှိပါတယ်။ စီမံချက်နဲ့သွားနေရတဲ့အတွက် ပြောင်းမျိုးကို တောင်သူလိုသလောက်တော့ မထုတ်ပေးနိုင်သေးပါဘူး။ တစ်ဖက်ကလည်း နေကြာစိုက်ပျိုးချင်ကြတဲ့ တောင်သူတွေအတွက်လည်း မျိုးထုတ်ပေးဖို့လုပ်ရတဲ့အတွက် ပြောင်းတစ်မျိုးထဲကို အဓိကထားလို့ မရပါဘူး။ ဒီကထုတ်နေတဲ့ စပ်မျိုးပြောင်းတွေကို ခုဆိုတောင်သူတော်တော်များများက ကြိုက်လာတာကို တွေ့ရတယ်။ အဲဒါကြောင့် ဝယ်လိုအားများတဲ့အတွက် အခုလက်ရှိ ထုတ်နေတာနဲ့တင် မလုံလောက်ပါဘူး။ ထုတ်ကေနည်းနေတဲ့အတွက်ကြောင့်ဖြစ်ပါတယ်" ဟု တပ်ကုန်း စိုက်ပျိုးရေးသုတေသနခြံမှ လက်ထောက်ခြံတာဝန်ခံ ဦးအောင်ကိုကိုက ပြောသည်။

ရေဆင်းစပ်မျိုး (၁၀) မျိုးကို စိုက်နည်းစနစ်မှန်မှန်နှင့် သွင်းအားစုများ အချိုးကျကျ သုံးစွဲနိုင်ပါက တစ်ဧကတင်း ၁၂၀ မှ ၁၂၅ တင်းအထိ ထွက်ရှိကြောင်း သိရသည်။ ရေဆင်းစပ်မျိုး(၁၀) ပြောင်းစိုက်နည်းစနစ်အနေဖြင့် တစ်ဧကစာကို ၅ ကီလိုဂရမ် တစ်အိတ်ဖြစ်ပြီး အပင်ကို တန်းကြား နှစ်ပေခွဲနှင့် ပင်ကြားကိုးလက်မထား၍ တစ်ကျင်းလျှင် နှစ်စေ့နှုန်းစိုက်ပျိုးရမည်ဖြစ်ကြောင်း သိရသည်။

ရေဆင်းစပ်မျိုး(၁၀) အထွက်နှုန်းကောင်းစေရန် စိုက်ပျိုးရေးနည်းစနစ်ကောင်းများမှာ စိုက်ချိန်မှန်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထယ်ရေးနက်နက်၊ ထွန်ရေး ညက်ညက်မြေပြုပြင်ရမည်ဖြစ်ကြောင်း၊ အစိုဓာတ်ထိန်းထားနိုင်ရန် ရေလုံလုံလောက်လောက်ရရှိရန် လိုအပ်သော်လည်း စိုက်ကွက်တွင်း အပင်တစ်လသားအရွယ်အထိ ရေဝပ်မနေစေရန် အထူးသတိထားဂရုစိုက်ရန် လိုအပ်ကြောင်း သိရသည်။

"အဓိက အများဆုံးအထွက်တိုးဖို့က အပင်ပေါက် ရာနှုန်းပြည့်မီဖို့လိုပါတယ်။ တခြားမျိုးတွေနဲ့ ယှဉ်ရင် ကျွန်တော်တို့မျိုးက ဈေးသက်သာတယ်။ တစ်ကေစာ ကီလိုဂရမ်တစ်အိတ်ကို ငွေကျပ် ၁၂၀၀၀ နဲ့ ရောင်းချပေးပါတယ်။

အခုဆို နေပြည်တော်ထဲက တောင်သူတွေကိုယ်တိုင် လာရောက်ဝယ်ယူတာတွေ ရှိပါတယ်။ အရင်က တောင်သူတွေက သူတို့ခေါင်းထဲမှာ စွဲသွားတဲ့မျိုးကလွဲရင် ကျန်တဲ့မျိုးကို ညွှန်းလို့မရတာတွေရှိတယ်။ ခုတော့ သူတို့ လက်တွေ့စိုက်ပျိုးတဲ့အခါမှာ အထွက်နှုန်းရော ပြောင်းဖူးရဲ့အရည်အသွေးကိုပါ သိလာတဲ့အတွက် စိုက်ပျိုးသုံးစွဲသူ များလာပါတယ်။ စပ်မျိုးရဲ့သဘောက ဒီနှစ်စိုက်လို့ ထွက်တဲ့သီးနှံကို နောက်နှစ် ပြန်စိုက်မယ်ဆိုရင် စိုက်လို့တော့ရတယ်။ ဒါပေမယ့် အပင်ပေါက်ရာခိုင်နှုန်းကျပြီးတော့ အထွက်နှုန်းလည်း ကျသွားမယ်။ ပြောရမယ်ဆိုရင် တဖြည်းဖြည်းနဲ့ မျိုးက ဝေးဝေးသွားတယ်ပေါ့။ ဒါက ပြောင်းတင်မဟုတ်ပါဘူး။ တခြား ဘယ်သီးနှံမဆို အတူတူပါပဲ။ တောင်သူတွေ မျိုးထုတ်ချင်တယ်ဆိုရင် ကျွန်တော်တို့ ဆီက မိဘလိုင်းတွေကို ဝယ်လို့ရပါတယ်။ တောင်သူတွေစပ်မျိုးတွေကို ကိုယ့်ဘာသာထုတ်နိုင်ဖို့အတွက် သင်တန်းတွေ ပေးပါတယ်။ လိုအပ်တဲ့အခါလည်း တောင်သူကွင်းထဲမှာ လက်တွေ့ဆင်းပြီး နည်းပညာတွေ ပို့ချပါတယ်။

ဒါပေမယ့် တောင်သူတွေကိုယ်တိုင် မျိုးထုတ်ဖို့ကျတော့ နည်းနည်းတော့ ခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီဘက်က စပ်မျိုးပြောင်းကို မျိုးထုတ်ဖို့စိုက်ထားတယ်။ အထက်မှာလည်း တခြားပြောင်းမျိုး စိုက်ထားတယ်ဆိုရင် မဖြစ်တော့ပါဘူး။ အဲဒီမှာ ဝတ်မှုန်ကူးတဲ့အခါ မျိုးတွေရောကုန်မယ်။ တစ်ခင်းနဲ့ တစ်ခင်းမီတာ ၄၀၀ ဝန်းကျင်မှာ ခြင်ထောင်ဆန်ခါလို့ခေါ်တဲ့ အစတွေ၊ မိုးကာတွေနဲ့ ကာထားမှရမယ်။ အဲဒီလိုလုပ်ရတဲ့အတွက် တောင်သူတွေအနေနဲ့ နားလည်ပေမယ့် ဒုက္ခနည်းနည်းများတော့ ကိုယ်တိုင်ထုတ်ဖို့ အားနည်းနေတယ်။ ဒါကြောင့် ကျွန်တော်တို့ဆီက အတတ်နိုင်ဆုံး ဖြန့်ဖြူးနိုင်ဖို့ ကြိုးစားနေပါတယ်" ဟု ၎င်းမှ ဆက်လက်ပြောပြသည်။

ရေဆင်းစပ်မျိုး(၁၀) ပြောင်း ၅ ကီလိုအိတ်တစ်အိတ်လျှင် တစ်ကေစိုက်ပျိုးနိုင်ပြီး တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀ ရှိကြောင်း၊ အပင်ပေါက်ညီညာစေရန် မျိုးစေ့ကို နှစ်လက်မ၊ နှစ်လက်မခွဲအနက်တွင် တစ်ညီတည်း စိုက်ပျိုးသင့်ကြောင်း၊ သွင်းအားစုအနေဖြင့် တစ်ဧကလျှင် ဓာတ်မြေဩဇာကို ယူရီးယားနှစ်အိတ်၊ တီစူပါတစ်အိတ်နှင့် ပိုတက်ရှ်အိတ်ဝက်ထည့်ရမည်ဖြစ်ကြောင်း၊ နွားချေး သို့မဟုတ် သဘာဝမြေဩဇာများထည့်သွင်းပေးနိုင်ကြောင်း၊ အပင်ပေါက်စုံပြီး ၁၄ ရက်သားတွင် တစ်ကျင်းလျှင် တစ်ပင်ချန်သားခွဲရမည်ဖြစ်ကြောင်း၊ အဆိုပါ စပ်မျိုးပြောင်းအပင်သက်တမ်းမှာ ရက်ပေါင်း ၁၂၀ ရက် သက်တမ်းရှိကြောင်း သိရသည်။

တောင်သူတွေအတွက် မျိုးစေ့ဖိုးအနေနဲ့ကတော့ အရင်းအနှီးနည်းတယ်။ ဒါပေမယ့် သွင်းအားစုအနေနဲ့ကတော့ မြေပေါ်မှာမူတည်ပါတယ်။ တချို့ကတော့ သီးနှံမစိုက်ခင် ၁၆ ပတ်လည်ကွန်ပေါင်းတစ်အိတ်၊ နောက်ပြီး အပင်ပေါက်ပြီး ၁၅ ရက်သားလောက်မှာ ယူရီးယားတစ်အိတ်၊ ၄၅ ရက်သားမှာ ယူရီးယား တစ်အိတ်ထည့်ပါတယ်။ အရင်းအနှီးလည်း နည်းတဲ့အတွက် ရေဆင်းစပ်မျိုး (၁၀) ပြောင်းမျိုးကို တောင်သူတွေ စိုက်သင့်တယ်လို့ အကြံ ပေးချင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြ သည်။

ယခုအခါ တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံတွင် ရေဆင်းစပ်မျိုး(၆)၊ (၁၀) နှင့် (၁၁) တို့ကို စမ်းသပ်စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ရေဆင်းစပ်မျိုး(၁၀) မှာတောင်သူများ အများဆုံး မှာယူစိုက်ပျိုးကြောင်း၊ တစ်နှစ်ပတ်လုံးတွင် ကေ ၁၅၀၀၀ ကျော်လောက်အထိ ဖြန့်နိုင်ကြောင်း သိရသည်။

တချို့တောင်သူများမှာ မိရိုးဖလာမျိုးများကိုသာ စိုက်ပျိုးနေမှုကိုတွေ့ရှိနေရကြောင်း၊ စပ်မျိုးများကို နည်းစနစ်မှန်မှန်ဖြင့်စိုက်မည်ဆိုပါက အထွက်နှုန်းကောင်းမွန်လာနိုင်၍ တောင်သူများအနေဖြင့် စပ်မျိုးများကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း၊ ထို့နောက် ရောဂါဒဏ်လည်းခံနိုင်ပြီး ပိုးသတ်ဆေးဖျန်းပေးရန် မလိုအပ်သည့်အတွက် တောင်သူများ စီးပွားရေးတွက်ခြေကိုက်ကြောင်း၊ ရေဆင်းစပ်မျိုး(၁၀)ပြောင်းမှာ အူတိုင်သေး၍ အဖူးရှည်ပြီး ရာသီဥတုဒဏ်ခံနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်တွင်းကြီးဘက်မှာ တောင်သူတွေဆီ လက်တွေ့ကွင်းဆင်းပြီး တခြားမျိုးတွေနဲ့ယှဉ်ကာ စမ်းသပ်စိုက်ပျိုးတဲ့အခါ တောင်သူတွေဆီကနေ ကျွန်တော်တို့မျိုးကို လက်ခံလာတာတွေ့ရပါတယ်။ ခုဆိုမကွေးဘက်ကလည်း ရေဆင်းစပ်မျိုး (၁၀) ပြောင်းမျိုးကို တော်တော်လက်ခံလာ တာတွေ့ရတယ်။ တောင်သူတွေဆီကနေ မှတ်တမ်းလုပ်နေတာတွေ ရှိပါတယ်။ ဒီဘက်ခေတ် မှာ တောင်သူတွေအနေနဲ့ စပ်မျိုးတွေ ပြောင်းလဲစိုက်ဖို့ကို အကြံပြုချင်ပါတယ်။ ပြောင်းရယ်လို့ မဟုတ်ပါ ဘူး။ တခြားပဲအမျိုးမျိုး၊ စပါး၊ နေကြာ စတဲ့သီးနှံတွေကိုလည်း စပ်မျိုးတွေ ပြောင်းလဲစိုက်ပျိုးဖို့ ပြောချင်ပါတယ်။ နည်းစနစ်တွေ ပြောင်းသင့်ပြီ။ မျိုးကောင်း မျိုးသန့်တွေ လဲလှယ်သင့်ပြီ။ အဓိက ကတော့ မျိုးကောင်းမျိုးသန့်နဲ့ မြေမှန်၊ မျိုးမှန်၊ ရေမှန်လေးတွေ လုပ်သင့်တယ်လို့ အကြံပြုချင်ပါတယ်။ မြေဆီလွှာ ထိန်းသိမ်း ဖို့က သီးလှည့်စိုက်ပျိုးပြီး ထိန်းသိမ်းဖို့ လိုအပ်တယ်။ ဒီနေရာမှာ ကျွန်တော်တို့က တောင်သူတွေ လိုအပ်ချက်အရနေကြာပြီး နေကြာ၊ ပြောင်းပြီးပြောင်း စိုက်နေရတဲ့အတွက် သီးနှံအလှည့်ကျပုံစံ မစိုက်နိုင်တော့ဘူး။ မြေဆီလွှာတွေ ပြန်လည်ပြုပြင်ဖို့ အော်ဂဲနစ်မြေဆွေးတွေကို လုပ်ထားရပါတယ်။ အဲဒီမြေဆွေးတွေကို ခုနက စိုက်ခင်းတွေထဲမှာ ပြန်လည် အားဖြည့်ပြီးတော့ မြေတွေ ပြန်ပြင်ရပါတယ်။ အားလုံး လိုအပ်ချက်ပြည့်ပြည့်ဝဝ အထိတော့ မဖြန့်ဖြူးပေးနိုင်သေးပါဘူး" ဟု ဦးအောင်ကိုကိုက ဆက်လက်ပြောပြသည်။

မျိုးစေ့များကို ပိုးသတ်ဆေး၊ ဓာတုပစ္စည်းများဖြင့် လိမ်းကျံထားသောကြောင့် မျိုးစေ့အား စားသုံးခြင်း၊ တိရစ္ဆာန်များအား ကျွေးမွေးခြင်းမပြုလုပ်ရကြောင်း၊ မျိုးစေ့အိတ်ခွံများကိုလည်း အစားအသောက်များထည့်ရာတွင် အသုံးမပြုသင့်ကြောင်း သိရသည်။

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ စားဝတ်နေရေးအတွက် အားထားရသော လုပ်ငန်းကြီး တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးတွင် တိုးတက်သင့်သလောက် တိုးတက်မှုမရှိသည်ကို တွေ့မြင်နေရသည်။ အကြောင်းမှာ မြန်မာနိုင်ငံရှိ တောင်သူများမှာ ရှေးရိုးစွဲ နည်းစနစ်များကို မစွန့်လွှတ်နိုင်သေးဘဲဖြစ်နေပြီး ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အမျှ ခေတ်မီစိုက်နည်းစနစ်များ လိုက်နာကျင့်သုံးမှုနည်းနေသေးသည်ကို တွေ့ရသည်။ ယခုအခါ နိုင်ငံတော်မှ စပ်မျိုးများကို ထုတ်လုပ်ပေးနေသော်လည်း တောင်သူအများစုမှာ အဆိုပါစပ်မျိုးများကို အကြောင်းအမျိုးမျိုးကြောင့် သုံးစွဲမှုနည်းနေသေးကြောင်း သိရသည်။

**အဲဒီမျိုးရဲ့ ထူးခြား ချက်က တစ်ဧက အထွက်နှုန်း တင်း ၁၂၀ ကနေ ၁၂၅ တင်း အထိ ထွက်ပါတယ်။ ကျွန်တော်တို့ စမ်းသပ် စိုက်ကေတွေထဲမှာ စမ်းသပ်စိုက်ပျိုးတဲ့အခါမှာလည်း ပြောင်းအစိုတင်း ၁၉၀ အထိ ထွက်ရှိခဲ့ပြီး နောက် ပွဲရုံတင်သွင်းဖို့ အခြောက်ခံပြီးတဲ့အခါမှာ တင်း ၁၃၀ အထိ ထွက်ရှိခဲ့ဖူးပါတယ်။**



တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှ စမ်းသပ်စိုက်ပျိုးထားသော ပြောင်းများဈေးကွက်တင်ရန် ပြင်ဆင်နေစဉ်

# နေ့စဉ် ငါးပိဿာချိန် သုံးသိန်းနီးပါးဝင်ရောက်နေ၍ ငါးဈေးတည်ငြိမ်

## မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က



သင်္ကြန်ကာလအတွင်း ရေလုပ်ငန်းအချို့ရပ်နားခဲ့ရသည့်အတွက် ငါးဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့သော်လည်း ယခုအခါငါးဖမ်းလုပ်ငန်းများ ပြန်လည်စတင်နေပြီဖြစ်၍ ငါးဈေးနှုန်းမှာ ပုံမှန်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဗဟိုစံပြငါးဈေးကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သင်္ကြန်ကာလမတိုင်မီရက်တွေကနေတော်တော်ပူတယ်။ အပူချိန်မြင့်တဲ့ အတွက် ငါးအသေအပျောက်ကလည်း များတယ်။ ပြီးတော့သင်္ကြန်ကာလမှာ ငါးဖမ်းလုပ်ငန်းအချို့ရပ်နားခဲ့တဲ့အတွက် ငါးအဝင်နည်းခဲ့တယ်။ ပုံမှန်တစ်ရက်ကို ပိဿာချိန် သုံးသိန်းနီးပါးလောက်ဝင်နေတာကနေ အဲဒီရက်တွေမှာ နှစ်သိန်းလောက်ပဲဝင်တယ်။ အခုအခါမှာတော့ လုပ်ငန်းတွေပြန်စနေပြီဖြစ်တဲ့အတွက် ဈေးကွက်ကတော့ ပုံမှန်အနေအထားကို ရောက်နေပါပြီ။ ငါးဝင်တဲ့နှုန်းကလည်း တစ်ရက်ကို ပိဿာချိန် သုံးသိန်းနီးပါး ဝင်ရောက်လာပြီဖြစ်တဲ့အတွက် ငါးဈေးကွက်ကတော့ ပြန်လည်တည်ငြိမ်သွားပါ ပြီ" ဟု ဗဟိုစံပြ ငါးဈေးကြီးမှ ဒုတိယရုံးအဖွဲ့မှူး ဦးကျော်လွင်ကပြောသည်။

ဗဟိုစံပြငါးဈေးကြီးသို့ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများမှ ကမ်းနီးကမ်းဝေးငါးဖမ်း လုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းများမှ နေ့စဉ်ပိဿာချိန် သုံးသိန်းခန့်ဝင်ရောက်လျက်ရှိကြောင်း ယင်းတို့အနက် ပိဿာချိန် တစ်သိန်းကျော်မှာ ကားများဖြင့် နယ်သို့တင်ပို့ပေးလျက်ရှိကြောင်း၊ ကျန်ငါးများမှာ ရန်ကုန်မြို့ ဟင်းသီးဟင်းရွက်နှင့် သားငါးဈေးများသို့လည်းကောင်း၊ ဟိုတယ်နှင့် ကုမ္ပဏီများသို့လည်းကောင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ဗဟိုစံပြငါးဈေးကြီးသို့ ဝင်ရောက်လျက်ရှိသောငါးများမှာ ငါးရံ့၊ ငါးကျည်း၊ ငါးခူ၊ငါးပြေမ၊ ငါးပနော်တို့အပြင် ငါးမြစ်ချင်းနှင့် ငါးကြင်းမှာ အများဆုံးဖြစ်ကြောင်း၊ ငါးခေါင်းပွ၊ငါးသလောက်၊ ငါးတန်၊ ငါးဖယ်၊ ကကတစ်၊ ကသပေါင်း၊ ငါးဘတ်၊ ငါးပုဏ္ဏားတို့လည်း ဝင်ရောက်ကြောင်း၊ ငါးရှဉ့်နှင့်ကဏန်းမှာဝင်ရောက်ခြင်းမရှိဘဲ ပုစွန်အနေဖြင့် ပုစွန်ကျော့၊ ဖော့ချိတ်၊ ဆပ်သေး၊ ဆပ်ကြီး၊ တုပ်ကြီးစသည်ဖြင့် အမျိုးမျိုးဝင်ရောက်ကြောင်းလည်း သိရသည်။

# မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံတွင် ပဲပုပ်သီးနှံဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**မိုးညှင်း ဧပြီ ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံ၌ ပဲပုပ်သီးနှံဖွံ့ဖြိုးတိုးတက်ရေးနည်းပညာဆွေးနွေးပွဲကို ဧပြီ ၂၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးသုတေသနခြံ မန်နေဂျာဦးမြင့်သောင်းက မြို့နယ် စိုက်ပျိုးရေးသုတေသနခြံ၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ဆက်လက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်က ရိတ်သိမ်းချိန်လွန် နည်းပညာအကြောင်းနှင့် စပါးအခြောက်ခံစက်အကြောင်း ဆွေးနွေးပြောကြားပြီး Jaguco -Myanmar မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာခင်မောင်ဝင်းက သဘာဝစိုက်ပျိုးရေးနှင့် အီးအမ်ဘိုကာရှီနည်းပညာအကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် Winrock International မှ ဦးသက်ထွန်းအောင်က ပဲပုပ်သီးနှံဈေးကွက် စီးပွားရေးအကြောင်း ဆွေးနွေးတင်ပြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော တောင်သူလယ်သမားများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ (ဝ၆၇)

# သင်္ကြန်ကာလမိုးကြောင့် စိန်တလုံးသရက်များ အသီးတင်မှုအားနည်း

## သတင်း-မောင်လွင်(တပ်ကုန်း)၊ ဓာတ်ပုံမောင်မွှေး



ပြည်တွင်းပြည်ပဈေးကွက်ဝင် သရက်သီးများဖြစ်သော စိန်တလုံးနှင့် မြကျောက်သရက်သီးများ ပြီးခဲ့သည့်နှစ်နှောင်းပိုင်းက အချိန်အခါမဟုတ် ရွာသွန်းသည့်မိုးများကြောင့် ယခုနှစ်တွင် အသီးတင်နည်းကာ အထွက်နှုန်းအလွန် လျော့ကျကြောင်း နေပြည်တော် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ သရက်စိုက်ပျိုးလုပ်ကိုင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ သရက်ပင် ၁၀၀ လောက်စိုက်ပျိုးထားတာ။ ဒီနှစ်မှာတော့ စိန်တလုံးနဲ့ မြကျောက်သရက်တွေက ယခင်နှစ်ကလောက် အသီးမတင်တာတွေ့ရတယ်။ ဒါကလည်း ကျွန်တော်တို့ခြံတစ်ခြံတည်းမဟုတ်ဘူး။ ဒီမှာ သရက်ခြံစိုက်ပျိုးကြသူတိုင်းဖြစ်တာပါ။ ဒီလိုအသီးတင် နည်းပါးတဲ့အတွက် ပြီးခဲ့တဲ့နှစ်နဲ့စာရင် ဒီနှစ်အထွက်နှုန်း တော်တော်လေးလျော့ကျမယ်။ အဓိကဖြစ်ရတဲ့အကြောင်းအရင်းကတော့ ရာသီဉတုပြောင်းလဲမှုနဲ့ အများကြီးသက်ဆိုင်တယ်လို့ယူဆရပါတယ်။ ပြီးခဲ့တဲ့နှစ်က နောက်ပိုင်းမိုးကောင်းတော့ သရက်ပင်တွေက ဖူးပွင့်ရမယ့် အချိန်မှာ အောက်ခံတက်တွေ ကောင်းတော့ ရွက်သစ်တွေ ထိုးတာတွေ၊ အဖူးအပွင့်တွေနည်းပါးသွားတာတွေ တွေ့ရတယ်။ ဒီနှစ်ကတော့ ရောင်းဖို့ထက် မိသားစုစားဖို့လောက်ပဲ ရနိုင်တဲ့အနေအထားရှိတယ်" ဟု ပုဗ္ဗသီရိမြို့နယ်မှ စိန်တလုံးသရက်ခြံစိုက်ပျိုး လုပ်ကိုင်သူ ဦးတင်ဦးက ပြောသည်။

ယင်းသရက်မျိုးများသည် အပွင့်ပွင့်ချိန်နှင့် အသီးအကင်းဝင်စအချိန်များတွင် အပင်များအနည်းငယ် ပိုးကျခြင်းနှင့် အသီးအပွင့်များကြွေကျခြင်းတို့ကြောင့်လည်း သရက်ပင်များ ယခုနှစ်တွင် ထိုသို့ အသီးတင်နည်းပါးခြင်းဖြစ်ရသည်ဟု ဇေယျာသီရိမြို့နယ်မှ စိန်တလုံးသရက်စိုက်ပျိုးသူ တစ်ဦးက ပြောသည်။ ယခုနှစ် သရက်ပင်များ အသီးတင်နည်းပါးပြီး အထွက်နှုန်းလျော့ကျနိုင်သလို ဈေးကွက်များသို့တင်ပို့နိုင်မှုလည်း ပိုမိုနည်းပါးလာနိုင်သဖြင့် သရက်သီးဈေးနှုန်း ယခင်နှစ်ကထက် မြင့်တက်နေမည်ကို စိုးရိမ်နေရကြောင်း စားသုံးသူများထံမှ သိရသည်။

"ကြိုက်တာကလည်း စိန်တလုံး၊ မြကျောက်လို သရက်သီးမျိုးတွေကိုပဲ ကြိုက်တာ။ နူးညံ့တော့ စားလို့ကောင်းပြီး လူကြိုက်လည်းများတယ်။ ပြီးခဲ့တဲ့နှစ်က စိန်တလုံးသရက်သီးက ဈေးကွက်မှာ အသေးတစ်လုံး ငွေကျပ် ၃၀၀၊ ၄၀၀ လောက်ရှိတယ်။ နည်းနည်းကြီးရင်တော့ ငွေကျပ် ၅၀၀၊ ၆၀၀ လောက်ပေးပြီး ဝယ်စားရတယ်။ ဒီနှစ်မှာ သရက်ပင်တွေ အထွက်နည်းရင် သရက်သီးဈေးနှုန်းတွေလည်း ပိုပြီးတက်လာနိုင်တယ်" ဟု တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာမှ ဦးအောင်မြင့်က ပြောသည်။

# လယ်သမားများပေးဆောင်ရန် ဘဏ်ချေးငွေ ၂၈၆ ဘီလီယံကျော် ကျန်ရှိနေ

## မျိုးမင်းပိုင် (AMIA)၊ ဓာတ်ပုံ-ကေဇူး (AMIA)

ဧရာဝတီတိုင်းဒေသကြီးမှ လယ်သမားများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ဘဏ်ချေးငွေ ၂၈၆ ဘီလီယံကျော် ပေးဆောင်ရန် ကျန်ရှိနေကြောင်း အဆိုပါဘဏ်မှ သိရသည်။

အဆိုပါ ကြွေးကျန်များသည် ၂၀၁၂ မှ ၂၀၁၆ ခုနှစ် ယခုအချိန်အထိ ငါးနှစ်အတွင်း ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသော စိုက်ပျိုးစရိတ်ချေးငွေများ ဖြစ်သည်။

"စိုက်ပျိုးစရိတ်ချေးငွေတွေ ပြန်လည်ကောက်ခံရာမှာ ဥပဒေအရဆောင်ရွက်ခွင့်မရခဲ့လို့ တောင်သူတွေဆီက လေးနှစ်စာ စိုက်ပျိုးစရိတ်ချေးငွေကျပ်ဘီလီယံ ၃၀၀ နီးပါး ရရန်ကျန်ရှိနေပါတယ်" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဧရာဝတီတိုင်းဒေသကြီးဘဏ်ခွဲ မန်နေဂျာဦးသန်းဌေးအောင်ကပြောသည်။

"အပြစ်ဖြစ်တဲ့သူကို အပြစ်မပေးဘူးဆိုရင်တော့ မကြောက်တော့ဘူးလေ။ လူသတ်ရင်ထောင်ဒဏ် ဘယ်နှနှစ်ဆိုတာရှိတယ်။ ဒါကို အရေးမယူဘူးဆိုဘယ်ဖြစ်မလဲ။ အဲလိုပဲ ကျူးလွန်လိုက်တဲ့ပြစ်မှုရဲ့နောက်မှာ ပြစ်ဒဏ်တစ်ခုကို မလုပ်သရွေ့မကြောက်တော့ဘူး။ အခု လယ်သမားတွေ အကြွေးကျန်တယ်။ ကြွေးကျန်ကို ဒီလိုလုပ်နိုင်ရက်သားနဲ့ မလုပ်တော့ လယ်သမားက ကြွေးကျန်လည်း ဘဏ်ကဘာမှမလုပ်ဘူးဆိုတာကနေ ခုများလာတာပါပဲ" ဟု ၎င်းက ဆက်လက်ပြောသည်။

လယ်သမားများ စိုက်ပျိုးစရိတ်အကြွေးကျန်ရခြင်း၏ အဓိကအကြောင်းအရင်းသည် ငွေကြေးကို စနစ်တကျစီမံခန့်ခွဲ သုံးစွဲနိုင်ခြင်းမရှိခြင်းကြောင့်ဖြစ်သည်ဟု တိုင်းဒေသကြီး ဆန်စပါးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က သုံးသပ်သည်။

"စိုက်ဘဏ်က ချေးတယ်။ တခြားက ချေးတယ်။ ချေးပြီး လတ်တလောလိုအပ်တာတွေဝယ်တယ်။ ဖုန်းလေးဝယ်မယ်။ မိန်းမအတွက် နားကပ်လေးလုပ်ပေးမယ်။တခြားလိုတာလေးတွေ ဝယ်လိုက်တယ်ပေါ့။ တကယ်လိုတဲ့ မြေဩဇာတို့၊ ဘာတို့ မဝယ်ဘူး။ ဒါက ဘယ်နေရာဘာသုံးမယ်ဆိုတဲ့ ငွေကြေးစီမံခန့်ခွဲမှုအားနည်းတာ၊ အချိန်တန်လို့ ဆပ်စရာလည်း ကြုံရော အပြင်က ၂၀ တိုး ဆိုလည်းယူလိုက်၊ နောက်တစ်ခါ မိုးစပါးကနေဆောင်းစပါးချေးငွေလည်းရရော အပြင်က ယူထားတဲ့ အတိုးနှုန်း အလွန်တက်တာတွေ ပြန်ဆပ်လိုက်တော့ ချေးငွေပြန်မဆပ်နိုင် ပြန်ဖြစ်နေတာ" ဟု ၎င်းကပြောသည်။



မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ (၇) ရှိသည့် လယ်သမားတိုင်းကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၀ ဧကအထိ ထုတ်ချေးနေခြင်း ဖြစ်ပြီး ငွေကျပ် ၁၀၀ လျှင် ၄၂ ပြားသာ အတိုးပေးဆောင်ရသည်။ သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ကျန်ရှိနေသော လယ်သမားများကို မြေခွန်မကျေ ကျန်ငွေဖြစ်သကဲ့သို့ ညွှန်ကြားချက်ထုတ် ဝရမ်းထုတ်၍ လယ်ယာမြေသော်လည်းကောင်း၊ သီးနှံကိုသော်လည်းကောင်း သိမ်းဆည်းခွင့်ရှိသည်ဟု မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။

အစိုးရအနေဖြင့် ယခုကဲ့သို့ ကျန်ရှိနေသော ဘဏ်ချေးငွေများအတွက် လယ်သမားများကို ချေးငွေကာလ တိုးမြှင့်သတ်မှတ်ဖို့သာ စီစဉ်မည်ဖြစ်ကြောင်း သိရသည်။

# အရည်အသွေးညံ့ မြေအောက်ရေသုံးရသဖြင့် စိုက်ပျိုးမြေပျက်မည်ကို တောင်သူများစိုးရိမ်နေသည့်အတွက် စိုက်ပျိုးရေးတာဝန်ရှိသူများ ကွင်းဆင်း

**မုံရွာ ဧပြီ ၂၃**

ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာတွင် စိုက်ပျိုးရေကို မြေအောက်စက်ရေတွင်းမှ ထုတ်၍အသုံးပြုရသောကြောင့် ရေအရည်အသွေးညံ့သည့်အတွက် ရေရှည်တွင် စိုက်ပျိုးမြေပျက်စီးနိုင်သဖြင့် နောင်ကာလများတွင် မြေမပျက်စီးစေဘဲ သီးနှံထုတ်လုပ်မှု မလျော့ကျအောင် ဆောင်ရွက်ရမည့်နည်းလမ်းများကို တောင်သူများ စိုက်ပျိုးမြေအရောက် ကွင်းဆင်းစစ်ဆေး အကြံဉာဏ်ပေးကာ လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးကြည်ထံမှ သိရသည်။

"မုံရွာခရိုင် ချောင်းဦးမြို့နယ်ထဲမှာ ဧက ၅၀ ကို ရက် ၉၀ နွေစပါးစံပြကွက် အောင်စေပိုင်စေ မြစ်ရေတင်မှာစိုက်ထားတဲ့ပုလဲသွယ်စပါးမျိုး ၁၀ ဧက စုစုပေါင်း ဧက ၆၀ ကိုဧပြီလ ၂၁ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ သွားရောက်စစ်ဆေးပြီး တောင်သူတွေကို လိုအပ်တဲ့အကြံဉာဏ်၊ စိုက်ပျိုးရေးဆိုင်ရာနဲ့ မျိုးစေ့၊ မြေဩဇာ၊ ဓာတ်မြေဩဇာ၊ အားဆေး၊ ပိုးသတ်ဆေးတွေ ကူညီဆောင်ရွက်ပေးနေပါတယ်။ တောကျောင်းလေးအုပ်စုထဲမှာရှိတဲ့ ဆင်းရတနာ ၃ မိုးကြိုနှမ်း ဧက ၅၀ စံပြကွက်ကတောင်သူတွေကိုလည်းနည်းပညာနဲ့ စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့ကောင်းတွေကို ပေးခဲ့ပါတယ်။ မိုးကြိုပဲတီစိမ်း ၁၅ ဧကစံပြကွက်ကိုတော့ ဘူတာကျေးရွာမှာ နွယ်ခွေဆည်ရေနဲ့ စိုက်တဲ့အတွက် အထွက်ကောင်းနေတာ တွေ့ရသလို အောင်ချမ်းသာကျေးရွာမှာတော့ ဝါမျိုးတွေ ယှဉ်ပြိုင်စိုက်ထားတဲ့ မျိုးယှဉ်ပြိုင်ကွက်တွေရှိပါတယ်။ အဲဒီမှာငွေချည် ၆ ဝါမျိုးက တစ်ဧက၊ ငွေချည် ၉ က တစ်ဧက၊ ရွှေတောင် ၈ က တစ်ဧက စိုက်ပျိုးထားတာတွေကို စစ်ဆေးပြီး လိုအပ်တာတွေကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။ အောင်ချမ်းသာရွာမှာတော့ မြေအောက်ရေနဲ့ စိုက်ပျိုးရေကို သုံးရတဲ့အတွက် ရေအရည်အသွေးညံ့တော့ မြေပျက်မှာကို တောင်သူတွေ စိုးရိမ်နေသလို ဌာနကလည်း စိုးရိမ်တဲ့အတွက် နည်းလမ်းကောင်းတွေကို တောင်သူတွေနဲ့ပေါင်းစပ်ပြီး ဒေသအခြေအနေပေါ်မူတည်ပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။



တောင်သူများအနေဖြင့် အရည်အသွေးညံ့သည့် မြေအောက်ရေကို ထိန်းသုံးနေရပြီး မိုးရာသီတွင် မိုးရေအတန်အသင့်ရ၍ မိုးစပါးစိုက်ပျိုးနိုင်သော်လည်း ကျန်ရာသီများတွင် ရေအသုံးနည်းသည့် သီးနှံများ စိုက်ပျိုးရာ ပြဿနာမရှိသော်လည်း ရေရှည်တွင် မြေပျက်စီးကာ စိုက်ပျိုးမရမည်ကို စိုးရိမ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာအုပ်စု အောင်စေပိုင်စေ မြစ်ရေတင် ဧက ၁၀၀ စံပြကွက်ကို အဆင့်မြင့်လယ်ယာအဖြစ် ၂၀၁၅ ခုနှစ်ကဖော်ထုတ်ထားရာ လက်ရှိတွင် အရှိန်ရကာ မိုးစပါးမျိုးစေ့များကို ထုတ်၍ မုံရွာခရိုင်အတွင်းသာမက ယခုအခါကလေးမြို့နယ်သို့ မျိုးသန့်စပါးများ ဖြန့်လျက်ရှိရာယခုနှစ်တွင်တင်း ၁၀၀၀ ခန့် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရောဝတီတိုင်းဒေသကြီး၌ တောင်သူလယ်သမားဖိုရမ်များ မေလတွင် ကျင်းပမည်

**စစ်ဝေး (AMIA)**

တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲများ ဆွေးနွေးအဖြေရှာနိုင်ရေးနှင့် မြန်မာ့လယ်ယာစိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်သည့် တောင်သူလယ်သမားဖိုရမ်များကို လာမည့်မေလအတွင်း ရောဝတီတိုင်းဒေသကြီးရှိ မြို့ငါးမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"တောင်သူလယ်သမား ဖိုရမ်တွေကို မေလထဲမှာ ကျင်းပဖို့ရှိပါတယ်။ ပုသိမ်ခရိုင်အတွက် ပုသိမ်မြို့မှာကျင်းပမယ်။ ခရိုင်ထဲမှာရှိတဲ့ မြို့နယ်အသီးသီးက လယ်သမားကိုယ်စားလှယ် ၄၀၀ လောက် ဖိတ်ကြားသွားပါမယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဌာနဦးစီးမှူး ဦးစိန်မောင်မြင့်က ပြောသည်။

အဆိုပါ လယ်သမားဖိုရမ်များကို မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက် MAPCO အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ ဖျာပုံနှင့် မြောင်းမြမြို့တို့တွင် မေလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဖိုရမ်မှာ အောက်ခြေလယ်သမားတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ဘယ်လိုကျော်လွှားဖို့ နည်းလမ်းရှာမလဲ။ ၂၀၁၂ လယ်ယာမြေဥပဒေကိုရော ပြင်ဆင်ဖို့လိုသလား။ ပြင်မယ်ဆိုရင်ရော ဘယ်လိုပြင်ကြမလဲစသဖြင့် လယ်သမားနဲ့ သက်ဆိုင်တဲ့ကိစ္စတွေ ဆွေးနွေးလို့ရပါတယ်"ဟု၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ ဖိုရမ်များတွင် တက်ရောက်လာသူ လယ်သမားများထဲမှ ကိုယ်စားလှယ်များ ပြန်လည်ရွေးချယ်ကာ နိုင်ငံလုံးဆိုင်ရာ လယ်သမားဖိုရမ်ကျင်းပချိန်၌ တက်ရောက်စေမည်ဖြစ်ကြောင်း သိရသည်။

ဖိုရမ်တက်ရောက်ရန် ဖိတ်ကြားရာတွင် အမှန်တကယ် လယ်ယာစိုက်ပျိုးနေသည့် ဧကများစွာ ပိုင်ဆိုင်သောလယ်သမားများနှင့် ဧကနည်းသောလုပ်ကွက်ငယ် လယ်သမားများကိုလည်း ပါဝင်စေရန် ဖိတ်ကြားစေလိုကြောင်း ကန်ကြီးထောင့်မြို့နယ်မှ လယ်သမား ဦးစိုးဝင်းက ပြောသည်။

"ဖိုရမ်ဖိတ်မယ်ဆို အမှန်တကယ် လယ်စိုက်နေတဲ့ လယ်သမားအစစ်တွေကို ဖိတ်စေချင်ပါတယ်။ ဘာလို့လဲဆိုတော့ စက်ပိုင်တွေ၊ စိုက်ပျိုးရေးဆေးရောင်းသူတွေ ဒါတွေက လယ်သမားအမည်ခံပြီး ဖိုရမ်တက်လာရင် တကယ့်လယ်သမားအသံတွေ ထွက်မလာမှာ စိုးရိမ်ရတယ်။ တကယ့်လယ်သမားအစစ်တွေ အသံတွေ တင်ပြခွင့်ရမယ်ဆိုရင်တော့ ဒီဖိုရမ်က အလွန်ကောင်းတဲ့အစီအစဉ်ဖြစ်ပါတယ်" ဟု ၎င်းက ပြောပြသည်။

# မြန်မာ့စိန်တလုံးသရက်သီးနှင့် သရက်တန်ဖိုးမြှင့်ထုတ်ကုန်များ ကိုရီးယားနိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ရန်စီစဉ်

**ထက်အောင် (AMIA)၊ ဓာတ်ပုံ - ဝတ်ရည်မွန် (AMIA)**



တောင်ကိုးရီးယားနိုင်ငံက နေပြည်တော်မှာ အအေးခန်းစက်ရုံဆောက်ပြီး မြန်မာ့စိန်တလုံးသရက်သီးတွေနဲ့ သရက်တန်ဖိုးမြှင့်ထုတ်ကုန်တွေကို တိုက်ရိုက်တင်ပို့နိုင်ဖို့ စီစဉ်နေတယ်လို့ မြန်မာ့သရက်ဈေးကွက်နဲ့ နည်းပညာဖွံ့ဖြိုးရေးအသင်းထံမှ သိရပါတယ်။

"စိန်တလုံးသရက်သီးအရသာက တခြားနိုင်ငံတွေမှာမရှိတဲ့အတွက် သရက်သီးကို အနှစ်ပြုလုပ်ပြီး ကိုယ်တိုင်တိုက်ရိုက် တင်သွင်းဖြန့်ချိဖို့ စီစဉ်နေတာဖြစ်တယ်လို့ အဆိုပါအသင်းရဲ့ ဥက္ကဋ္ဌဦးကိုကိုက ပြောပါတယ်။

"စိန်တလုံးသရက်သီးတွေကို အနှစ်ပြုလုပ်ဖို့အတွက် အပေါ်ယံအနာပါတဲ့ ဒုတိယ တန်းစားနဲ့ တတိယတန်းစားအမျိုးအစား သရက်သီးတွေကို ဝယ်ယူမှာပါ။ ဒီနှစ်မှာ သရက်သီးအနှစ် တန်ချိန် ၁၀၀ လောက် တင်ပို့နိုင်ဖို့ ခန့်မှန်းထားတယ်။ အဲ့ဒီစက်ရုံကို ၂၀၁၅ ခုနှစ်က တည်ဆောက်ခဲ့တာဖြစ်ပြီး လာမယ့်နှစ်တွေမှာတော့ သရက်သီးအနှစ်အပြင် ပထမတန်းစား သရက်သီးအလုံးလိုက်တွေကိုပါ တင်ပို့သွားမယ်"လို့ ၎င်းက ပြောပါတယ်။

အရင်က တရုတ်နိုင်ငံဈေးကွက်တစ်ခုကိုသာ အဓိက တင်ပို့နေတာဖြစ်ပြီး ဒီနှစ်မှာတော့ သရက်သီးကို အနှစ်ထုတ်ပြီး ရုရှားနိုင်ငံကို တင်ပို့ခဲ့တဲ့အပြင် တောင်ကိုရီးယား၊ ဂျပန်စတဲ့နိုင်ငံတွေကလည်း ဝယ်ယူဖို့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

လက်ရှိပြည်ပနိုင်ငံတွေကို သရက်သီးအလုံးလိုက်အပြင် ကြာရှည်အထားခံတဲ့ သရက်သီးအနှစ်၊ အခြောက်ပြုလုပ်ကာ တရုတ်၊ စင်ကာပူ၊ ထိုင်းနိုင်ငံတွေကို တင်ပို့နေပါတယ်။

# ဇေယျာသီရိမြို့နယ်အရှေ့ဘက် ရှမ်းရိုးမတောင်ပေါ်ကျေးရွာများမှ ကွမ်းကြမ်းရောင်းဝယ်သူများ စီးပွားရေးအဆင်ပြေ

**သတင်း-မောင်လွင်(တပ်ကုန်း)**

နေပြည်တော် ဇေယျာသီရိမြို့နယ် အရှေ့ဘက် ရှမ်းရိုးမတောင်ပေါ်ရှိ ကျောက်ဖျာကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာတို့မှ ထွက်ရှိသည့် စစ်တောင်းကွမ်းခေါ် ကွမ်းကြမ်းများကို ဒေသခံများကိုယ်တိုင် တစ်ပိုင်တစ်နိုင်ရောင်းဝယ်ဖောက်ကားခြင်းဖြင့် ၎င်းတို့၏ လူမှုဘဝများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒေသကထွက်တဲ့ ဒီစစ်တောင်းကွမ်းခေါ် ကွမ်းကြမ်းက ကွမ်းနုဝါလိုတော့မဟုတ်ဘူး။ ကွမ်းကြမ်းဆိုသလိုကွမ်းရွက်က ကြမ်းတယ်။ တချို့ဒေသက လူတွေက ကွမ်းကြမ်းကိုပဲ အဓိက စားကြတယ်။ အခုလို နွေရာသီကာလမှာ ဒီကွမ်းကြမ်းက ဈေးအကောင်းဆုံးရတယ်။ ဆောင်းတွင်းပိုင်း နည်းနည်းကောင်းလာပါတယ်။ ဈေးအကျဆုံးကတော့ မိုးတွင်းပါပဲ။ နွေပိုင်းဈေးက အကောင်းဆုံးဖြစ်တော့ ကျွန်တော်တို့ စားဝတ်နေရေး အဆင်ပြေပါတယ်" ဟု ပူပြင်းလှသည့် နေရောင်အောက်တွင် ချွေးများဒီးဒီးကျရင်း ကွမ်းခြင်းကို ဆိုင်ကယ်ဖြင့်သယ်လာသည့် ရွာသစ်ကုန်းကျေးရွာမှ ဦးသန်းဝင်းက ပြောပြသည်။

အဆိုပါကွမ်းများကို နေပြည်တော် တပ်ကုန်းဘက်မှ လာသည့် ခရီးသည်ယာဉ်များဖြင့် ခေတ်အေးကျေးရွာကားဂိတ်မှ ပဲခူးနှင့် သနပ်ပင်မြို့များရှိ ကြိုတင်မှာယူသူများထံသို့ တစ်ဆင့်တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း၊ အမြတ်နည်းသော်လည်း နေ့စဉ်တင်ပို့ရောင်းချရသဖြင့် တွက်ခြေကိုက်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

" ရွာမှာ အိမ်ဆိုင်လေးလည်း တည်ထားတယ်။ ရွာကကွမ်းစိုက်ပျိုးတဲ့သူတွေကိုလည်း လိုတဲ့အခါ ကွမ်းခူးခိုင်းတယ်။ တစ်ရက်စာ အချိန် ၂၅ ပိဿာလောက်ပါတဲ့ ခြင်းတစ်ခြင်းနဲ့ထည့် အခုလို တောင်ပေါ်ကနေတစ်ဆင့် လာရောက်ရောင်းချတာဖြစ်ပါတယ်။ ခေတ်အေးကျေးရွာ ကားဂိတ်မှတစ်ဆင့် ပဲခူးမြို့ သနပ်ပင်မြို့တို့ကို သွားရောင်းတယ်။ သူတို့ဘက်ကတော့ ကျွန်တော်တို့ ဒီဘက်က ထွက်တဲ့ကွမ်းကို စစ်တောင်းကွမ်းလို့ခေါ်ကြတယ်။ အဓိက ထွက်တာကတော့ ကျွန်တော်တို့ တောင်ပေါ်ရွာတွေဖြစ်တဲ့ ကျောက်ဖျာ၊ ရွာသစ်ကုန်း၊ ကရင်တောင်ကျေးရွာတွေပါ။ ကျွန်တော်တို့က ဒီကနေ ကားနဲ့ပဲတင်ပို့ပေးတာ။ ပဲခူး ကားဂိတ်ရောက်တာနဲ့ သူတို့မှာတဲ့သူတွေတစ်ဆင့်လာယူကြတာပါတယ်။ငွေကတော့ ဘဏ်ကနေတစ်ဆင့် ပို့ပေးပါတယ်" ၎င်းက ဆက်လက်ပြောသည်။

ဒေသပေါက်ဈေးအနေဖြင့် ကွမ်းကြမ်း တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ဈေးဖြင့် ဝယ်ယူရပြီး တစ်ဆင့်ပြန်ရောင်းလျှင် တစ်ပိဿာကို ငွေကျပ် ၄၈၀၀၈၏ရသဖြင့် ငွေကျပ် ၅၀၀ နှုန်း အမြတ်ရကြောင်း သိရသည်။

"ဒါကလည်း ပုံမှန်ဖောက်သည်တွေအနေနဲ့ လည်ပတ်နိုင်အောင် လုပ်ပေးတဲ့သဘောပါ။ တစ်ပိဿာကို ငွေကျပ် ၅၀၀ မြတ်ပြီး ခြင်းတစ်ခြင်းကို ပိဿာအချိန် ၂၀ လောက်ထည့်နိုင်ရင်လည်း ကျွန်တော်တို့အတွက် တွက်ခြေကိုက်တော့ ဘာပဲဖြစ်ဖြစ် မိသားစုစားဝတ်နေရေးအတွက်တော့အဆင်ပြေပါတယ်။ နေ့စဉ်ဝင်ငွေလည်းဖြစ်တော့ ပိုပြီးအဆင်ပြေပါတယ်။ တစ်ခေါက်ဆို အားလုံးစရိတ်စကနုတ်ပြီး တစ်ရက် ငွေကျပ် ၁၀၀၀၀ ဝန်းကျင်လောက် ကျန်ပါတယ်"ဟု ဦးသန်းဝင်းက ပြောသည်။

# စီးချင်းထိုးမယ့် မန်ချက်စတာဒါဘီ၊ အာဆင်နယ်ခြေစွမ်းကို အကဲစမ်းမယ့် လက်စတာ



ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ ဧပြီ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်တွေ ဆက်တိုက်ကစားဖို့ရှိနေပါတယ်။ ရာသီကုန်ချိန် တဖြည်းဖြည်းနီးကပ်လာတဲ့အတွက် အသင်းတိုင်းဟာ ပွဲတိုင်းရလဒ်ကောင်းအောင် ကြိုးစားနေကြတာမို့ ပရိသတ်တွေအတွက်တော့ ပွဲကောင်းတွေပါပဲ။ အခုပွဲစဉ်မှာ အာဆင်နယ်က လက်စတာနဲ့ ကစားရမှာဖြစ်သလို မန်ယူတို့ကလည်း မန်စီးတီးနဲ့ ရင်ဆိုင်ရမှာမို့ ရင်ခုန်စိတ်လှုပ်ရှားစရာခံစားမှုရသတွေ ပေးစွမ်းဦးမှာ သေချာနေပါတယ်။

**အာဆင်နယ်နှင့် လက်စတာ**

လက်ကျန်ပွဲ အားလုံးအနိုင်ရမှ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ မျှော်လင့်နိုင်တော့မယ့် အာဆင်နယ်တို့လည်း အခုတလော ရလဒ်တွေ ကမောက်ကမဖြစ်နေပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ မစ်ဒယ်ဘရော့ကို အနိုင်ကစားခဲ့တာမို့ အခုပွဲမှာ အာဆင်နယ်တို့ အားထည့်ကစားပါလိမ့်မယ်။ အနိုင်ရလဒ်ကိုသာ ဖော်ဆောင်မယ့် အာဆင်နယ်တို့က လက်စတာရဲ့ကစားအားကို ထိန်းချုပ်ဟန့်တားဖို့တော့ လိုပါတယ်။ ချန်ပီယံလိဂ်က ထွက်ခဲ့ရတဲ့ လက်စတာတို့က ဒီပွဲကိုအပြည့်အဝအာရုံစိုက်ကစားတော့မှာမို့ ပထမအကျော့ ဂိုးမရှိသရေရလဒ်ထက် ပိုကောင်းတဲ့ အဖြေထွက်ပေါ်ဖို့ နှစ်သင်းစလုံးခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ ဖိအားများနေတဲ့ အာဆင်နယ်တို့ ကံကောင်းသွားနိုင်မယ့်ပွဲပါပဲ။

**မန်စီးတီးနှင့် မန်ယူ**

ပထမကျော့ မန်ယူကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ရတဲ့ မန်စီးတီးဟာ ဒီပွဲမှာတော့ အဲဒီရလဒ်ကို ပြန်လည်ချေဖျက်တော့မှာဖြစ်ပါတယ်။ မန်စီးတီး၊ လီဗာပူး၊ အာဆင်နယ်တို့ကို သရေပွဲကစားခဲ့ပြီး ချယ်လ်ဆီးကို ရှုံးခဲ့ပေမယ့် ဆောက်သမ်တန်နဲ့ ဟားလ်စီးတီးကို နိုင်ပွဲဆက်တိုက်ရယူနိုင်ခဲ့တာမို့ အခုပွဲမှာ မန်ယူအတွက်တော့ ပွဲကျပ်ဖြစ်နေပါတယ်။ မန်ယူတို့က အခုတလောနိုင်ပွဲဆက်နေပြီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလည်း တစ်ပွဲမှ မရှုံးခဲ့ပါဘူး။ မန်ယူရဲ့ တိုက်စစ်က အားရစရာမရှိသေးပေမယ့် ပွဲတိုင်းဂိုးသွင်းလာနိုင်တာမို့ ဒီပွဲမှာ စိတ်ဓာတ်မြင့်မားနေတဲ့ မန်ယူကစားသမားတွေ အသာစီးရအောင် ကြိုးစားပါလိမ့်မယ်။ နှစ်သင်းစလုံး အမှတ်လိုအပ်နေတာမို့ တိုက်စစ်အပြိုင်ဖွင့်ရင်း အမှတ်ခွဲယူရကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့် စပါး**

ခြေစွမ်းပြနေတဲ့ စပါးတို့ကတော့ အခုတလော နိုင်ပွဲတွေ ဆက်တိုက်ရယူနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ စပါးတိုက်စစ်မှူးတွေက ၁၅ ဂိုးအထိ သွင်းယူနိုင်ခဲ့တာမို့ ပဲလေ့စ်ခံစစ်မှူးတွေ သတိထားမှ ရပါလိမ့်မယ်။ ပဲလေ့စ်တို့က အာဆင်နယ်၊ ချယ်လ်ဆီးစတဲ့ အသင်းတွေကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်းရှိတာမို့ စပါးတို့ ပေါ့ဆဆကစားလို့တော့ မရပါဘူး။ ပဲလေ့စ်ဟာ အထူးသဖြင့် အိမ်ကွင်းမှာဆိုရင် ပြိုင်ဘက်မရွေးရလဒ်မဆိုးရွားအောင် အားထုတ်နိုင်တာမို့ အခုပွဲမှာ စပါးတို့အတွက်လည်း မလွယ်ပါဘူး။ ပဲလေ့စ်ရဲ့ အခုတလော နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ တစ်ပွဲသာရှုံးခဲ့တာမို့ ပြိုင်ဘက်အသင်းရဲ့ခြေစွမ်းကိုလိုက်ပြီး ကစားအားအတက်အကျအားထုတ်နိုင်တာမို့ ဒီပွဲမှာ စပါးတို့ ရုန်းကန်ရပါလိမ့်မယ်။ အကြိုက်က စပါးဖြစ်ပေမယ့် သရေပွဲလည်း ဖြစ်သွားနိုင်သလို စပါးနိုင်ရင်လည်း ဂိုးမပြတ်နိုင်ပါဘူး။

**မစ်ဒယ်ဘရော့နှင့် ဆန်းဒါးလန်း**

တန်းဆင်းဇုန်ထဲက အသင်းတွေမို့ နှစ်သင်းစလုံး အမှတ်မရှုံးရေး ကြိုးစားပါလိမ့်မယ်။ မစ်ဒယ်ဘရော့တို့က တိုက်စစ်ပိုင်းမှာ ဆန်းဒါးလန်းထက် ပိုမိုသာလွန်သလို တိုက်စစ်မှူးတွေက အဆုံးသတ်မကောင်းပေမယ့် အင်အားပြည့်ထိုးဖောက် တိုက်စစ်ဆင်နိုင်သူတွေဖြစ်ပါတယ်။ ဒီနှစ် တန်းဆင်းဖို့ရာနှုန်းများနေပြီဖြစ်တဲ့ ဆန်းဒါးလန်းတို့လည်း တိုက်စစ်က အားကိုးစရာမရှိတာမို့ အခုပွဲမှာ ချေပဂိုးသွင်းနိုင်ဖို့တောင် ခဲယဉ်းမှာပါ။ မစ်ဒယ်ဘရော့တို့က တန်းမဆင်းရရေး ဒီပွဲမှာ အမှတ်ယူပြီး ကြိုးစားတော့မှာမို့ အခုပွဲဟာ မစ်ဒယ်ဘရော့ရဲ့ အောင်ပွဲအဖြစ် သတ်မှတ်ရပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**



# နှစ်ကုန်အထိ အနားယူရတော့မယ့် အီဘရာဟီမိုဗစ်ချ်

မန်ယူတိုက်စစ်မှူး ဇလတ်တန်အီဘရာဟီမိုဗစ်ချ်ဟာ အန်ဒါလက်ချ်နဲ့ ယူရိုပါလိဂ်ကစားစဉ် ဒူးခေါင်းအရွတ် စုတ်ပြဲသွားသဖြင့် ဒီနှစ်ကုန်တဲ့အထိ အနားယူရဖွယ်ရှိပါတယ်။ မန်ယူအသင်းဟာ ယူရိုပါလိဂ် ဆီမီးဖိုင်နယ်တက်သွားခဲ့ပါပြီ။ မန်ယူကတော့ ယူရိုပါလိဂ်ဖလားရဖို့ ရေပန်းစားနေပါတယ်။ ဒါ့အပြင် ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ဒီနှစ်ရာသီမှာ မန်ယူအတွက် ၂၈ ဂိုးသွင်းယူပေးခဲ့ပြီးနောက် ပရီမီယာလိဂ်မှာလည်း ထိပ်ဆုံး စတုတ္ထနေရာရဖို့ ရေပန်းစားနေပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကတော့ ရာသီကုန်အထိ အနားယူရပေမယ့် ဒုတိယနှစ် ထပ်မံကစားရဖို့ အလားအလာများနေပါတယ်။ အသက် ၃၆ နှစ်အရွယ်ရှိလာပြီဖြစ်ပေမယ့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ အစွမ်းပြဂိုးတွေ သွင်းယူနေဆဲဖြစ်ပါတယ်။ မန်ယူနဲ့ လက်ရှိစာချုပ်ကတော့ တစ်နှစ်သာရှိပေမယ့် ထပ်မံစာချုပ်ဖို့ ရှိနေတယ်လို့ ဆိုပါတယ်။ သူ့ကိုလော့အိန်ဂျလိဂ်အက်ဖ်စီကလည်း အလိုရှိနေပါတယ်။

# မန်စီးတီးက ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူး ဂရေ့စ်မန်း

မန်စီးတီးအသင်းက အက်သလက်တီကို တိုက်စစ်မှူး ဂရေ့စ်မန်းကို ခေါ်ယူဖို့ အဓိကပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိ ဂရေ့စ်မန်းကို မန်ယူကလည်း ခေါ်ယူဖို့ကြိုးစားနေပါတယ်။ ဒီ့အတွက် တိုက်စစ်မှူး အဂူရိုရဲ့အနာဂတ်ဟာ သံသယဖြစ်စရာ ဖြစ်လာပါတယ်။ ဂွာဒီယိုလာကတော့ ဂရေ့စ်မန်းကို ခေါ်ယူဖို့ ကြိုးစားနေဆဲ ဖြစ်ပါတယ်။ လာမယ့် ရာသီမှာ မန်စီးတီးက ဂါဘရီရယ်ဂျီးဆက်ကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိ ဂရေ့စ်မန်းဟာ နိုင်ငံနဲ့ ကလပ်အသင်းအတွက် ပွဲပေါင်း ၅၀ ကစားခဲ့ရာမှာ ၂၆ ဂိုးသွင်းယူခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ် ဇွန်လက အက်သလက်တီကို အသင်းနဲ့ ၂၀၂၁ နှစ်အထိ စာချုပ်ခဲ့ပါတယ်။ မန်စီးတီးက အက်သလက်တီကို တိုက်စစ်မှူး ဂရေ့စ်မန်းကို ပေါင် ၇၅ သန်းနဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။







# ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူး ဖြစ်လာနိုင်တဲ့ မားကတ်ရပ်ဖို့ဒ်

မန်ယူတိုက်စစ်မှူး မားကတ်ရပ်ဖို့ဒ်ဟာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူး ဖြစ်လာနိုင်တယ်လို့ ကွင်းလယ်ကစားသမားဟောင်း ပေါလ်စခိုးလ်က ပြောဆိုလိုက်ပါတယ်။ ဆယ်ကျော်သက်အရွယ် တိုက်စစ်မှူး ရပ်ဖို့ဒ်ဟာ ဒီနှစ်ရာသီမှာ မန်ယူရဲ့အဓိကတိုက်စစ်မှူးဖြစ်လာခဲ့ပြီး ၁၀ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ သူဟာ အန်ဒါလက်ချ်နဲ့ ကစားတဲ့ ယူရိုပါလိဂ်ကွာတားဖိုင်နယ်မှာ အချိန်ပိုကစားစဉ် အနိုင်ဂိုးသွင်းယူပေးခဲ့သူလည်း ဖြစ်ပါတယ်။ ရပ်ဖို့ဒ်ဟာ အထောင်တိုက်စစ်မှူးအဖြစ် အကောင်းဆုံးကစားနိုင်တယ်ဆိုတာ သံသယဖြစ်စရာ မလိုတော့ပါဘူးလို့ ပေါလ်စခိုးလ်က ဆိုပါတယ်။ သူ့ရဲ့ အသက်ဟာ ၁၉ နှစ်သာ ရှိပါသေးတယ်။ သို့ပေမယ့် မန်ယူရဲ့ အဓိကကစားသမားအဖြစ် ကစားနိုင်ပြီဖြစ်ပါတယ်။ သူဟာ နောင်တစ်ချိန်မှာ နေမာလို ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူး ဖြစ်လာနိုင်တယ်လို့ ပေါလ်စခိုးလ်က ချီးကျူးပြောဆိုခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ဇလုံတောင်တက် လိုင်းကားများတွင် ထိုင်ခုံနှင့် ခါးပတ်များတပ်ဆင်ပေးရန်လိုအပ်

**သတင်းဆောင်းပါး - ဆီမီးခုံ-နန်းရီ**



စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်စေတီတော် တောင်ပေါ်သို့တက်ရောက်သည့် တောင်တက်ယာဉ်အသင်းမှ ကားများတွင် ခရီးသည်များ အန္တရာယ်ကင်းစေရန်နှင့် သက်သောင့်သက်သာရှိစေရန်အတွက် ထိုင်ခုံနှင့် ခါးပတ်များ တပ်ဆင်ပေးရန်လိုအပ်လျက်ရှိကြောင်း ခရီးသည်အချို့က ပြောသည်။

အဆိုပါ တောင်တက်ယာဉ်လိုင်းမှ မော်တော်ယာဉ်များသည် သံကိုင်းများသာပါပြီး အမိုးမပါဘဲ ခရီးသည်များမှာ သံကိုင်းများကိုကိုင်ကာ မတ်တတ်ရပ်၍ စီးနင်းလိုက်ပါရခြင်း၊ ယာဉ်ပေါ်တွင်ထိုင်၍စီးလျှင် ကိုင်စရာမရှိခြင်းတို့ကြောင့် ခရီးသည်များ အန္တရာယ်ရှိနိုင်ပြီး အထူးသဖြင့် အသက်ကြီးသူများနှင့် ကလေးငယ်များ၊ ကျန်းမာရေးချို့တဲ့သူများအနေဖြင့် စီးနင်းလိုက်ပါရန်အခက်အခဲရှိကြောင်း၊ ထို့အတူ ယာဉ်မတော်တဆဖြစ်ပါကလည်း ထိုင်ခုံခါးပတ်များ မရှိခြင်းကြောင့် ထိခိုက်မှုအန္တရာယ်ကို ပို၍ စိုးရိမ်နေကြရကြောင်း ခရီးသည်တစ်ဦးက ပြောသည်။

ထို့ကြောင့် ဘုရားဖူးလာ ပြည်သူများ သက်သောင့်သက်သာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စီးနင်းသွားလာနိုင်စေရေးအတွက် ဇလုံတောင်မော်တော်ယာဉ်လိုင်း အသင်းဝင်ယာဉ်များကို သက်ဆိုင်ရာက ယာဉ်မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင်များ ရှိမရှိ စစ်ဆေးပေးရန် လိုအပ်လျက်ရှိပြီး ယာဉ်များတွင်လည်း ခရီးသည်များ သက်သောင့်သက်သာရှိစေမည့် ထိုင်ခုံများနှင့် အန္တရာယ်ကင်းစေရန် ထိုင်ခုံခါးပတ်များ တပ်ဆင်ပေးကြရန် လိုအပ်လျက်ရှိကြောင်း ဘုရားဖူး ပြည်သူတစ်ဦးက ပြောသည်။

ဇလုံတောင် မော်တော်ယာဉ်အသင်းတွင် အသင်းဝင် ယာဉ် ၅၈ စီးရှိကြောင်း သိရသည်။ အသင်းဝင်ယာဉ်များမှာ အသင်းဝင်ကြေးအဖြစ် ယာဉ်တစ်စီးလျှင် ကျပ်လေးသိန်းပေးရကြောင်း၊ ယာဉ်ရပ်နားသည့်ဂိတ်မှာ ဖန်းမောက်မြို့၏မြောက်ဘက် နှစ်မိုင်ကျော်တွင်ရှိပြီး ထိုဂိတ်မှ ကျောက်မဏ္ဍပ်၊ ထိုမှ ဇလုံတောင်အထိ ခရီးစဉ်အတွက် လူတစ်ဦးလျှင် အတက်ကားခ ငွေကျပ် ၃၅၀၀ နှင့် အဆင်းကားခ ငွေကျပ် ၂၅၀၀ ဖြစ်ကြောင်း။ ကားတစ်စီးလျှင် ခရီးသည် ၁၅ ဦးခန့် တင်ဆောင်ကြောင်း၊ ကားတစ်စီးအတွက် ဂိတ်ဖြတ်ကြေး ကျပ်ငါးထောင်ပေးရပြီး လမ်းတွင် ဇလုံတောင်ဘက်စုံအလှူငွေအတွက် ငွေကျပ် ၁၅၀၀၊ အဝင်ဂိတ်တွင် ငွေကျပ် ၅၀၀ ပေးသွင်းရကြောင်း၊ ဘုရားဖူးလာသူ အနည်းအများအပေါ် မူတည်၍ တစ်နေ့လျှင် သုံးခေါက်အထိ ယာဉ်လိုင်းပြေးဆွဲနိုင်ကြောင်း ယာဉ်မောင်းသူတစ်ဦးက ပြောကြားသည်။

ဇလုံတောင်စေတီသည် ဖန်းမောက်မြို့နှင့် ၁၄ မိုင် ၆ ဖာလုံကျော်ကွာဝေးသည့် ဇလုံတောင်ပေါ်တွင်ရှိပြီး ဇလုံတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၉၀ တွင် ရှိသည်။ စေတီတော်မှာ တောင်ကုန်းပေါ်တွင်လွန်ခဲ့သည့် နှစ်ပေါင်း ၉၀၀ ကျော်ခန့်မှစ၍ တည်ထားကိုးကွယ်ခဲ့သည့် စေတီဖြစ်ပြီး ဘုရားပွဲတော်ကို နှစ်စဉ် သင်္ကြန်အပြီးတွင် ကျင်းပသည်။

ဘုရားဖူးပြည်သူများ သွားလာမှုအဆင်ပြေစေရန် တောင်တက်ကားလမ်းကို နိုင်ငံတော်အစိုးရက ဖောက်လုပ်ပေးခဲ့ပြီးနောက်တွင် ဇလုံတောင်၏ သဘာဝပတ်ဝန်းကျင် အလှအပများကို ကြည့်ရှုခံစား အပန်းဖြေရင်း ဘုရားလည်းဖူးနိုင်သောကြောင့် ဘုရားဖူးလာသည့်ပြည်သူများ တစ်စထက်တစ်စ စည်ကားလာခဲ့ရာ ဘုရားဖူးသူများ တောင်ပေါ်တက်ရာတွင် လွယ်ကူစေရန် ဇလုံတောင်မော်တော်ယာဉ်အသင်းကို ဖွဲ့စည်းထားပြီး တောင်တက်ကား ပြေးဆွဲပေးနေခြင်းဖြစ်ကြောင်း သိရသည်။ ။

## ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်

**ဒီမော့ဆို မေ ၂၃**

နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသည့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ထီးပွင့်ကန်သာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တဥေယျမမ္မ အရှင်သူမြတ်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် ဒုတိယအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ နားသ မင်္ဂလာပွဲကို ထီးပွင့်ကန်သာသနာပြုကျောင်းတိုက်၌ မေ ၂၁ ရက်က ကျင်းပခဲ့သည်။

ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲတွင် ဟိုဖိတ်ကျောင်းဆရာတော် ဦးပဏ္ဍိတက ချီးကျူးထောမနာပူဇော်လွှာဖြင့် ဂုဏ်ပြုပူဇော်ကာ မြို့နယ်သာသနာရေးဦးစီးမှူး ဦးသန်းဇော်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ ထေရုပ္ပတ္တိကထာကို ဖတ်ကြားသည်။ ထို့နောက် ဘွဲ့တံဆိပ် အဆောင်အယောင်များနှင့် လှူဖွယ်ဝတ္ထုများကို ခရိုင်သာသနာရေးဦးစီးမှူး ဦးစိုးအောင်က ဆက်ကပ်လှူဒါန်းပြီး အခြားအလှူရှင်များကလည်း သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာကို မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျုံမနင်းကျေးရွာအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်မှ ဦးမြင့်သိန်းမိသားစုနှင့် လွိုင်ကော်မြို့ နန်းအေးရိပ်ကုမ္ပဏီ မိသားစုတို့၏ ဦးဆောင်မတည်လှူဒါန်းမှုဖြင့် ကျင်းပခဲ့ကာ ရဟန်းလောင်း ၂၉ ပါးနှင့် မောင်ရှင်လောင်း ၁၀၄ ပါးအား သာသနာ့ဘောင်သို့ သွတ်သွင်းပေးနိုင်ခဲ့ပြီး မိန်းကလေး ၄၂ ဦးအား နားသမင်္ဂလာပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နွေရာသီ ရေပြတ်လပ်မှုမဖြစ်စေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထား

**ပုလဲ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှု မဖြစ်စေရန်အတွက် ရေရရှိရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးခဲ့သလို ရေပြတ်လပ်ကြောင်း အကြောင်းကြားလာပါကလည်း ချက်ချင်း သွားရောက်ဖြန့်ဝေပေးနိုင်ရန် အသင့်ပြင်ထားပြီးဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးအောင်က ပုလဲမြို့နယ်တွင် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နွေရာသီအတွင်းက အယ်လ်နီညိုရာသီဥတုဒဏ် ခံစားခဲ့ရသဖြင့် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် သောက်သုံးရေရှားပါးပြတ်လပ်မှု ဖြစ်ခဲ့ပြီး အဆိုပါကျေးရွာများရှိ လူဦးရေ ၃၀၀၀ ကျော်အတွက် သောက်သုံးရေ ၁၃၅၀၅၃ ဂါလန်ကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် ပူးပေါင်းပြီး လှူဒါန်းပေးခဲ့ရကြောင်း ပြောသည်။

ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း၌မူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ တုန်းကန်ကျေးရွာ၊ နွယ်အင်းကျေးရွာ၊ အုန်းမွှန်းတောကျေးရွာ၊ ကံသာကျေးရွာ၊ အောင်ငြိမ်းချမ်းကျေးရွာများတွင် စက်ရေတွင်း တူးဖော်ပေးခြင်း၊ စစ်ရင်ကျေးရွာ၊ ရေသာကျေးရွာနှင့် ဆည်ကြီးကျေးရွာများတွင် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ယခုနှစ် နွေရာသီအတွင်း သောက်သုံးရေ ရှားပါးပြတ်လပ်မှု ယခင်နှစ်ကထက် နည်းနိုင်ကြောင်း၊ သို့သော် သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်လာ၍ ကျေးရွာများက အကူအညီတောင်းခံလာခဲ့လျှင် သောက်သုံးရေများ အချိန်နှင့်တစ်ပြေးညီ သွားရောက်ပို့ဆောင်နိုင်ရေးအတွက် ရေဘူးကြီးများ၊ စက်သုံးဆီများကို အဆင်သင့် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းလည်း ဦးစီးအရာရှိက ဆက်လက်ပြောကြားသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများကလည်း မြို့နယ်အတွင်း နွေရာသီ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးရွာများသို့ကွင်းဆင်း၍ ရေအရင်းအမြစ်များ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် သတိပြုရမည့် အချက်များ၊ စက်ရေတွင်းများ ရေရှည်တည်တံ့အောင်ထိန်းသိမ်းခြင်းနည်းစနစ်များနှင့် စိမ့်စမ်းရေများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းနည်းစနစ်များကို ဒေသခံပြည်သူများအား ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရမည့် အချက်များနှင့် ရေပြတ်လပ်လာပါက ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် အကူအညီတောင်းခံရန် ဖုန်းနံပါတ်များ ပါရှိသည့် ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။ ပုလဲမြို့နယ်အတွင်း၌ သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၃၅၀၉၆ နှင့် ၀၉-၉၇၀၄၀၆၃၀၀ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## မြို့နယ်အခြေပြု မူလတန်း ဆရာအတတ်ပညာသင်တန်းဖွင့်

**ဝါးခယ်မ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းသင် ဆရာ၊ ဆရာမများအား မြို့နယ်အခြေပြု မူလတန်း ဆရာအတတ်ပညာသင်တန်းကို အထက(၁)ကျောင်း ဒေါ်ပိုက်မိခန်းမ၌ မေ ၂၂ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မေမေခင်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးကြွယ်တို့က သင်တန်းကို ဘွဲ့ရ မူလတန်းပြ ဆရာ၊ ဆရာမများအနေဖြင့် ဆရာအတတ်ပညာကို လေ့လာသင်ယူခွင့် ရရှိစေရန်၊ ဆရာအတတ်ပညာများကို လေ့လာသင်ယူပြီး သင်ကြားမှုတွင် ပိုမိုထိရောက်အောင်မြင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းချိန်အတွင်းသာမက လုပ်ငန်းခွင်ရောက်ရှိပြီးနောက်တွင်ပါ ဆက်လက်သင်ယူနိုင်မည့် အခြေခံကောင်းများ ရရှိစေရန်၊ တွေးခေါ်ကြံဆမှုကို အားပေးသော သင်ကြားနည်းများဖြင့် သင်ရိုးဝင် ဘာသာရပ် ၁၂ မျိုးကို သင်ကြားပေးသွားမည့်အပြင် ကာယပညာ ဘာသာရပ်ကိုလည်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို မေ ၂၂ ရက်မှ မေ ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် သင်တန်းသား သင်တန်းသူများအဖြစ် ဝါးခယ်မမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းပြ ဆရာ၊ ဆရာမ ၁၈၂ ဦး တက်ရောက်ကာ နည်းပြ ၁၄ ဦးဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

## မိုးရာသီနီးကပ်လာ၍ တောင်ထန်းနှင့်ဝါးများ အရောင်းသွက်

**ဖြူး မေ ၂၃**

မိုးရာသီရောက်ရှိတော့မည်ဖြစ်၍ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာခွဲများတွင် အိမ်မိုး တောင်ထန်းနှင့်ဝါးများ အရောင်းသွက်လာကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာများမှ နွမ်းပါးသော ပြည်သူများအနေဖြင့် နေအိမ်များ အမိုးမိုးကြရာတွင် သွပ်မိုးရန် မတတ်နိုင်၍ အိမ်မိုးတောင်ထန်းများကိုသာ အသုံးပြုကြရာ ယခုလို မိုးရာသီနီးကပ်လာသည့် အချိန်တွင် အမိုးများ ပြင်ဆင်မိုးကြသဖြင့် တောင်ထန်းနှင့် ဝါးများ အရောင်းသွက်လာခြင်းဖြစ်ကြောင်း၊ တောင်ထန်းမိုးရာတွင် မွန်ပြည်နယ်မှထွက်ရှိသော တောင်ထန်းများကို အပျစ် ၁၀၀ လျှင် ကျပ် ၁၂၀၀၀ မှ နှစ်သောင်းခန့်အထိပေး၍ ဝယ်ယူကြရကြောင်း သိရသည်။

ဖြူးမြို့နယ်တွင် ယခင်က အိမ်အမိုးများ မိုးကြရာတွင် တောင်ထန်းထက် အနောက်ရိုးမနှင့် အရှေ့ရိုးမတို့မှ ထွက်သော အင်ဖက်များကိုအသုံးပြု၍ အိမ်မိုးခဲ့ကြသည်က ပိုများပြီး ယခုအခါတွင် အနောက်ရိုးမနှင့် အရှေ့ရိုးမတို့ရှိ အင်ပင်များမှာ သစ်ထုတ်လုပ်ရာ၌ ပါသွားကြသဖြင့် ယခုအချိန်တွင် အင်ဖက်များမှာ လုံးဝမရှိသလောက် ရှားပါးသွားသောကြောင့် အင်ဖက်များအစား မွန်ပြည်နယ်မှထွက်ရှိသော တောင်ထန်းများကို ဝယ်ယူ၍ မိုးကြခြင်းဖြစ်ကြောင်း သိရသည်။ **ဖြူးမြင့်ဦး**



# ဆန်းသစ်တီထွင် မြန်ပြည်တစ်ခွင် မူပိုင်ခွင့်ဖြင့် ဒို့မြှင့်တင်

သတင်းဆောင်းပါး-ဒေါက်တာမိုးမိုးသွယ်

လူသားတိုင်းမှာ သဘာဝက ဖန်ဆင်းပေးထားတဲ့အသိဉာဏ် ရှိကြတယ်။ အဲဒီ အသိဉာဏ်ဟာ ဦးနှောက်ကနေထွက်ပေါ်လာတဲ့ စွမ်းအားတစ်ရပ်လို့ သိပ္ပံပညာက ဆိုပါတယ်။ လူသားတွေဟာ မိမိတို့ဖြတ်သန်းရတဲ့ ဘဝခရီးမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ အသိဉာဏ်ကိုအသုံးချပြီး တီထွင်ဆန်းသစ်မှုတွေကို ပြုလုပ်ခဲ့ကြတယ်။ လူ့သမိုင်းတစ်လျှောက်ကို ပြန်ကြည့်မယ်ဆိုရင် ကျောက်ခေတ်၊ သံခေတ်မှ ယနေ့ အင်တာနက်ခေတ်၊ ဒစ်ဂျစ်တယ်ခေတ်ဆီသို့ နည်းပညာအဆင့်ဆင့် ပြောင်းလဲတိုးတက်ခဲ့ခြင်းဟာ လူသားများရဲ့ အသိဉာဏ်စွမ်းရည်ကို အကျိုးရှိရှိ အသုံးပြုခဲ့ကြတယ်ဆိုတာ ထင်ရှားပါတယ်။

နည်းပညာတွေ ဆန်းသစ်တီထွင်လာခဲ့ခြင်းရဲ့အကြောင်းရင်းတစ်ရပ်က ပြဿနာတစ်ခုရဲ့အဖြေကို ရှာဖွေခြင်းပဲဖြစ်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ ပြောရရင် ၁၉ ရာစု အစပိုင်းလောက်မှာ အမေရိကန်နိုင်ငံသား ဂျိမ်း(စ်)မာရေး စပင်ဂလာက လေဟာနယ်သုံးဖုန်စုပ်စက်ကို တီထွင်နိုင်ခဲ့ပါတယ်။ သူဟာ ကုန်စုံဆိုင်တစ်ခုမှာ ညစောင့်အလုပ်လုပ်စဉ်က ကော်ဇောကိုသန့်ရှင်းတဲ့အခါ ထွက်လာတဲ့ဖုန်မှုန့်တွေကြောင့် အရေပြားယားယံတဲ့ဝေဒနာကို ခံစားခဲ့ရတယ်။ ဖုန်မှုန့်ကြောင့်ခံစားခဲ့ရတဲ့ ဝေဒနာကို တခြားလူတွေ မခံစားရစေဖို့ လုပ်နိုင်မယ့်နည်းလမ်းကို စပင်ဂလာက တွေးခေါ်ခဲ့ပါတယ်။ စပင်ဂလာဟာ အင်္ဂလန်နိုင်ငံသား ဟူးဘတ်စိစဲဘူ(လ်) တီထွင်ခဲ့တဲ့ လောင်စာဆီသုံး လေဟာနယ်ဖုန်စုပ်စက် နည်းပညာကို အခြေခံအနေနဲ့ လေ့လာခဲ့ပြီး နောက်ဆုံးမှာတော့ လျှပ်စစ်စွမ်းအားအသုံးပြုပြီး ဖုန်မှုန့်သိမ်းတဲ့အိတ် ပါဝင်တဲ့ လေဟာနယ်သုံး အိမ်သုံးဖုန်စုပ်စက်ကို တီထွင်နိုင်ခဲ့ပါတယ်။

စပင်ဂလာဟာ သူ့ရဲ့နည်းပညာကို အမေရိကန်နိုင်ငံရဲ့မူပိုင်ခွင့်ရုံးမှာ လျှောက်ထားခဲ့ပြီး ၁၉၀၈ ခုနှစ်မှာ တီထွင်မှုမူပိုင်ခွင့် မှတ်ပုံတင်နိုင်ခဲ့ပါတယ်။ စပင်ဂလာဟာ သူ့ရဲ့တီထွင်မှုကို စီးပွားဖြစ် ထုတ်လုပ်နိုင်ဖို့အတွက် ကုမ္ပဏီတစ်ခုကို တည်ထောင်ခဲ့ပါတယ်။ ၁၉၁၀ ပြည့်နှစ်မှာ စပင်ဂလာနဲ့ အမျိုးတော်စပ်သူ ဝီလျံဟင်နရီဟူဗာကို သူ့ရဲ့နည်းပညာ လွှဲပြောင်းပေးခဲ့ပြီးနောက် ဟူဗာဖုန်စုပ်စက်အမည်နဲ့ ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ ၁၉၁၅ ခုနှစ်မှာ စပင်ဂလာ ကွယ်လွန်သွားပေမယ့် သူ့ရဲ့မိသားစုဟာ ဟူဗာထံမှ နည်းပညာမူပိုင်ခွင့်အတွက် အခကြေးငွေကို ၁၉၂၅ ခုနှစ်အထိ ခံစားခွင့် ရရှိခဲ့ပါတယ်။

စပင်ဂလာရဲ့ နည်းပညာဟာ ဖုန်စုပ်စက်ထုတ်လုပ်တဲ့လောကကို တစ်ခေတ်ပြောင်းစေခဲ့ပါတယ်။ စပင်ဂလာအနေနဲ့ သူ့ရဲ့တီထွင်ဖန်တီးမှုကနေ ထိုက်သင့်တဲ့ အကျိုးခံစားခွင့် ရရှိခဲ့ခြင်းဟာ အမေရိကန်နိုင်ငံမှာရှိတဲ့ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်ပေးတဲ့စနစ်ကို ထိရောက်စွာ အသုံးပြုခဲ့လို့ပဲဖြစ်ပါတယ်။ သူတီထွင်ထားတဲ့ နည်းပညာကို လွတ်လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ဖို့နဲ့ တခြားသူကို ထုတ်လုပ်ခွင့်ပေးပြီး ထိုက်သင့်တဲ့ အခကြေးငွေရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တီထွင်မှု မူပိုင်ခွင့်စနစ်ဟာ တီထွင်ဖန်တီးသူများကို မိမိတို့ရဲ့တီထွင်မှုနည်းပညာကို ဒါမှမဟုတ် နည်းပညာကိုအသုံးပြုပြီး ထုတ်လုပ်လိုက်တဲ့ ထုတ်ကုန်များကို ကိုယ်တိုင်အသုံးပြုခွင့်၊ အခြားသူများကို လိုင်စင်နဲ့အသုံးပြုခွင့်ကို အနည်းဆုံး နှစ်ပေါင်း ၂၀ အတွင်း ခွင့်ပြုတယ်။ ဒါ့အပြင် တစ်စုံတစ်ယောက်က မိမိရဲ့နည်းပညာကို ခွင့်ပြုချက်မယူဘဲ အသုံးပြုခြင်းကိုလည်း ဥပဒေအရ ဟန့်တားနိုင်တယ်။ ဒါပေမယ့် အဲဒီမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးတွေ ရရှိဖို့အတွက် နိုင်ငံရဲ့မူပိုင်ခွင့်မှတ်ပုံတင်ရုံးမှာ လျှောက်ထားရမှာဖြစ်ပြီး မူပိုင်ခွင့်ရုံးက စစ်ဆေးပြီး ခွင့်ပြုခြင်း ဒါမှမဟုတ် ငြင်းပယ်ခြင်းကို ဆုံးဖြတ်ပေးမှာ ဖြစ်တယ်။

တီထွင်မှုမူပိုင်ခွင့် မှတ်ပုံတင်ခွင့်ရရှိဖို့အတွက် အဲဒီတီထွင်မှုဟာ တခြားသူများမပြုလုပ်ခဲ့ဖူးသေးတဲ့ နည်းပညာအသစ်ဖြစ်ခြင်း၊ တီထွင်မှုနည်းပညာအဆင့်တစ်ရပ် ပါရှိခြင်းနဲ့ လက်တွေ့ထုတ်လုပ်ရောင်းချနိုင်ခြင်း စတဲ့ အချက်သုံးရပ်နဲ့ ပြည့်စုံဖို့လိုအပ်တယ်။ မူပိုင်ခွင့်မှတ်ပုံတင်ရုံးက အဲဒီအချက်များကို စစ်ဆေးပြီးနောက် မူပိုင်ခွင့်မှတ်ပုံတင် ခွင့်ပြုနိုင်တယ်။ တီထွင်မှု မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဟာ နယ်မြေဒေသအပေါ် မူတည်တာမို့ မူပိုင်ခွင့်ရချင်တဲ့နိုင်ငံမှာ အဲဒီနိုင်ငံရဲ့ မူပိုင်ခွင့်စနစ်ကို လေ့လာပြီး မူပိုင်ခွင့်လျှောက်ထားနိုင်တယ်။ မူပိုင်ခွင့်မှတ်ပုံတင်ခွင့်ရခဲ့ရင် အဲဒီလျှောက်ထားတဲ့နိုင်ငံရဲ့နယ်နိမိတ်အတွင်းမှာ မူပိုင်ခွင့်ဥပဒေက ခွင့်ပြုထားတဲ့ အခွင့်အရေးများကို ရရှိမှာဖြစ်ပါတယ်။

အဲဒီအခွင့်အရေးတွေကို မူပိုင်ခွင့်လျှောက်ထားတဲ့နေ့ရက်ကစပြီး အနည်းဆုံး နှစ်ပေါင်း ၂၀ အတွင်း အသုံးပြုနိုင်ပြီး မူပိုင်ခွင့်သက်တမ်း ကုန်ဆုံးသွားရင်တော့ အဲဒီနည်းပညာကို မည်သူမဆို အသုံးပြုခွင့်ပေးရမှာဖြစ်တယ်။ တစ်နည်းပြောရရင် အနှစ် ၂၀ ကျော်တာနဲ့ မှတ်ပုံတင်ခွင့်ပြုထားတဲ့ နည်းပညာအပေါ် မူပိုင်ခွင့်ပိုင်ရှင်ရဲ့အခွင့်အရေး သက်ရောက်မှု မရှိတော့ဘဲ တစ်ကမ္ဘာလုံးမှာရှိတဲ့ မည်သူမဆို အဲဒီနည်းပညာကို လွတ်လပ်စွာသုံးစွဲခွင့် ရရှိမှာဖြစ်ပါတယ်။

တီထွင်မှု မူပိုင်ရှင်အနေနဲ့ ဥပဒေအရခွင့်ပြုထားတဲ့ နှစ် ၂၀ အတွင်း သူ့ရဲ့နည်းပညာကို ကိုယ်တိုင်အသုံးပြုခြင်း(သို့မဟုတ်) သူတစ်ပါးကို အသုံးပြုခွင့်ပေးခြင်းတို့ကနေ ထိုက်သင့်တဲ့ဝင်ငွေတွေ ရရှိနိုင်ပြီး ပိုမိုအရည်အသွေးမြင့်တဲ့ နည်းပညာတွေရရှိဖို့အတွက် သုတေသနလုပ်ငန်းများမှာ ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်မှာဖြစ်တယ်။ အဲဒါကြောင့် မူပိုင်ခွင့် စနစ်ဟာ နည်းပညာတွေ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက် တီထွင်လာနိုင်စေဖို့အတွက် တီထွင်သူများကို အားပေးပြီး အဆင့်မြင့်တဲ့ နည်းပညာ ပြုလုပ်နိုင်မယ့် ပတ်ဝန်းကျင်ကိုလည်း ဖန်တီးပေးတယ်။ ဒါ့အပြင် စီးပွားဖြစ်ထုတ်လုပ်ရောင်းချတဲ့အခါမှာ မျှတတဲ့ ဈေးကွက်ယှဉ်ပြိုင်မှုကို ဖြစ်ပေါ်စေခြင်းဖြင့် တီထွင်သူကို အကျိုးအမြတ် ရရှိခံစားစေပါတယ်။

မူပိုင်ခွင့်စနစ်ဟာ တီထွင်ဖန်တီးသူများရဲ့အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရုံသာမက အသုံးပြုသူများကိုလည်း များစွာ အကျိုးဖြစ်ထွန်းစေပါတယ်။ မူပိုင်ခွင့်စနစ်မရှိခဲ့ရင် တီထွင်သူများဟာ သူ့ရဲ့နည်းပညာကို အခြားသူတွေ အလွယ်တကူ ကူးယူအသုံးပြုမှာစိုးရိမ်တဲ့အတွက် လျှို့ဝှက်စွာသိမ်းဆည်းထားခြင်းဖြင့် သူတစ်ဦးတည်း အသုံးပြုခွင့်ရရှိနိုင်မယ့်အခွင့်အရေးကို ဖန်တီးမှာဖြစ်တဲ့အတွက် သူ့ရဲ့နည်းပညာကို မည်သူတစ်ဦး တစ်ယောက်မျှ သိရှိလေ့လာခွင့် ရရှိမှာမဟုတ်ပါဘူး။ မူပိုင်ခွင့်စနစ် ရှိပေမယ့်လည်း မိမိရဲ့နည်းပညာကို လျှို့ဝှက်သိမ်းဆည်းတဲ့နည်း (Trade Secret) ကို အသုံးပြုပြီး ဆောင်ရွက်သူတွေလည်းရှိတယ်။ ဥပမာပြောရရင် ကမ္ဘာ့နာမည်ကျော်နေတဲ့ ကိုကာကိုလာအချိုရည် (Coca Cola)ကုမ္ပဏီဟာ အချိုရည်ဖော်စပ်တဲ့နည်းလမ်းကို မည်သူ့ကိုမှ အသိမပေးဘဲ လျှို့ဝှက်စွာ သိမ်းဆည်းထားတယ်။ ဒါ့ကြောင့် အဲဒီ အချိုရည် ဖော်စပ်တဲ့နည်းကို ကုမ္ပဏီပိုင်ရှင်နဲ့ အလုပ်သမား တချို့ကလွဲပြီး ကမ္ဘာမှာ မည်သူမှ သိရှိလေ့လာခွင့် မရခဲ့ပါဘူး။

တီထွင်သူဟာ မူပိုင်ခွင့်ရရှိဖို့ လျှောက်ထားတဲ့အခါမှာ သူ့ရဲ့တီထွင်မှုကို မချွင်းမချန် ထုတ်ဖော်ရေးသားဖို့ လိုအပ်ပါတယ်။ မူပိုင်ခွင့်ရုံးက သူ့ရဲ့နည်းပညာကို မူပိုင်ခွင့်မှတ်ပုံတင်ခွင့် လျှောက်ထားစဉ်ကာလအတွင်း လျှို့ဝှက်စွာ ထိန်းသိမ်းပေးထားမှာဖြစ်ပါတယ်။ ဒါပေမယ့် မူပိုင်ခွင့်တင်ထားတဲ့ နည်းပညာကို အခြားသူတွေ သိရှိလေ့လာနိုင်ဖို့အတွက် ထုတ်ပြန်ကြေညာပေးမှာဖြစ်ပါတယ်။ တီထွင်မှုမူပိုင်ခွင့် မှတ်ပုံတင်ခွင့်ရရှိသွားပြီဆိုရင်လည်း တီထွင်သူက မူပိုင်ခွင့်အကာအကွယ်ယူထားတဲ့ အချက်အလက်တွေ Claims ကိုသာလျှင် ခွင့်ပြုချက်ယူပြီး အသုံးပြုရမှာဖြစ်ပေမယ့် မူပိုင်ခွင့်လျှောက်လွှာမှာ ရေးသားဖော်ပြထားတဲ့ အခြားနည်းပညာ သတင်းအချက်အလက်တွေကို လေ့လာခွင့်ရှိသလို အသုံးပြုခွင့်လည်း ရှိပါတယ်။

ဒါ့အပြင် မူပိုင်ခွင့်သက်တမ်းကာလအတွင်းမှာ ရှိနေပေမယ့်လည်း စီးပွားဖြစ်ပြုလုပ်တာမဟုတ်တဲ့ သုတေသန စမ်းသပ်ခြင်းတွေမှာ အဲဒီနည်းပညာကို အသုံးပြုခွင့်ရှိပါတယ်။ ပညာရေးအတွက် တက္ကသိုလ်၊ ကောလိပ်များမှာ ပြုလုပ်တဲ့ သုတေသနလုပ်ငန်းများမှာ မူပိုင်ခွင့်သက်တမ်းမကုန်သေးတဲ့ နည်းပညာနဲ့ သက်တမ်းလွန်သွားတဲ့ နည်းပညာ သတင်းအချက်အလက်တွေ တရားဝင် လွတ်လပ်စွာ အသုံးပြုခွင့်ရမှာဖြစ်တဲ့အတွက် မူပိုင်ခွင့်စနစ်ဟာ ပညာရေးမြင့်မားတိုးတက်မှုကို အထောက်အကူပေးတဲ့စနစ်တစ်ရပ် ဖြစ်ပါတယ်။

မူပိုင်ခွင့်မှတ်ပုံတင်ရုံးများမှာ သိမ်းဆည်းထားတဲ့ နည်းပညာ သတင်းအချက်အလက် ဒေတာဘေ့စ်တွေကို တစ်စုံတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခုက စီးပွားဖြစ်မဟုတ်တဲ့ သုတေသနလုပ်ငန်းမှာ အသုံးပြုခွင့်ရှိတယ်။ ဒါပေမယ့် မူပိုင်ခွင့်အကာအကွယ်ယူထားတဲ့ သတင်းအချက်အလက်တွေကို မူပိုင်ခွင့်သက်တမ်း မကုန်သေးခင် အသုံးပြုချင်တယ်ဆိုရင် မူပိုင်ခွင့်ပိုင်ရှင်ထံက ခွင့်ပြုချက်ရယူပြီးမှ သုံးစွဲခွင့်ရှိပါတယ်။ မူပိုင်ခွင့်ပိုင်ရှင်က သူ့ရဲ့နည်းပညာကို ငွေကြေးတစ်စုံတစ်ရာဖြင့်ဖြစ်စေ၊ ငွေကြေးမပါဘဲ ဖြစ်စေ၊ အသုံးပြုခွင့်ပေးမှာဖြစ်လို့ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မူပိုင်ခွင့်ပိုင်ရှင်မရှိတော့ရင် သူက လွှဲပြောင်းပေးခဲ့တဲ့ မူပိုင်ခွင့်အခွင့်အရေးဆက်ခံသူကို ဆက်သွယ်ပြီး ညှိနှိုင်းဆောင်ရွက်နိုင်ပါတယ်။

ဒါကြောင့် မူပိုင်ခွင့်စနစ်ဟာ တီထွင်သူနဲ့ သုံးစွဲသူတွေရဲ့ အကျိုးစီးပွားနှစ်ရပ်လုံးကို ဖော်ဆောင်ပေးနိုင်ပြီး သင့်တင့်မျှတတဲ့ လုပ်ပိုင်ခွင့်တွေကို ဖန်တီးပေးခြင်းအားဖြင့် လူ့ဘောင် လောကကို လူသားများရဲ့အသိဉာဏ်မှ ထွက်ပေါ်လာတဲ့ နည်းပညာရပ်များကို အသုံးပြုထုတ်လုပ်ထားတဲ့ လူ့အသုံးအဆောင်ပစ္စည်းများနဲ့ လှပတင့်တယ်အောင် တန်ဆာဆင်ပေးသလို အဆင့်အတန်းမြင့်မားတဲ့ လူနေမှုစနစ်တစ်ရပ်လုံးဆီကိုလည်း ခေါ်ဆောင်ပေးနိုင်တဲ့ စနစ်တစ်ရပ်ဖြစ်ပါတယ်။

တီထွင်မှု မူပိုင်ခွင့်စနစ်ဟာ နိုင်ငံရဲ့တီထွင်ဆန်းသစ်မှုကဏ္ဍ မြင့်မားတိုးတက်မှု၊ စွမ်းရည်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု၊ ဈေးကွက်ထဲမှာ မှန်ကန်စွာယှဉ်ပြိုင်နိုင်ခြင်းဖြင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အခြားနိုင်ငံများရဲ့ ဈေးကွက်များသို့ ဝင်ရောက်ထိုးဖောက်နိုင်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို မြှင့်တင်နိုင်မှု၊ ပြည်သူများရဲ့အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေမှု၊ နိုင်ငံရဲ့ ပညာရေးအဆင့်အတန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရဲ့တစ်ဦးချင်းဝင်ငွေ(GDP) မြင့်မားတိုးတက်စေမှု စတဲ့ များစွာသော အကျိုးရလဒ်များကို ဖော်ဆောင်နိုင်ပါတယ်။ ဥပမာဆောင်ပြီးပြောရရင် အရှေ့အာရှမှာရှိတဲ့ ဂျပန်နိုင်ငံဟာ နိုင်ငံကထွက်တဲ့ သယံဇာတနည်းပါးခြင်းနဲ့ သဘာဝဘေးအန္တရာယ်ပေါများခြင်းစတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပေမယ့် တီထွင်မှုမူပိုင်ခွင့်စနစ်ကို အသုံးပြုပြီး အနောက်နိုင်ငံများဖြစ်တဲ့ အမေရိကန်နဲ့ ဥရောပနိုင်ငံများက နည်းပညာ သတင်းအချက်အလက်များကို လေ့လာသင်ယူနိုင်ခဲ့တယ်။ ပြည်သူများရဲ့ တီထွင်ဖန်တီးလိုတဲ့စိတ်ဓာတ်ကို မြှင့်တင်ပေးပြီး တီထွင်ဖန်တီးနိုင်မယ့် ပတ်ဝန်းကျင်ကို စနစ်တကျ တည်ဆောက်ပေးနိုင်ခဲ့တာမို့ ယခုဆိုရင် ဂျပန်နိုင်ငံဟာ နည်းပညာမြင့်မားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ကမ္ဘာမှာ ရပ်တည်နိုင်ခဲ့တယ်။

မြန်မာနိုင်ငံမှာ တီထွင်မှုနှင့် ဒီဇိုင်းဥပဒေများကို ၁၉၄၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပေမယ့် လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း အဲဒီဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့တဲ့အတွက် ၁၉၉၃ ခုနှစ်မှာ ဖျက်သိမ်းခဲ့ပါတယ်။ ယခုလက်ရှိအနေနဲ့ အိန္ဒိယနိုင်ငံရဲ့ ၁၉၁၁ ခုနှစ် တီထွင်မှုဥပဒေကို ရည်ညွှန်းကိုးကားတဲ့ တီထွင်မှုနှင့် ဒီဇိုင်း အရေးပေါ်ပြဋ္ဌာန်းချက်ဥပဒေ ၁၉၄၆ ကို မဖျက်သိမ်းခဲ့ပေမယ့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိခဲ့ပါဘူး။ မြန်မာနိုင်ငံရဲ့ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်နဲ့ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု အင်အားနည်းပါးခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခံနေရတဲ့ အကျိုးဆက်ဟာ တီထွင်မှုမူပိုင်ခွင့်စနစ် မရှိခဲ့ခြင်းရဲ့ အကျိုးဆက်တစ်ရပ်ကြောင့်လို့ ဆိုနိုင်ပါတယ်။

**မူပိုင်ခွင့်စနစ်ဟာ တီထွင်ဖန်တီးသူများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရုံသာမက အသုံးပြုသူများကိုလည်း များစွာအကျိုးဖြစ်ထွန်းစေပါတယ်။ မူပိုင်ခွင့်စနစ်မရှိခဲ့ရင် တီထွင်သူများဟာ သူ့ရဲ့နည်းပညာကို အခြားသူတွေ အလွယ်တကူ ကူးယူအသုံးပြုမှာစိုးရိမ်တဲ့အတွက် လျှို့ဝှက်စွာသိမ်းဆည်းထားခြင်းဖြင့် သူတစ်ဦးတည်း အသုံးပြုခွင့်ရရှိနိုင်မယ့်အခွင့်အရေးကို ဖန်တီးမှာဖြစ်တဲ့အတွက် သူ့ရဲ့နည်းပညာကို မည်သူ တစ်ဦးတစ်ယောက်မျှ သိရှိလေ့လာခွင့် ရရှိမှာမဟုတ်ပါဘူး။ မူပိုင်ခွင့်စနစ် ရှိပေမယ့်လည်း မိမိရဲ့နည်းပညာကို လျှို့ဝှက်သိမ်းဆည်းတဲ့နည်း (Trade Secret) ကို အသုံးပြုပြီး ဆောင်ရွက်သူတွေလည်းရှိတယ်။ ဥပမာပြောရရင် ကမ္ဘာ့နာမည်ကျော်နေတဲ့ ကိုကာကိုလာအချိုရည် (Coca Cola)ကုမ္ပဏီဟာ အချိုရည်ဖော်စပ်တဲ့နည်းလမ်းကို မည်သူ့ကိုမှ အသိမပေးဘဲ လျှို့ဝှက်စွာ သိမ်းဆည်းထားတယ်။ ဒါ့ကြောင့် အဲဒီ အချိုရည် ဖော်စပ်တဲ့နည်းကို ကုမ္ပဏီပိုင်ရှင်နဲ့ အလုပ်သမား တချို့ကလွဲပြီး ကမ္ဘာမှာ မည်သူမှ သိရှိလေ့လာခွင့် မရခဲ့ပါဘူး**

ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနအောက်ရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနအနေနဲ့ မြန်မာနိုင်ငံမှာ နိုင်ငံတကာက အသိအမှတ်ပြုတဲ့ မူပိုင်ခွင့် ကာကွယ်မှုစနစ်တစ်ရပ် ပေါ်ပေါက်စေဖို့အတွက် တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်၊ စာပေအနုပညာမူပိုင်ခွင့်စတဲ့ မူပိုင်ခွင့်ဥပဒေ လေးရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၁ ခုနှစ်မှာ မြန်မာနိုင်ငံက ကမ္ဘာ့အသိဉာဏ်ပစ္စည်းအဖွဲ့ကြီး (World Intellectual Property Organization)သို့ ၁၇၆ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးနောက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနအနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ပူးပေါင်းပြီး ကမ္ဘာ့အသိဉာဏ် ပစ္စည်းအဖွဲ့ကြီးမှ ပညာရှင်များရဲ့ အကြံပြုချက်များနဲ့ ရေးဆွဲခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် မူပိုင်ခွင့်ဥပဒေများကို နိုင်ငံတော်မှ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

တီထွင်မှုမူပိုင်ခွင့်ကို ဥပမာပေးပြီး ပြောခဲ့သလိုပဲ မူပိုင်ခွင့်ဥပဒေများဟာ တီထွင်ဖန်တီးထုတ်လုပ်သူနဲ့ သုံးစွဲသူများ အကြားမှာ ညီညွတ်မျှတတဲ့ အကျိုးခံစားခွင့်များကို ရရှိစေတဲ့အပြင် ဘေးကင်းလုံခြုံပြီး သာယာဝပြောတဲ့ လူ့ဘောင်သစ်ဆီကို ခေါ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေတွေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ဥပဒေရှိရုံတင်မပြီးဘဲနဲ့ ဥပဒေကို အသုံးပြုမယ့် ပြည်သူများအနေနဲ့ သိရှိနားလည် လိုက်နာကျင့်သုံးမှသာလျှင် မူပိုင်ခွင့်စနစ်နဲ့ အသီးအပွင့်ရလဒ်ကောင်းများကို ရရှိနိုင်မှာဖြစ်ပါတယ်။ စနစ်သစ်တစ်ခုကို ကျင့်သုံးတဲ့အခါမှာ အကျိုးရလဒ်တွေကိုသာ မျှော်လင့်နေလို့မရဘဲ ရေရှည်မှာ အကျိုးဖြစ်ထွန်းနိုင်ဖို့အတွက် ကြုံတင်ပြင်ဆင်ရမယ့် အချက်တွေ၊ တွေ့ကြုံရမယ့်အခက်အခဲတွေကို ဖြတ်ကျော်နိုင်ဖို့အတွက် အစီအမံတွေကိုလည်း သိမြင်ပြီး ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် မူပိုင်ခွင့်ဥပဒေတွေကို အကျိုးရှိစွာ အသုံးပြုပြီး နိုင်ငံတော်ရဲ့ တီထွင်ဖန်တီးနိုင်မှုစွမ်းအားကို မြှင့်တင်နိုင်စေဖို့နဲ့ သာယာဝပြောတဲ့ လူ့ဘောင်သစ်တစ်ရပ် တည်ဆောက်နိုင်ဖို့ ပြည်သူအများက ပါဝင်ဆောင်ရွက်ကြပါလို့ နှိုးဆော်တိုက်တွန်းလိုက်ရပါတယ်။ ။



## သတင်းတိုများ

### ကျန်းမာရေးဦးစီးဌာနက ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေး

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ အမှတ်(၁)ရပ်ကွက်မှ ဒေသခံပြည်သူများအား ဆေးစိမ်ခြင်ထောင်များကို ကျန်းမာရေးဦးစီးဌာနက မေ ၂၂ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည့် ခြင်ထောင်များဖြန့်ဝေပေးအပ်ပွဲတွင် ပလောက်မြို့ ပြည်သူ့ဆေးရုံမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ရီရီသိန်းနှင့် အဖွဲ့က ဆေးစိမ်ခြင်ထောင်အသုံးပြုပုံ နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး ခြင်ကိုက်ခြင်းကြောင့်ဖြစ်ပေါ်တတ်သော ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက်မြေးရောင်ရောဂါ စသည့်ရောဂါများ ကင်းဝေးစေရန်အတွက် လူနှစ်ဦးလျှင် ဆေးစိမ်ခြင်ထောင်တစ်လုံးနှုန်းဖြင့် စုစုပေါင်း ဆေးစိမ်ခြင်ထောင် ၁၂၅၆ လုံးကို အခမဲ့ ပေးဝေခဲ့ကြောင်း သိရသည်။ **(ပြန်/ဆက်)**

### မြို့နယ်လုံးဆိုင်ရာပဋ္ဌာန်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

သရက်ခရိုင် မင်းလှမြို့နယ် ကွက်သစ်ရပ်ကွက်ရှိ ကဝိဇေရေနံမကျောင်းတိုက်၌ မင်းလှမြို့နယ်လုံးဆိုင်ရာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်လုံးဆိုင်ရာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ညနေ ၄ နာရီအချိန်တွင် ပိတ်သိမ်းခဲ့ပြီးနောက် အောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခြင်းဖြစ်ပြီး စေတနာရှင်များက သံဃာတော်များထံမှ သီလခံယူဆောက်တည်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် မြို့နယ်လုံးဆိုင်ရာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခဲ့သည့် သံဃာတော်အပါး ၃၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

### အသက်(၈၀)နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၅)ရပ်ကွက်မိသားစု၏ (၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မေ ၂၂ ရက်က စနေပတ်ဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။ သက်ကြီးပူဇော်ပွဲတွင် အသက်(၈၀)နှစ်နှင့်အထက် ဘိုးဘွား ၁၂ ဦးအား အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းဇော်နှင့် ရပ်ကွက် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ပူဇော်ကန်တော့ကာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြသည်။ သက်ကြီးပူဇော်ပွဲအပြီး ထိုနေ့ ညနေပိုင်းမှာလည်း နိဗ္ဗာန်ဈေးပွဲတော်ကို ရပ်ကွက်အတွင်းရှိ မင်းတုန်းလမ်းမကြီး၌ ဆက်လက်ပြုလုပ် လှူဒါန်းကြကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။ **(ဝ၂၈)**

### သက်ငယ်မုဒိမ်းမှုမဖြစ်စေရေး ပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး(အရှေ့ပိုင်းခရိုင်) ပုဇွန်တောင်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အမက(၁၀)ကျောင်း၌ သက်ငယ်မုဒိမ်းမှုမဖြစ်စေရေး အသိပညာပေးဟောပြောပွဲကို ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မေ ၂၀ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လတ်က သက်ငယ်မုဒိမ်းမှု လျော့နည်းကင်းစင်ရေးအတွက် သတိပြုဖွယ်ရာများကို အသိပညာပေး ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့သည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# ကျောင်းတော်ရာမှဈေးဆိုင်ခန်းများ ဖယ်ရှားခိုင်းသည့်ကိစ္စ သတင်းစာရှင်းလင်း

**မကွေး မေ ၂၃**

ကျောင်းတော်ရာဘုရား တောင်ဘက်မုခ်အနီး ကျောင်းတော်ရာ-လယ်ကိုင်း ကားလမ်းဘေးရှိ ဈေးဆိုင်ခန်း ၄၆ ခန်းကို အပြီးဖယ်ရှားခိုင်းသည့်ကိစ္စနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဒေသခံဈေးသည်များက မကွေးမြို့ မြို့မဈေးအပေါ်ထပ်ရှိ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မကွေးတိုင်းဒေသကြီး)ရုံး၌ မေ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

လူနေအိမ်ဆိုင်ခန်းများအား အပြီးဖယ်ရှားပေးရန်နှင့် ဖယ်ရှားခြင်းမရှိပါက တရားဥပဒေအရ တရားစွဲဆိုခံရမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာ အုပ်ချုပ်ရေးမှူးထံမှ သုံးကြိမ်မြောက် အကြောင်းကြားပြီးနောက်ပိုင်းတွင် စိုးရိမ်၍ ဒေသခံဈေးသည်များက ရှင်းလင်းကြခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေရာမှာ ဈေးဆိုင်ဖွင့်လာတာ နှစ် ၂၀ ကျော်တောင်ရှိခဲ့ပါပြီ။ အရင် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးဆိုပြီး လမ်းဘေးသစ်ပင်တွေ စိုက်ထားတဲ့ကြားထဲ ခွက်တွေ၊ ချိုင့်တွေဖို့ပြီး ဆိုင်ခန်းတွေ ဆောက်ခဲ့ကြတာ။ စားဝတ်နေရေးနဲ့ သားသမီးတွေပညာရေးအတွက် ဘုရားဖူးခရီးသည်တွေကို အမှီပြုပြီး ရှာစားနေရတဲ့သူတွေပါ။ အရင် အုပ်ချုပ်ရေးမှူးလေးဆက်အထိ နှင်ထုတ်တာ မခံခဲ့ရပါဘူး"ဟု ဈေးသည် ဦးသန်းလှိုင်က ဆိုသည်။



ကျောင်းတော်ရာ-လယ်ကိုင်း ကားလမ်းဘေးမှ ဆိုင်ခန်းများ

အဆိုပါနေရာတွင် လယ်ယာမြေများနှင့် ခရီးသွားလမ်းမကြီးကို ကျူးကျော်ခြင်း၊ အနှောင့်အယှက်ပြုခြင်း မဖြစ်စေဘဲ ဈေးဆိုင်ခန်းများကိုအမှီပြု၍ စားဝတ်နေရေးဖြေရှင်းနေရသည့် ဒေသခံ ၃၀၀ ခန့်ရှိပြီး မိသားစုဘဝများအပေါ်ငဲ့ညှာ၍ ဆက်လက်နေထိုင်ခွင့်ပြုပါရန် အသနားခံစာများကို သက်ဆိုင်ရာ ကျေးရွာ၊ မြို့နယ်၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့ထံ တင်ပြထားကြောင်း ဈေးသည်ဦးမြသိန်းထွန်းက ပြောသည်။

သတင်းစာရှင်းလင်းပွဲနှင့်စပ်လျဉ်း၍ သတင်းမီဒီယာ အသီးသီးကိုကိုယ်စားပြုသည့် သတင်းထောက်ရှစ်ဦးက နယ်မြေကွင်းဆင်းပြီး ကျောင်းတော်ရာကျေးရွာ အုပ်ချုပ်ရေးမှူးထံ ဆက်သွယ်မေးမြန်းရာအထက်မှ တာဝန်ပေးချက်အရ ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် မီဒီယာများမေးမြန်းသည်ကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ရမှ ဖြေကြားနိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။ ပွင့်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူးအား မီဒီယာများက သွားရောက် ဆက်သွယ်ရာတွင် မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူးနှင့် လိုက်ပါသွားပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်နေကြောင်း ရုံးဝန်ထမ်းများထံမှ သိရသည်။ **ဇေယျတု(မကွေး)**

# သကြၤန်မိုးရွာသွန်းပြီးနောက် တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ပြီ

**တပ်ကုန်း မေ ၂၃**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများမှာ သကြၤန်ရက်များအတွင်းက ရွာသွန်းခဲ့သောမိုး၏ အစိုဓာတ်ဖြင့် လယ်ယာလုပ်ငန်းခွင်များသို့ စတင်ဝင်ရောက် လုပ်ကိုင်ကြပြီဖြစ်သည်။

လယ်ယာလုပ်ငန်းခွင် စတင်ဝင်ရောက်ရာတွင် လယ်ယာမြေများ၌ ထယ်ထိုးခြင်း၊ ထယ်ရေးပြင်ခြင်း၊ အပင်ခြောက် ကိုင်းခြောက်များကို ခုတ်ထွင်ကာ မီးရှို့ဖျက်ဆီးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို စတင်ဆောင်ရွက်နေကြသည်။ လုပ်ငန်းများအတွက် နေ့စားလုပ်သားငှားရမ်းပါက အရပ်ဒေသအလိုက် ဈေးနှုန်းကွာဟချက်ရှိပြီး လုပ်သားတစ်ဦးလျှင် ကျပ် ၂၀၀၀ မှ ၃၀၀၀ ဝန်းကျင် ပေးရကြောင်း သိရသည်။ လယ်ထွန်ရန်အတွက် နွားထွန်/ထယ် တစ်ရှဉ်း တစ်မနက်ငှားလျှင် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ ကျပ်အထိ ပေးရပြီး တချို့လယ်ယာမြေများတွင် စက်များငှား၍ ထွန်ယက်ကြသည်။

"ခုနှစ်သကြၤန်မှာ ရွာတဲ့မိုးက သီးနှံစိုက်နိုင်လောက်တဲ့အနေအထား ရွာသွားတယ်။ စိုက်ရက်စောအောင် တချို့တောင်သူတွေကလည်း နေ့စားငှား၊ စက်ငှားပြီး လုပ်ငန်းခွင်ဝင်ကြပါတယ်။ ဒီအနေ အထားဆိုရင် ဒီနှစ်မိုးဦးက သီးနှံအစောစိုက်လို့ရပါတယ်"ဟု ဆင်သေကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်မိုးဦးတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အစိုဓာတ်ရရှိသော လယ်ယာမြေများ၌ သီးနှံစိုက်ပျိုးရန် ထွန်ယက်နေကြပြီဖြစ်ကာ မြေအစိုဓာတ်ရရှိမှု အနေအထားအပေါ် မူတည်ပြီး နှမ်းနှင့် ပဲတီစိမ်းကိုသာ အများဆုံးစိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် ပဲတီစိမ်းမျိုး တစ်ပြည်လျှင် ငွေကျပ် ၃၅၀၀ ခန့်ပေးရပြီး နှမ်းမျိုးအတွက် တောင်သူများ ကိုယ်ပိုင်နှမ်းမျိုးကို အသုံးများကြကြောင်း သိရသည်။ အချို့တောင်သူများမှာ နောက်ပိုင်းတွင် ရာသီဥတု အနေအထားကြည့်၍ ပြောင်းသီးနှံကို စိုက်ပျိုး ကြမည်ဟု သိရသည်။ **တင်စိုးလွင်**





# မြို့နယ်အခြေပြု မူလတန်း ဆရာအတတ်ပညာသင်တန်းဖွင့်

**ကျောက်ပန်းတောင်း မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၇ ခုနှစ် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်း ဖွင့်ပွဲကို မေ ၂၂ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်က ဆရာ ဆရာမများအနေဖြင့် သင်ကြား/သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးများ နားလည်သဘောပေါက်အောင် လိုအပ်သည့်သင်ကြားရေးဆိုင်ရာ ပညာရေးသဘောတရားများကို လေ့လာသင်ယူ သိရှိထားဖို့ လိုအပ်ကြောင်းနှင့် အဆိုပါ ပညာရေးသဘောတရားများကို နားလည်သိရှိအောင်လည်း ယခုသင်တန်းတွင် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍လည်း ကျောင်းသား ကျောင်းသူများ စည်းကမ်းလိုက်နာတတ်စေရန်နှင့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ကလေးများအားလုံး သင်ကြားသင်ယူမှုစနစ်ဖြင့် စည်းကမ်းလိုက်နာတတ်အောင် လုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်း စည်းမျဉ်းစည်းကမ်းများကို နည်းပြဆရာမကြီး ဒေါ်နွဲ့နွဲ့ကြည်က ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ၂၀၁၆ ခုနှစ်တွင် ခန့်အပ်ခဲ့သော မူလတန်းပြ(နေ့စား/လပေး)ဆရာ ဆရာမ ၁၂၂ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၂၂ မှ မေ ၂၀ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှု၊ သိပ္ပံ၊ အိမ်တွင်းမှု၊ ဂီတ၊ ပန်းချီ၊ စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာနှင့် ကာယပညာ အစရှိသည့် ဘာသာရပ် ၁၃ မျိုးကို မိတ္ထီလာပညာရေးကောလိပ်တွင် နည်းပြသင်တန်း တက်ရောက်ပြီးခဲ့ကြသည့် အထက်တန်းပြများနှင့် မူလတန်းကျောင်းအုပ် ဆရာ ဆရာမများက ပြန်လည်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# စစ်တွေမြို့၌ ပြည်နယ်အစိုးရဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**စစ်တွေ ဧပြီ ၂၃**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး စစ်တွေမြို့ပွိုင့်ကမ်းခြေနှင့် ရှုခင်းသာလမ်းတစ်လျှောက်၌ ဧပြီ ၂၂ ရက်က စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် သင်္ကြန်ကာလအတွင်း ပြည်သူများ လွတ်လပ်ပျော်ပါးစွာ အပန်းဖြေကြရာမှ စွန့်ပစ်အမှိုက်များ ကျန်ခဲ့သည်ကို တွေ့ရကြောင်း၊ ၎င်းအမှိုက်များကို လျင်မြန်စွာ သန့်ရှင်းရေးလုပ်ရန်လိုအပ်ပြီး မလုပ်ပါက နောင်တွင် အမှိုက်များစုပုံလာကာ မြင်မကောင်းဖြစ်လာမည်ကို တွေ့ရ၍ ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးတွင် တိုင်ပင်ဆွေးနွေးခဲ့ကာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများကို အကူအညီတောင်းပြီးနောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်တွေမြို့ မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောကြားသည်။

နောင်တွင်လည်း ကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် တစ်လတစ်ကြိမ်ခန့် သန့်ရှင်းရေးလုပ်ဆောင်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်းနှင့် ကမ်းခြေဈေးဆိုင်တန်းများအနေဖြင့် အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရေးအတွက်လည်း ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါက်တာညွန့်ဝေကလည်း "ပွိုင့်ကမ်းခြေနှင့် ရှုခင်းသာကမ်းခြေက ကျွန်တော်တို့ ပြည်သူတွေ နေ့တိုင်း လမ်းလျှောက်အပန်းဖြေတဲ့ အလွန်သာယာလှပတဲ့ နေရာပါ။ ကျွန်တော်တို့ ပြည်သူတွေအပြင် နိုင်ငံခြားသား ဧည့်သည်များလည်း ကိုယ်လက်လှုပ်ရှား အပန်းဖြေသွားလာနေကြတာကိုလည်း တွေ့ရပါတယ်။ ဒီကမ်းခြေ သန့်ရှင်းသာယာရေး လှပရေး ကျွန်တော်တို့ပါဝင်ပြီး သန့်ရှင်းရေး လုပ်ဆောင်ပေးရတဲ့အတွက် ကျေနပ်ဝမ်းမြောက်ပါတယ်။ ပြည်သူများဘက်ကလည်း ကမ်းခြေသာယာလှပရေးအတွက် စည်းကမ်းတကျ အမှိုက်စွန့်ဖို့လိုပါတယ်" ဟုပြောသည်။

စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်ရာတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ စစ်တွေမြို့ မြို့မိမြို့ဖများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော်က ပွိုင့်ကမ်းခြေနှင့် ရှုခင်းသာကမ်းခြေတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှည့်လည် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေးနှင့် စာဖတ်ရှုနိုင်မြင့်တင်ရေး ပညာပေးဟောပြော

**ကလေး ဧပြီ ၂၃**
ကလေးမြို့နယ် ကျောင်းတိုက်စံပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ စားသုံးသူ အကာအကွယ်ပေးရေးနှင့် စာဖတ်ရှုနိုင်မြင့်မားရေးအသိပညာပေး ဟောပြောပွဲကို ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဧပြီ ၂၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမြင့်အောင်က အစားအသောက်များ ဝယ်ယူသည့်အခါတွင် ရက်လွန်စားသောက်ကုန်များ၊ FDA မှ ခွင့်ပြုချက်မပါသော ထုတ်ကုန်များ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ် မပါသော စားသောက်ကုန်များ၊ ဓာတုဆိုးဆေးများဖြင့် ပြုလုပ်ထားသော စားသောက်ကုန်များ၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ အညွှန်းဖော်ပြထားရှိခြင်းမရှိသော စားသောက်ကုန်များကို မစားသုံးဘဲ မှန်ကန်သော စားသောက် ကုန်များကို ရွေးချယ်အသုံးပြုကြရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူ အသိပညာမြင့်မားတိုးတက်ရေးတို့ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဒေါ်သန်းသန်းဝင်းက အရက်နှင့် ဆေးလိပ်သောက်သုံးခြင်း၊ ကွမ်းစားခြင်းတို့ကြောင့် ဖြစ်ပွားနိုင်သည့်ရောဂါများ၊ ဓာတုဆိုးဆေးနှင့် ပိုးသတ်ဆေးတို့၏ အန္တရာယ်များအကြောင်း၊ မြန်မာပြည်သည် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ကမ္ဘာ့အဆင့်(၂)နေရာ ဖြစ်နေသဖြင့် တစ်မျိုးသားလုံးလှုပ်ရှားမှုကြီးတစ်ခုအနေဖြင့် တိုက်ဖျက်ရန်၊ လုံခြုံစိတ်ချရသော ထုတ်ကုန်များ ရွေးချယ်သုံးစွဲတတ်ရန် အခြေခံအချက်အလက်များ စသည်တို့ကို အသေးစိတ် ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းထိုက်အောင်ကလည်း စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသများတွင် စာဖတ်ရှုနိုင်မြင့်တင်ရေးအတွက် ဆောင်ရွက်ရန် နည်းလမ်းများနှင့် ဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းဟောပြောပြီး ကျောင်းတိုက်စံပြကျေးရွာရှိ သုတမင်းစာကြည့်တိုက်တွင် ထားရှိရန်အတွက် သုတရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# သနပ်ပင်မြို့နယ်၌ ရွေ့လျားရေသန့်စက်ဖြင့် သောက်ရေသန့်များပေးဝေ

**သနပ်ပင် ဧပြီ ၂၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏စီစဉ်ဆောင်ရွက်မှုဖြင့် သောက်သုံးရေ အခက်အခဲရှိသည့် ကျေးရွာများသို့ ရွေ့လျားရေသန့်စက်ဖြင့် သောက်သုံးရေ ပေးဝေရေး အစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်က သနပ်ပင်မြို့နယ် မင်းရွာကျေးရွာအုပ်စုသို့ ရွေ့လျားရေသန့်စက် မော်တော်ယာဉ်ဖြင့် သောက်ရေသန့်များ ပေးဝေလျက်ရှိကြောင်း သိရသည်။



အဆိုပါ ရေပေးဝေရာသို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ ခရိုင် ဒုတိယညွှန်ကြားရေးမှူး ဦးတင်မော်သန်း၊ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမိုးမြင့်အောင်တို့သည် မင်းရွာကျေးရွာရှိ ရေသိုလှောင်အုတ်ကန်များကို သောက်ရေသန့်များ ဖြည့်တင်းပေးပြီး ကျေးရွာနေပြည်သူများထံ သောက်ရေသန့်များ ပေးဝေကြသည်။

မိုးအခါ ရေကြီးပြီး နွေအခါ ရေပြတ်လပ်မှုရှိသည့် သနပ်ပင်မြို့နယ်အတွက် ပထမဦးဆုံးအနေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ရွေ့လျားရေသန့်စက်သည် တစ်နာရီလျှင် သန့်စင်ပြီး ရေဂါလန် ၆၀၀ ထွက်ရှိကြောင်းနှင့် ပိုးမွှားများကို သန့်စင်ပြီးဖြစ်၍ ကျေးရွာနေပြည်သူများ စိတ်ချလက်ချသောက်သုံးနိုင်ကြောင်း ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ရှင်းပြသည်။

"ဒီနှစ် သင်္ကြန်မိုးရွာလိုက်တော့ သောက်ရေကန်ရေတွေ နောက်ကုန်တယ်၊ အခုလို သန့်စင်ပြီး သောက်ရေသန့်တွေကို ကျေးရွာနေပြည်သူတွေထံ တိုက်ရိုက်ပေးဝေလို့ လတ်တလော သောက်သုံးရေအခက်အခဲဖြစ်မှု အဆင်ပြေသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု မင်းရွာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြောသည်။

**ရဲထွဋ်(မင်းရွာ)**

# ခြောက်ဘီးကား ဘရိတ်ပေါက်၍ ကုန်ခြောက်ဆိုင်ကို ဝင်တိုက်

**ရွှေကျင် ဧပြီ ၂၃**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ မကျည်းတန်းရပ်ကွက် မကျည်းတန်းလမ်း၌ ဧပြီ ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်က ခြောက်ဘီးယာဉ်တစ်စီး ဘရိတ်ပေါက်၍ ကုန်ခြောက်ဆိုင်အတွင်း ဝင်ရောက်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မကျည်းတန်းလမ်းအတိုင်း အနောက်မှ အရှေ့သို့ ယာဉ်မောင်းမြင့်ခိုင် (၃၇ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် သန်းအေး (၂၀ နှစ်)လိုက်ပါလာသည့် ဈေးကုန်ခြောက်ပစ္စည်းများ တင်ဆောင်လာသော ကန်တာ အမျိုးအစား ခြောက်ဘီးကားသည် ညဈေးလမ်းဘက်သို့ချိုးကွေ့စဉ် ဘရိတ်ပေါက်ပြီး ကိုလှဝင်းထွန်း ပိုင်သည့် ဝင်းဝင်းလေးကုန်ခြောက်ဆိုင်အတွင်းသို့ ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ဈေးဆိုင်ရှေ့မျက်နှာစာနှင့် ကုန်ခြောက်များ ပျက်စီးဆုံးရှုံးခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရမှု မရှိခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ခြောက်ဘီးကားမောင်းသူ မြင့်ခိုင်အား ရွှေကျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်း - နေလင်း၊ ဓာတ်ပုံ - ကိုထွေး**



## မှုခင်းသတင်းတိုများ

### မူးယစ်ဆေးဝါးများနှင့်အတူ လက်ပစ်ဗုံးတစ်လုံး ဖမ်းဆီးရမိ

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကမေ့ကချူးကျေးရွာနှင့် သုံးအိမ်စုကျေးရွာကြားကားလမ်းဘေး၌ စိတ်ကြွဆေးပြားများနှင့်အတူ ဖျူးပါ လက်ပစ်ဗုံးတစ်လုံး သယ်ဆောင်လာသူတစ်ဦးအား ဧပြီ ၂၀ ရက် ညပိုင်းက ဖမ်းမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးသတင်းအရ ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦးနှင့် အဖွဲ့က သက်သေများနှင့်အတူ အဆိုပါလမ်းဘေး၌ စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ်ရာလူတစ်ဦးအားတွေ့၍ ရပ်တန့်စစ်ဆေးရာ အစစ်ဆေးမခံဘဲ ထွက်ပြေးသဖြင့် ဝိုင်းဝန်းလုံးထွေးဖမ်းဆီးခဲ့ရကြောင်း၊ ၎င်းအားစစ်ဆေးရာ ဦးအတိ ဖြစ်ကြောင်း သိရပြီး သက်သေများရှေ့တွင် ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ (အလေးချိန် ၃၉ ဂရမ်ခန့်)နှင့်အတူ ဖျူးတပ်ဆင်ထားသော ၉၁ အမျိုးအစား လက်ပစ်ဗုံး တစ်လုံး၊ လက်ကိုင်ဖုန်းတစ်လုံး၊ နံပါတ်မပါသော ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်သက်စိုးဦးက တရားလိုပြုလုပ်ကာ လှိုင်းဘွဲ့မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

### ဘိန်းမည်းများရောင်းချနေသူကို ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် လယ်ပဒုံးကျေးရွာ၌ ဘိန်းမည်းများ ရောင်းချနေသူတစ်ဦးအား ဧပြီ ၂၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာ ဓမ္မာရုံရေစက်ချပွဲ၌ လောင်းကစားဝိုင်းများပြုလုပ်ကာ မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းအရ မံစီကြီးနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မောင်ဇော်နှင့် အဖွဲ့က ကျေးရွာအရှေ့ဘက် လယ်တောစပ်တွင် သွားရောက်ရှာဖွေရာ လောင်းကစားလုပ်နေသူများမှာ ထွက်ပြေးသွားကြပြီး ဝိုင်းဝန်းဖမ်းဆီးမိသူ အောင်ကြီးဆိုသူထံမှ ဘိန်းမည်း ဟုယူဆရသည့် အမည်းရောင်အစေး ၃၂၀ ဒသမ ၅ ဂရမ်ခန့်ပါ တစ်ထုပ်နှင့် ၄၈၀ ဒသမ ၃ ဂရမ်ခန့်ပါ တစ်ထုပ်တို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အောင်ကြီး ၄၁ နှစ်အား မံစီကြီးနယ်မြေ ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### စိတ်ကြွရူးသွပ်ဆေးပြားလက်ဝယ်ထားသူအား ဖမ်းမိ

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁)ရပ်ကွက်၌ ရဲတပ်ဖွဲ့ဝင်များက နယ်မြေသတင်းစုံစမ်းစဉ် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရှိသူတစ်ဦးအား ဧပြီ ၂၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

မြဝတီခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်မျိုးကျော် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက နယ်မြေသတင်း စုံစမ်းနေစဉ် ချစ်ကြည်ရေးတံတားအောက် လူသွားလမ်းပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ ချစ်ကိုအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅ ပြားကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ချစ်ကို၏ ထွက်ဆိုချက်အရ ဆေးပြားများကို အမှတ်(၂)မီးသတ်ဝင်းနေ မျိုးမြင့်အောင်(ခ)ဝတုတ်ဆိုသူထံမှ ဝယ်ယူထားခြင်းဖြစ်ကြောင်း သိရသဖြင့် မျိုးမြင့်အောင်၏နေအိမ်သို့ သွားရောက်ရှာဖွေရာ မူးယစ်ဆေးဝါး မတွေ့ရသော်လည်း မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူ ချစ်ကိုနှင့် ရောင်းချသူ မျိုးမြင့်အောင်(ခ)ဝတုတ်တို့အား မြဝတီမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ညောင်ဦးခရိုင်၌ နှမ်းစပါးနှင့်အခြားသီးနှံများ ပိုမိုစိုက်ပျိုး၊ မြစ်ရေတင်ခများပိုမိုကောက်ခံပါက တိုင်ကြားနိုင်

**ညောင်ဦး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရှိ စိုက်ပျိုးတောင်သူ လယ်သမားအနေဖြင့် နွေစပါးနှင့် အခြားသီးနှံများယခင်နှစ်ထက် ယခုနှစ် ပိုမိုစိုက်ပျိုးလာနိုင်ကြောင်း သိရသည်။ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်သည် တစ်နှစ်လျှင် မိုးရေချိန်ပျမ်းမျှလက်မ ၂၀ ကျော်သာ မိုးရွာသွန်းကာ ထိုထက်ပင် နည်းသည်လည်း ရှိတတ်ပြီး နွေရာသီရောက်လျှင် သောက်သုံးရေ၊ စိုက်ပျိုးရေးအတွက် ရေရှားပါးတတ်ကြောင်း ဒေသခံ တောင်သူများက ပြောသည်။

ယခုအခါ ညောင်ဦးမြို့နယ်၌ မြစ်ရေတင်စီမံကိန်းမှ နွေ၊ မိုး၊ ဆောင်း ရေတင်အလှည့်ကျစနစ်ဖြင့် ရေပေးဝေနေခြင်းကြောင့် စိုက်ပျိုးတောင်သူများအတွက် နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးလာနိုင်ပြီး ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း ချောင်း၊ မြောင်းနှင့်ဆည်ကန်များမှ ရေဖြင့် စိုက်ပျိုးတောင်သူများ စိုက်ပျိုးလာနိုင်၍ အဆင်ပြေသော်လည်း မြို့နယ်မြစ်ရေတင်စနစ်ဖြင့် ဆောင်ရွက်ပေးနေသည့် သူကောင်းတည် မြစ်ရေတင်စနစ်ကလည်း စိုက်ပျိုးရေအတွက် အထောက်အကူရရှိကြောင်း တောင်သူများက ပြောသည်။

“ညောင်ဦးမြို့နယ်မှာ မြစ်ရေတင်စနစ်ဖြင့်ပေးဝေနေသော ငါ့သရောက်၊ လက်ပန်ခြေပေါ်၊ သူကောင်းတည်၊ ကျောက်ကူး၊ လောကနန္ဒာဆိုပြီး မြစ်ရေတင်ကြီးငါးခု ရှိပါတယ်။ ဒီဒေသတွင် တောင်သူလယ်သမားများ ရာသီမရွေး စိုက်ပျိုးနိုင်အောင် မြစ်ရေတင်စီမံကိန်းစနစ်ဖြင့် စိုက်ပျိုးရေရရှိနိုင်သော်လည်း လျှပ်စစ်မီးအခက်အခဲကြောင့် ရေတင်တဲ့အခါမှာ အခက်တွေ့ရပါတယ်။ မြစ်ရေတင် စနစ်နဲ့ တောင်သူတွေကို စိုက်ပျိုးရေပေးဝေ ဆောင်ရွက်နိုင်မှုမှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ စပါး ဧက ၅၀၀၊ အခြားသီးနှံ ဧက ၂၇၇၀ စုစုပေါင်း ဧက ၃၂၇၀ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာ စပါးအပါအဝင် အခြားသီးနှံ စုစုပေါင်း ဧက ၁၅၇၀ သာ စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပါတယ်။ ယခုနှစ် စိုက်ပျိုးတောင်သူတွေ ပိုမိုစိုက်ပျိုးနိုင်ကြ ပါတယ်။ မြစ်ရေတင်ခ ကောက်ခံမှုနှုန်း ထားများမှာ နွေစပါး ငွေကျပ် ၉၀၀၀ မိုးစပါး ငွေကျပ် ၆၀၀၀ နှင့် အခြားသီးနှံ ငွေကျပ် ၃၀၀၀ ကိုသာ မြစ်ရေတင်ခ အဖြစ် တောင်သူတွေဆီက ကောက်ခံကြ ရမှာ ဖြစ်သလို အကယ်၍ ပိုမို ကောက်ခံပါက လာရောက်တိုင်ကြားနိုင်ပါတယ်”ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းခိုင်က ပြောသည်။



“ညောင်ဦးမြို့နယ်မှာ အသားတင်စိုက်ပျိုးနိုင်တဲ့ မြေမှာ ၁၆၀၀၂၅ ဧက ရှိပြီး လယ်မြေ ၂၅၆ ဧက၊ ယာမြေ ၁၅၃၅၂၃ ဧက၊ ကိုင်းကျွန်းမြေ ၇၀၄၁ ဧက၊ ဥယျာဉ်မြေ ၂၀၅ ဧကရှိပါတယ်။

“မြို့နယ်ရှိ မြစ်ရေတင် ပေးဝေနိုင်သလောက် ရရှိမှုအပေါ် မူတည်ပြီး စိုက်ပျိုးပေးနိုင်ခဲ့ပါတယ်။ ကျောက်ပန်းတောင်းရှိ ကန်၊ ချောင်း၊ ဆည်မြောင်းတွေရဲ့ အကူအညီကြောင့် ယခုနှစ်မှာ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးပေးနိုင်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ နွေစပါး ၄၀၇ ဧကနှင့် အခြားသီးနှံ ၁၀၇၁ ဧက စိုက်ပျိုးပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာ နွေစပါး ၁၉၅ဧကနှင့် အခြားသီးနှံ ၁၂၃၅ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ညောင်ဦးခရိုင်ဟာ မိုးခေါင်ရပ်ဝန်းဒေသဖြစ်တာကြောင့် တောင်သူတွေအဆင်ပြေစေဖို့သက်ဆိုင်ရာဌာနတွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးဌေးနိုင်က ပြောသည်။ **ကျော်ကျော်(မလှိုင်)**

## ရှေ့တန်းပြန်ရဲတပ်ဖွဲ့ဝင်များကို ကျန်းမာကြံ့ခိုင်မှုရှိစေရန် အားကစားပွဲ ကျင်းပ

**မော်လမြိုင် မေ ၂၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ အမှတ်(၁၅) လုံခြုံရေးတပ်ဖွဲ့ခွဲမှ ရှေ့တန်းပြန်ရဲတပ်ဖွဲ့ဝင်များအား ကျန်းမာကြံ့ခိုင်ပြီး စည်းလုံးညီညွတ်မှုရှိစေရန် ရည်ရွယ်၍ ဧပြီလ ဒုတိယပတ်က အားကစားပြိုင်ပွဲများ ပြုလုပ်ပေးခဲ့ကာ သင်္ကြန်တွင်းကာလ၌ ရပ်နားထားပြီး မေ ၂၀ ရက်မှစ၍ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် အမှတ်(၁၅)လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယ ရဲမှူးကြီး လှိုင်မင်းထွန်းနှင့်ဇနီး၊ ဒုတိယတပ်ဖွဲ့ခွဲမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြပြီး အမှတ်(၁၅)လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူးက အမှာစကားပြောကြားရာတွင် ရဲတပ်ဖွဲ့ဝင်များ တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှုနှင့် ပြည်သူကို ဗဟိုပြုသော လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျန်းမာကြံ့ခိုင်မှုရှိမှသာ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ပြည်သူများကို ပံ့ပိုးကူညီရာတွင်လည်း အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ အားကစားပြိုင်ပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



အဆိုပါ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘီလိယက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲများတွင် တပ်ဖွဲ့ခွဲဌာနချုပ်တပ်ခွဲမှတစ်သင်း၊ အမှတ်(၁)တပ်ခွဲမှ တစ်သင်း၊ အမှတ်(၂)တပ်ခွဲမှ တစ်သင်း၊ အမှတ်(၃)တပ်ခွဲမှ တစ်သင်း၊ အမှတ်(၄) တပ်ခွဲမှတစ်သင်းစသည့် အားကစားသမားများက အားကစားနည်း လေးမျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

## နှစ်ဦးကုသိုလ်(၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရေစကြို မေ ၂၃**

ရေစကြိုမြို့ အမှတ်(၁) ထင်းတန်းရပ်ကွက် နွေပိတောက်လူငယ်များအဖွဲ့၏ နှစ်ဦးအကြို (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မေ ၂၁ရက်က ထင်းတန်းရပ်ကွက် ဘုရားသုံးဆူ ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် အသက် (၈၀)နှစ်နှင့်အထက် အဘိုး ၁၇ ဦးနှင့် အဘွား ၂၅ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၁၃၀၀နှုန်း လှူဖွယ်ပစ္စည်းတို့အပြင် ဆန်ငါးအိတ်ကိုလည်း ကံစမ်းမဲဖောက်၍ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## မာန်အောင်မြို့နယ်၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

**မာန်အောင် မေ ၂၃**

မာန်အောင်မြို့နယ်၌ အသက် (၉၀)နှစ်နှင့်အထက် အဘိုးအဘွားများ သက်ကြီးပူဇော်ပွဲကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၂ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ကျော်မိုးက အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေး ကုသိုလ်ပြုပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်နှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကန်တော့ခံခဲ့ကြသည်။

ဆက်လက်၍ အဘိုးအဘွားများကိုယ်စား အဘွားဒေါ်အနုက နှစ်ဦးအခါ ဆုမွန်ကောင်း ပို့သပြီး အဘိုးအဘွားများထံ လှူဖွယ်ပစ္စည်း၊ အလှူငွေများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

**ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။**


ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်

**ပင်လုံနှင်းဆီ**

ကက-၁၃/၁၁/၂၂၅

**ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ**

**မူလတန်း၊ အလယ်တန်း၊ အထက်တန်း**

စည်းကမ်းကောင်းသောကျောင်း
သင်ကြားမှုကောင်းသောကျောင်းဖြစ်သည်။

- ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရအတွေ့အကြုံရှင်(Ph.D, B.Ed, M.Sc, M.A)ဆရာ ဆရာမများမှစာသင်ခန်းအတွင်းတစ်ထိုင်တည်းရအောင်သင်ကြားပေးပါသည်။ Study guide များနှင့်တစ်နေ့စာတစ်နေ့အပြီးကျက်မှတ်ပေးပါသည်။
- ဂုဏ်ထူးဦးအောင်နိုင်(အင်္ဂလိပ်စာ)နှင့် ပါမောက္ခ၊တွဲဖက်ပါမောက္ခ၊ကထိကများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်လည်းထပ်ဆောင်းသင်ကြားပေးပါသည်။
- တိုင်းနှင့်ပြည်နယ် စာမေးပွဲမေးခွန်းဟောင်းများကို နေ့စဉ်၊အပတ်စဉ်၊ လစဉ်လေ့ကျင့်ဖြေဆိုစေပါသည်။တက္ကသိုလ်ဝင်တန်းအတွက် စာမေးပွဲကြီးမေးခွန်းပုံစံ(၅)ကြိမ် လေ့ကျင့်ဖြေဆိုစေပါသည်။
- ၂၀၁၅–၂၀၁၆ပညာသင်နှစ်တွင်ဖြာသာဂုဏ်ထူးရှင်(၂)ဦးနှင့်ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့ပါသည်။
- အဆင့်မြင့်ဆိတ်ငြိမ် လုံးချင်းအိမ်ရာတွင် ကျောင်းသား/ကျောင်းသူသီးသန့်စီ လုံးချင်းနှစ်ထပ်တိုက်များဖြင့် အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပါသည်။
- ကျန်းမာရေးအတွက် အဆောင်တွင် ဆရာဝန်ထား၍ စောင့်ရှောက်ပေးပါသည်။

၂၀၁၇–၂၀၁၈စာသင်နှစ် မေလ(၂)ရက်နေ့တွင် ကျောင်းကြီးပြန်လည်ဖွင့်ပါမည်။

အမှတ်(၆၄/၆၅)၊ ဘုရင့်နောင်လမ်းမကြီး၊ ပင်လုံဥယျာဉ်အိမ်ရာ။အမှတ်(၆၆–ခ)၊ နှင်းဆီလမ်း၊ ပင်လုံဥယျာဉ်အိမ်ရာ၊ (Rose Park II)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
Ph: 09-2400261, 09448541535, 09-8792106, 09250666874


### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ် (၈)၊ မရမ်းကုန်းရပ်၊ တိုးချဲ့ကမ်းနားလမ်းနေ ဒေါ်မြဝင်းကြည် ၁၀/မလမ(နိုင်)၁၁၀၁၀၉ ၏သမီး မနေခြည်ဦး ၁၀/မလမ(နိုင်)၂၃၉၁၈၇ သည် မိခင်ဆိုဆုံးမသည်ကိုမနာခံဘဲ မိမိဆန္ဒအလျောက်နေအိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း၊ နှစ်ဖက်ကြားဝင် ညှိနှိုင်းပေးခြင်း သည်းခံပါ။

**မိခင် –ဒေါ်မြဝင်းကြည်**







# မိုင် ၂၆၀ တာဝေးစက်ဘီးစီး ပြိုင်ပွဲ ကျင်းပပြီးစီး



Sport-X isotonic drink က Co-sponsor အဖြစ် ပံ့ပိုးကူညီခဲ့သည့် မိုင် ၂၆၀ တာဝေးစက်ဘီးစီးပြိုင်ပွဲကို ၂၀၁၇ ခုနှစ် မတ်လ ၂၃ ရက်မှ မတ်လ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲသည် ပဲခူး–ကျိုက်ထို–ဘားအံ–ကျိုက်ထို–ပဲခူး ခရီးစဉ်ဖြစ်ပြီး ခရီးစဉ်အစ၊ အဆုံး စံချိန်ပေါင်း ပထမဆုကို XDS Bike Team က ကိုသန့်သီဟထွေးက လည်းကောင်း၊ ဒုတိယဆုကို Maxxis Bike Team က ကိုကောင်းစည်သူက လည်းကောင်း၊ တတိယဆုကို Bike World Bike Team က ကိုစောအယ်ရူက လည်းကောင်း အသီးသီးဆွတ်ခူးသွားကြသည်။ ဆုကြေးများအဖြစ် ပထမဆုကို ငွေကျပ် ၇ သိန်းနှင့် ရွှေဆွဲပြား၊ ဒုတိယဆုကို ငွေကျပ် ၅ သိန်းနှင့် ရွှေဆွဲပြား၊ တတိယဆုကို ငွေကျပ် ၄ သိန်းနှင့် ရွှေဆွဲပြားတို့ကို Joy Trading Company က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မိုင် ၂၆၀ တာဝေးစက်ဘီးစီးပြိုင်ပွဲတစ်လျှောက်တွင် Sport-X isotonic drink က ပြိုင်ပွဲဝင်စက်ဘီးစီးသမားများကို Asia ရေသန့်နှင့် Sport-X isotonic drink များ အခမဲ့တိုက်ကျွေးခဲ့ပြီး Decoration များလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။ ■



## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
**ဦးအောင်သန်း လ/ထ မန်နေဂျာ၊ RTC(ငြိမ်း) မကွေးမြို့**
**အသက်(၈၈)နှစ်**

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးသန်းငွေ-ဒေါ်အေးအေးချိုတို့၏ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ် လ/ထမန်နေဂျာRTC(ငြိမ်း)သည် မကွေးမြို့နေအိမ်၌ ၂၁-၄-၂၀၁၇ (သောကြာနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
**ဦးအောင်သန်း လ/ထ မန်နေဂျာ၊ RTC(ငြိမ်း) မကွေးမြို့**
**အသက်(၈၈)နှစ်**

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးသန်းငွေ-ဒေါ်အေးအေးချိုတို့၏ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ် လ/ထမန်နေဂျာ RTC(ငြိမ်း)သည် မကွေးမြို့နေအိမ်၌ ၂၁-၄-၂၀၁၇ (သောကြာနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်**
**ညွှန်ကြားရေးမှူး(ထိန်းသိမ်းရေး)နှင့်ဝန်ထမ်းများ**
**မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးဝင်းကြည် (သန်လျင်)**
**ကုန်သွယ်-လယ်ယာ(ငြိမ်း)**
**အသက်(၇၄)နှစ်**

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ သာစုလမ်း၊ အမှတ် ၂၃နေ (ဦးလှရွှေ-ဒေါ်အေးပု)တို့၏သား၊ (ဦးမောင်အုန်း-ဒေါ်စောမယ်)တို့၏ သားသမက်၊ ဒေါ်အေးသိန်း(ကုန်သွယ်-လယ်ယာ၊ ငြိမ်း)၏ခင်ပွန်း၊ ဆရာမ ဒေါ်အုန်းရီ(ထ-၁၊ သန်လျင်၊ ငြိမ်း)၏အစ်ကို၊ ကိုဇော်နိုင်ဝင်း-မဇင်မာသန်း၊ ကိုညီညီမင်း-မငွေငွေနိုင်တို့၏ဖခင်၊ မောင်ကောင်းခန့်ဇော်၏အဘိုးသည် ၂၃-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၇ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် သန်လျင် အဓိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အပူဒဏ်ကြောင့် ကျန်းမာရေး ပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများတွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

**အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

**ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

**အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-**

(၁) အရိပ်ရ၍ အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။
(၂) ရေနှင့် ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။
(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲ တိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန် အမြန်ကျစေပါသည်။)

**နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနများသို့ အမြန်ဆုံး ပို့ပေးပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
**ဦးအောင်သန်း လ/ထ မန်နေဂျာ၊ RTC(ငြိမ်း) မကွေးမြို့**
**အသက်(၈၈)နှစ်**

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးသန်းငွေ-ဒေါ်အေးအေးချိုတို့၏ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ် လ/ထမန်နေဂျာ RTC(ငြိမ်း)သည် မကွေးမြို့နေအိမ်၌ ၂၁-၄-၂၀၁၇ (သောကြာနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်လွင်(ဒု-ညွှန်မှူး) မြို့ပြနှင့်ဝန်ထမ်းများ**
**မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
**ဦးအောင်သန်း လ/ထ မန်နေဂျာ၊ RTC(ငြိမ်း) မကွေးမြို့**
**အသက်(၈၈)နှစ်**

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးသန်းငွေ-ဒေါ်အေးအေးချိုတို့၏ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ် လ/ထမန်နေဂျာ RTC(ငြိမ်း)သည် မကွေးမြို့နေအိမ်၌ ၂၁-၄-၂၀၁၇ (သောကြာနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဦး(လ/ထညွှန်မှူး) မြို့ပြနှင့်ဝန်ထမ်းများ**
**ပခုက္ကူခရိုင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**အလ်ဟာဂျ်ဗိုလ်မှူးလှအောင် (ငြိမ်း)**
**(က-ည-န ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏနေ သူငယ်ချင်းကိုနေအောင် (CD 16, CE 14, IMT)၏ဖခင် ဗိုလ်မှူးလှအောင် (က-ည-န ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)သည် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇း၀၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**IMT, CD 16, CE 14 မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ရီ(ရေနံချောင်း) အသက် (၇၈)နှစ်**
**အထက(၂)ရေနံချောင်း၊ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**အထက(အိမ်မဲ)၊ အထက(၃)လှိုင်**

ရေနံချောင်းမြို့နေ(ဦးမြခိုင်-ဒေါ်စော)တို့၏သမီး၊ (ဦးဘ-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ မင်္ဂလာဒုံမြို့နယ်၊ အိမ်မြေ(၅၀)၊ ၁လမ်း၊ အမှတ်(၁၃/၁၄)နေ (ဦးဇော်ယု) ဌာနခွဲမှူး (ငြိမ်း) (တပ်အထည်ချုပ်စက်ရုံ)၏ဇနီး၊ ဦးသက်ဇော်မင်း-ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မကေခိုင်နွယ်၊ မောင်မိုးကျော်သူ-မသန္တာအောင်၊ မခင်အိသွယ်တို့၏အဘွား၊ မအိကြယ်စင်ဇော်၏ဘွားဘွားကြီးသည် ၂၁-၄-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးညဏ်ဝင်း-ဒေါ်နုလေးဆွေနှင့် အထက(၂)ရေနံချောင်း တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုခိုင်စိုးလင်း (စစ်တွေ-ရန်ကုန်)**
**B.A (Eng), MPA (Aldersgate College Philippines)**
**အသက်(၃၀)**

ဦးကျော်ဇောမောင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ဝင်းဝင်းဇံတို့၏ ချစ်လှစွာသောသား ကိုခိုင်စိုးလင်း အသက်(၃၀)သည် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့) ည ၈း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဇောမောင် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကုန်သွယ်လယ်ယာ/ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန] - ဒေါ်ဝင်းဝင်းဇံ (ပန်းလိပ်ပြာ ဖက်ရှင် စစ်တွေ၊ ယုဇနပလာဇာ ရန်ကုန်)တို့၏ချစ်လှစွာသောသား၊ ကိုခိုင်စိုးလင်း(စစ်တွေ၊ ရန်ကုန်) အသက်(၃၀) [B.A (Eng), MPA (Aldersgate, Philippines)] Director, Red Hammer Co.,Ltd သည် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့) ည ၈း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**စီမံ-၁ (1st batch)-1981-82, MAPT**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
**ဒေါ်ရှုလွမ် (မော်လမြိုင်)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမကြီး၊ အမှတ် ၁၃၀၄နေ (ဦးထန်စံ-ဒေါ်ငွေညွှန့်)တို့၏သမီး၊ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဒေးကင်းရွာနေ (ဦးထွန်းမောင် - ဒေါ်အေးသွယ်)တို့၏ ချွေးမ၊ ဦးစံရွှေ(ရုံးအုပ်ကြီး၊ သစ်တောဦးစီးဌာန၊ ငြိမ်း)၏ဇနီး၊ လှိုင်သာယာမြို့နယ်နေ ဦးတင်ရွှေ-ဒေါ်အေးအေး၊ ဦးငွေအောင် - ဒေါ်ခင်ခင်ဝင်း(ခေတ္တ-စင်ကာပူ)၊ ဦးညဏ်မင်း-ဒေါ်ညီညီဝင်း၊ ဦးကျော်ကျော်ဦး-ဒေါ်သီသီဝင်း၊ ဦးကျော်ရွှေ(ခ)ဖိုးကျော်၊ ဒေါ်မေနန်းဦး၊ ဦးစိုးမိုးကျော်-ဒေါ်ဝါဝါဝင်းတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၃-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်ရီရီဝင်း**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊(၂၉)ရပ်ကွက်၊ မြမဥ္ဇူ ၂လမ်း၊ အမှတ် ၅၇၃နေ (ဦးလှိုင်ကို-ဒေါ်စိုးတင့်)တို့၏သမီး၊ ဦးမြင့်ဝေ(ဒုတိယခရိုင်တရားသူကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး)-ဒေါ်လှလှသန်း၊ ဦးတင့်ဝေ-ဒေါ်မြင့်မြင့်ရီ၊ (ဦးစိန်ငွေ)-ဒေါ်ချိုချိုဝင်း (သံလွင်တံတား၊ ချောင်းဆုံ၊ တံတားစီမံကိန်း)၊ ဦးမင်းဝေ (FBT, Co.,Ltd)-ဒေါ်တင်တင်ရီ၊ ဦးအောင်သောင်း(မအူပင်တံတားစီမံကိန်း)-ဒေါ်စန်းစန်းဝင်း၊ ဦးအောင်စိုးမိုး(လမ်းအထူးအဖွဲ့-၂၃၊ ထားဝယ်မြို့)-ဒေါ်အေးအေးနွယ်၊ ဦးအောင်ဇော်မိုး (ယန္တရားဌာန၊ သံတွဲခရိုင် ဆောက်လုပ်ရေး)-ဒေါ်သင်းသင်းလှိုင် (သရုပ်ပြ၊ အစိုးရနည်းပညာကောလိပ်၊သံတွဲမြို့)တို့၏အစ်မ၊ ဦးသန်းထွန်း၏ဇနီး၊ ကိုအောင်ရဲသူ-မသန္တာဝင်းထွန်း၊ ကိုဆန်းမင်းဦး-မစုမွန်ဝင်းထွန်းတို့၏မိခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ကြီးတော်၊ မမေသဇင်ထွန်း၏အဘွားသည် ၂၂-၄-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးတင်မြင့် (အိမ်မဲ)**
**အသက်(၈၇)နှစ်**

အိမ်မဲမြို့နေ (ဦးကံပေါ်-ဒေါ်လှရင်)တို့၏သား၊ ဦးဝင်းမင်းထွန်း-ဒေါ်သန္တာတို့၏သားသမက်၊ ဒေါ်စောရီ၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ရီရီစန်း၊ ဦးအေးနိုင်-(ဒေါ်ရီရီမြင့်)၊ ဦးမြင့်နိုင်-ဒေါ်မာလာ၊ဦးကျော်စိုး-ဒေါ်သီင်္ဂီရွှေ၊ ဦးဇော်မိုး-ဒေါ်ဆွေဆွေထိုက်၊ ဦးအောင်နိုင်မြင့်-ဒေါ်ဖြူဖြူလွင်ထွန်း၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂၃-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၄-၂၀၁၇ရက်(စနေနေ့) နံနက်တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း ၁လမ်း၊ အမှတ် ၁၁-A နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်မမယဉ်**
**ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၁၃၄နေ (ဦးထွန်းရင် - ဒေါ်ခင်စု)တို့၏သမီး၊ (ဦးရွှေဝင်း-ဒေါ်သန့်)တို့၏သမီးချွေးမ၊ အငြိမ်းစားရဲမှူးကြီး ဦးသာဦး၏ချစ်လှစွာသောဇနီး(ဦးစိုးမြင့်-ဒေါ်ကြည်ကြည်ဝင်း)တို့၏ညီမ၊ ဦးထွန်းထွန်းဦး-ဒေါ်မာလာထွန်း၊ ဦးမောင်မောင်ဦး-ဒေါ်ကြည်ကြည်ဝင်း (M.D ဘိုဟန်သဘော်ကုမ္ပဏီလီမိတက်)၊ဦးဇော်ဇော်ဦး(ခေတ္တ-ကိုရီးယား)-ဒေါ်ချိုချိုစန်း၊ ဦးသိန်းရွှေ-ဒေါ်ခင်သီတာဦး (လပြည့်ဝန်း ပလာဇာနှင့် လောကတီ ဟိုတယ်ပိုင်ရှင်)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွားသည် ၂၃-၄-၂၀၁၇ရက် နံနက် ၆း၁၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးခင်မောင်မြင့်**
**အမှတ် ၁၅၇(B)ရုံ၊ သိမ်ကြီးဈေး**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မ/န ပြည်ထောင်စုလမ်း၊ အမှတ် ၇နေ (ဦးလှမောင်-ဒေါ်သန်းစိန်)တို့၏ သား၊ ဦးခင်မောင်အေး - ဒေါ်သန်းသန်းစိုး၊ ဦးဝင်းသန်း-ဒေါ်ခင်မာကြူ၊ ဒေါက်တာခင်မောင်ဆွေ-ဒေါ်စန်းစန်းအေး၊ ဦးထွန်းမြင့်လင်း-ဒေါ်ရီရီမာတို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ ဘကြီးသည် ၂၃-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဒေါ်မြင့်မြင့်သန်း**
**အထက မင်းလှ(ငြိမ်း)**
**အသက်(၆၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ စာဖတ်ရုံလမ်း၊ အမှတ် ၁၆နေ (ဦးတင်အုံး-ဒေါ်မြသီ)တို့၏သမီး၊ ဦးငွေအောင်(ရေကြောင်းတက္ကသိုလ်၊ ငြိမ်း)-ဒေါ်စမ်းစမ်းမြင့်(အထက-၁၊ တာမွေ-ငြိမ်း)တို့၏ညီမ၊ ဒေါ်ခင်မော်မော်(အလက၊ မင်းလှ၊ ငြိမ်း)၊ (ဦးရွှေတင်)-ဒေါ်ခင်မေကြည်တို့၏အစ်မ၊ ကိုထိန်လင်းအောင်-မဇင်မာဝင်း၊ ကိုအောင်ငြိမ်းဟန် - မဆွေဆွေအောင် (Asia Wings Airways)တို့၏အဒေါ်၊ မခင်ကေခိုင်၏အဘွားသည် ၂၃-၄-၂၀၁၇ ရက် နံနက် ၅း၅၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဇုန် ၃လမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ အမှတ် ၄၊ အခန်း ၂၀၄ ၌ကွယ်လွန်သွားပါသဖြင့်၂၄-၄-၂၀၁၇ ရက် မွန်းလွဲ ၂နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်ပြီးညနေ ၃နာရီတွင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(သစ္စာဥယျာဉ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလှနီ အသက်(၇၈)နှစ်**
**ရဲမှူးကြီး(ငြိမ်း)၊ OTS-29**

ဦးလှနီ ရဲမှူးကြီး(ငြိမ်း)သည် ၂၁-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS-29 မှ သူငယ်ချင်းများ**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးမြင့်သိန်း(၆)**
**ဦးစီးအရာရှိ(ငြိမ်း)**
**အကောက်ခွန်ဦးစီးဌာန**
**နတ်တလင်းမြို့**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ် ၂၆နေ (ဦးဘအုန်း-ဒေါ်ခင်မေ)တို့၏သား၊ (ဦးညွက်သေး-ဒေါ်စောတင်)တို့၏သားသမက်၊ (ဒေါ်ကျင်ရွှေ)၏ခင်ပွန်း၊ (ဦးထွန်းဝေ)-ဒေါ်လှလှညွှန့်၊ (ဦးသိန်းမြင့်)-ဒေါ်မြင့်မြင့်တို့၏မောင်၊ ဒေါ်ခင်နန်းသူ၏ဦးလေး၊ ဦးစန်းလွင်-(ဒေါ်ခင်အေးတင့်)တို့၏အစ်ကို၊ဦးမျိုးမြင့်အောင်(အစာ/ဆေးဝါး)-ဒေါ်မိုးစံ(ကလရ)၊ဦးသိန်းလှိုင်(စွမ်း မိတ္တူစာစီစာရိုက်)-မခိုင်ခိုင်မြင့်(Chan Myanmar)၊ ဦးချစ်ကိုကိုအောင်(YUFC)-ဒေါ်ဖြူသွယ်ထွန်း(ဆေး-၁)တို့၏ဖခင်၊ မောင်စွမ်းဆစ်နိုင်၏အဘိုးသည် ၂၂-၄-၂၀၁၇ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးကျော်သူဆန်း(ခ)ကိုငယ်**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့နေ [ဗိုလ်မှူးတင့်ဆန်း(ငြိမ်း)-ဒေါ်တင်တင်ရီ]-ဒေါ်တင်တင်ညွှန့်တို့၏သား၊ တောင်ကြီးမြို့နေ (စံကားစော်ဘွားကြီး ဦးစပ်ခွန်ကြည်-ဒေါ်နန်းမြယဉ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ အမှတ် 24-H5နေ ဒေါ်စပ်မြကြည်၏ချစ်လှစွာသောခင်ပွန်း၊ မနန်းဆိုင်ဟတ်ခေး(အလုပ်သင်ဆရာဝန်၊ မြောက်ဥက္ကလာပဆေးရုံ)၏ချစ်လှစွာသောဖခင်၊ (ဦးသက်တင်ဆန်း)-ဒေါ်ရီရီစိန်၊ ဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)-ဒေါ်ချိုချိုဆန်း၊ ဦးဇော်လွင်-ဒေါ်လဲ့လဲ့ဆန်း၊ ဦးအောင်သူဆန်း-(ဒေါ်ငွေငွေရီ)၊ ဦးဇော်သူဆန်း-ဒေါ်ရီရီမိုးတို့၏ညီ/မောင်၊ ဦးမျိုးသူဆန်း-ဒေါ်ခင်ခင်ငြိမ်း၊ (ဦးသန်းထွဋ်ဦး)-ဒေါ်ဝင်းလင်းဆန်း၊ (ဦးကြည်သူဆန်း)-ဒေါ်ယဉ်ယဉ်ရွှေတို့၏အစ်ကို၊ တူ၊ တူမ ၂၀တို့၏ဦးလေး၊ မြေး ၂၆ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၃-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးကျော်သူဆန်း(ခ)ကိုငယ်**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့နေ [ဗိုလ်မှူးတင့်ဆန်း(ငြိမ်း)-ဒေါ်တင်တင်ရီ]-ဒေါ်တင်တင်ညွှန့်တို့၏သား၊ တောင်ကြီးမြို့နေ (စံကားစော်ဘွားကြီး ဦးစပ်ခွန်ကြည်-ဒေါ်နန်းမြယဉ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ အမှတ် 24-H5နေ ဒေါ်စပ်မြကြည်၏ချစ်လှစွာသောခင်ပွန်း၊ မနန်းဆိုင်ဟတ်ခေး(အလုပ်သင်ဆရာဝန်၊ မြောက်ဥက္ကလာပဆေးရုံ)၏ချစ်လှစွာသောဖခင်၊ ဒေါ်စပ်ရွှေကြည်၊ ဦးစိုင်းကိုကို-ဒေါ်စပ်မျိုးကြည်၊ ဦးစပ်ဆိုင်ဝမ်း-ဒေါ်စပ်သန်းကြည်၊ ဦးစပ်မျိုးမြင့်-ဒေါ်ခင်စောနွဲ့၊ ဦးစောဝင်းသန်း-ဒေါ်စပ်ညွှန့်ကြည်၊ ဦးစပ်မျိုးတင့်-ဒေါ်သန်းသန်းရွှေ၊ ဦးစပ်သူရ၊ ဦးစပ်မြင့်ထွေး-ဒေါ်အုန်းကြည်၊ ဦးစပ်မြင့်အေး၊ ဦးစပ်မြင့်ငွေ-ဒေါ်ပြုံးပြုံးသိန်းတို့၏ညီ/မောင်သည် ၂၃-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**အရာခံဗိုလ်စိုးဦး**
**(ဆအတ-၂၊ တောင်ငူ) (ကပ-၈၆၂၅၅၀)**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၆၅၁နေ (ဦးတင်မြင့်)-ဒေါ်တင်ညွှန့်တို့၏သား၊ (ဦးလှမြင့်-ဒေါ်အေး)တို့၏သားသမက်၊ ဒေါ်စမ်းစမ်းအေး၏ခင်ပွန်း၊ မပိုပိုအိန္ဒြာချစ်၊ မောင်ဝေယံမိုးအောင်တို့၏ဖခင်၊ ဆရာဦးစိုးဦးသည် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၂း၀၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးဝင်းမောင်)-ဒေါ်မြင့်သန္တာထွန်း၊**
**သား နေဝင်းထွန်း(သိန်းသန်း အထွေထွေကွန်ကရစ်လုပ်ငန်းမိသားစု)**
**အင်းစိန်၊ ရန်ကုန်မြို့**

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးခင်မောင်မြင့်**
**(ကျောက်တံခါးမြို့နယ်အသင်း နာယက)**
**အမှတ် ၁၅၇(B)ရုံ၊ သိမ်ကြီးဈေး**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မ/န ပြည်ထောင်စုလမ်း၊ အမှတ် ၇နေ (ဦးလှမောင်-ဒေါ်သန်းစိန်)တို့၏ သား၊ ဦးထွန်းမြင့်လင်း - ဒေါ်ရီရီမာတို့၏ အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ ဘကြီးသည် ၂၃-၄-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

**ဦးဇေယျမောင်မောင်(ခ) ကိုလတ် (အလုံ)**
**အထက(၄)အလုံ**
**ကျောင်းသားဟောင်း**
**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဦးလူကလေးလမ်း၊ အမှတ် ၅နေ (ဦးသန်းထွဋ်)-ဒေါ်လှလှအေးတို့၏သား၊ ဦးသူရမောင်မောင်(ခ)ကိုသားကြီး - ဒေါ်သူဇာဝင်းတို့၏ညီ/မောင်၊ ဦးဝဏ္ဏမောင်မောင်(ခ)အငယ်လေး - ဒေါ်သိမ့်နွယ်စိုးတို့၏ အစ်ကို၊ ဒေါ်ဇင်မင်းထိုက်၏ခင်ပွန်း၊ သိမ့်ဝတီမောင်(ခ)ယုကီ၏ဖခင်သည် ၂၃-၄-၂၀၁၇ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## တိုက်ကြီးမြို့နယ် အလယ်ဘုတ်ကျေးရွာ လှိုင်မြစ်ကမ်း မြေထိန်းနံရံ မြေကျုံကျ

စာမျက်နှာ ❖ ၉




## ပွင့်ဖြူမြို့နယ်၌ မာရသာ မုန်တိုင်းကြောင့် ကိုင်းမြေများ အဆင်ပြေ၊ လယ်မြေအချို့ရှိ နှမ်းခင်းများပျက်စီး

စာမျက်နှာ ❖ ၁၆



## မြန်မာ့စိန်တလုံး သရက်သီးနှင့် သရက်တန်ဖိုးမြှင့်ထုတ်ကုန်များ ကိုရီးယားနိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ရန် စီစဉ်

စာမျက်နှာ ❖ ၁၉



## နှစ်ကုန်အထိ အနားယူရတော့မယ့် အီဘရာဟီမိုဗစ်ချ်

စာမျက်နှာ ❖ ၂၀

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲပွဲ ကျင်းပမည်

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် မေ ၂၃**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲပွဲအခမ်းအနား ကို မေ ၂၄ ရက် (**ယနေ့**) မွန်းလွဲ ၂ နာရီတွင် MFF ရုံး၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်းပေါင်း ၂၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး AFC Cup ပြိုင်ပွဲဝင်ခွင့်အတွက် အရေးပါသည့် ပြိုင်ပွဲလည်း ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် MNL ကလပ် ၁၂ သင်း၊ MNL-2 (ပထမတန်း) ကလပ် ၁၀ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမအဆင့်ပွဲစဉ်များကို မေ ၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ပထမအဆင့်တွင် ပထမတန်း ကလပ်အသင်းများသာ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီး MNL ကလပ်အသင်းများမှာ ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ယှဉ်ပြိုင်မည့်အသင်းများမှာ MNL ကလပ်အသင်းများဖြစ်သော လက်ရှိချန်ပီယံ မကွေး၊ ရန်ကုန်၊ ရတနာပုံ၊ ဇွဲကပင်၊ ရှမ်းယူနိုက်တက်၊ ရွှေဝတီ၊ ရခိုင်၊ GFA၊ နေပြည်တော်၊ ဟံသာဝတီ၊ ချင်းယူနိုက်တက်၊ Southern ၊ ပထမတန်းကလပ်အသင်းများဖြစ်သော စီးတီးရန်ကုန်၊ မြဝတီ၊ မဟာယူနိုက်တက်၊ ဖီးနစ်၊ ဖုန်ဂန်၊ တက္ကသိုလ်၊ မောရဝတီ၊ စီးတီးစတား၊ ဒဂုံနှင့် ငွေကြယ်ပွင့်လေးများအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ သန်လျင်ယူနိုက်တက်အသင်းသည် လစာကြွေးကျန်ပြဿနာများကြောင့် လိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။လူငယ်ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရန် ပထမတန်းပြိုင်ပွဲ၌ ယှဉ်ပြိုင်နေသည့် ဖီးနစ်အသင်းမှာလည်း ရှုံးထွက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၃* ■



၂၀၁၆ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မကွေးနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်နေစဉ်

# ကုန်သည်များ အဝယ်လိုက်မှုကြောင့် နာနတ်သီးများ ဈေးကောင်းရ



**ခွန်(ဝင်းပ)**

**သုဝဏ္ဏဝတီ မေ ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးပတ်ဝန်းကျင် ကျေးရွာများသို့ ဒေသတွင်း ထွက်ကုန် ရာသီပေါ်သီးနှံဖြစ်သော နာနတ်သီးများ စတင်ထွက်ရှိရာဒေသများသို့ ကုန်သည်များ လာရောက်လိုက်လံဝယ်ယူမှုများကြောင့် နာနတ်ခြံစိုက်ပျိုးရောင်းဝယ်သူများ ဈေးကောင်းရရှိပြီး အဆင်ပြေကြောင်း သိရသည်။

ယခင်နှစ်များက နာနတ်သီးများကို ရန်ကုန်မြို့ရှိ သစ်သီးအဝယ်ဒိုင်များအား အဆက်အသွယ်ပြုလုပ်၍ ၎င်းတို့မှ လိုအပ်သော အသီးအနှံများကို မှာယူမှသာ ကားငှား၍ တင်ပို့ရောင်းချရခြင်း၊ ရောင်းချလိုက်သော သီးနှံဈေးနှုန်းများကို အဝယ်ဒိုင်များက အထွေထွေကုန်ကျစရိတ်များ နုတ်ယူ၍ ရောင်းချရသော

*စာမျက်နှာ ၇ ကော်လံ ၃* ❐

မြန်မာတစ်ပြည်လုံး TOP TEN (အဋ္ဌမဆင့်) ဆဒဂ ၁၂၄၂ မောင်ခန့်စင်ထက် (၂၀၁၅)
မြန်မာတစ်ပြည်လုံး TOP TEN (တတိယဆင့်) ဆဒဂ ၁၀၄၅ မစောကေခိုင်ဦး (၂၀၁၆)
ALL D ဆဒဂ ၁၀၄၅ မစောကေခိုင်ဦး
(ရမှတ်ပေါင်း ၅၆၀၊ သင်္ချာ ရမှတ် ၁၀၀)
ဆဒဂ ၈၈၉ မောင်ဆက်ကောင်းခန့် ALL D
ALL D ဆဒဂ ၁၀၂၁ မောင်သီဟအောင်
ALL D ဆဒဂ ၁၀၄၈ မခိုင်မေဦး
ဆဒဂ ၃၇၈ မထက်အိန္ဒြာမိုး ALL D
'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
သဉ္ဇာသန်းနိုင် တည်ထောင်သည့် ... ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(မေ ၂၇)၊ ၈၊၇၊၆၊၅ တန်း (မေ ၄) စမည်။ ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံပါပြီ [ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]
အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[မေ ၂၇ ကျောင်းသူ၊ မေ ၂၉ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း [ ဥာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(မေ ၂၇)၊ ၈ တန်း(မေ ၂၉) စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726